www.burmeseclassic.com



www.burmeseclassic.com



# အသင်

## ရင်သို့ကြွေလင်း
## လ,တစ်စင်း

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ၁

"ဟော့ကောင် ... လရိပ်။ ထစမ်း ... ဟော့ကောင်။ ထ,လို့ ပြောနေတယ်နော်"

လရိပ်တစ်ယောက် ခေါင်းအောက်မှ ခေါင်းအုံးကို ယူပြီး နားတစ်ဖက်ပေါ် ဖိတင်ကာ လေးလေးရဲ့အသံမာလေဆိုး ဝင်မလာအောင် ကြိုးစားနေသည်။

"အမယ် ... အံမယ် ... ဒီလိုလုပ်လို့ ရရိုးလားကွ ... ထ, စမ်းပါ။ ဘယ်နှနာရီ ရှိနေပြီလဲ။ ဒီနေ့ မင်း ဈေးသွားရမယ့် အလှည့်လေ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြည်သာက နားပိတ်ပြီး ပြန်အိပ်ဖို့ကြိုးစားနေသော တူမကို စိတ်မရှည်စွာ ခေါင်းအုံးဆွဲယူပြီး ခေါင်းကိုသာ ခပ်ဆတ်ဆတ်လေး ရိုက်တော့သည်။

"ဟာ ... လေးလေးကျော်ကလည်းဗျာ။ ဘယ်အချိန်ရှိသေးလို့လဲ"

"ဟော့ကောင်တွေ ... ဘာဖြစ်လို့ ဆူညံနေကြတာလဲ"

အခန်းထဲသို့ ဝင်လာသူက ဇော်ကြည်သာ။ အိပ်ရာပေါ်မှာ ဆံပင်ဖွာလန်ကျဲဖြင့် ထိုင်နေသော တူမရဲ့ စူပုပ်ပုပ်မျက်နှာလေးကိုတွေ့တော့ မေးစရာမလိုတော့ဘဲ အဖြေကိုသိပြီးသား။

"ဒီကောင် ... လရိပ် အချောင်ခိုနေတာလေ၊ သူစျေးသွားရမယ့်နေ့တိုင်း ဒီလိုချည်းပဲ"

ကျော်ကြည်သာက အစ်ကိုဖြစ်သူ သူ့ကိုလှည့်ကာ တိုင်တန်းတော့ ...

"ဟော့ကောင် ... လရိပ်၊ မင်းကို ငါ သိပ်ကြည့်မရချင်တော့ဘူးနော်။ မင်း အခု ကျောင်းလည်းပြီးပြီ။ မင်း





ကျောင်းတက်နေတဲ့ တစ်လျှောက်လုံး ငါတို့ညီအစ်ကိုတွေ တစ်ယောက်တစ်လှည့်စီ မင်း ထမင်းချိုင့်အမီ ထည့်ပေးခဲ့ရတဲ့ဒုက္ခတွေ၊ မင်း အခုလောက်ဆို ကိုယ်ချင်းစာနိုင်လောက်ပါပြီ။ ဒီမနက် ငါ ကျူရှင်မသွားမီ ထမင်းကြော် အဆင်သင့် ဖြစ်ရပါစေမယ်လို့ မင်းပဲပြောခဲ့တာလေ"

လရိပ်ပြာ ခေါင်းကို တဖြင်းဖြင်း ကုတ်နေသည်။ ဒီတူမလေးတစ်ယောက်တည်း ရှိတာကို အားအားရှိ ခိုင်းဖို့လောက်ပဲ ချောင်းနေကြသည်။ လရိပ်ပြာ စူပုပ်ပုပ်မျက်နှာလေးကို တစ်ချက်လေးပင် မပြင်ဘဲ အိပ်ရာပေါ်က ဆောင့်အောင့်ဆင်းလာကာ အိမ်အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။

သူမ လူမှန်းသိတတ်စ,ကတည်းက လေးလေးကျော်နှင့်လေးလေးဇော်က သူမ၏အဖော်တွေပေါ့။ သူမကိုမွေးပြီး မေမေ မော်ကြည်သာဆုံးပါးသွားခဲ့ပြီး ဖေဖေ ဦးရဲတိုက်ကလည်း နိုင်ငံခြားတွင် အလုပ်သွားလုပ်မည်ဟုဆိုကာ သူမကို ဘိုးဘိုး ဘွားဘွားတို့ထံ အပ်နှံထားခဲ့ပြီး ဘာသတင်းအစအနမှ မရတော့ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးနှင့်ဘွားဘွား ရှေ့ဆင့်နောက်ဆင့် ဆုံးပါး သွားသည့်နောက်ပိုင်း ဤအိမ်တွင် သူမတို့ တူဝရီးသုံးယောက်သာ ကျန်ရစ်ခဲ့လေသည်။

ကျူရှင်ဆရာ လေးလေးဇော်နှင့် စာရေးဆရာ လေးလေးကျော်တို့သည် အိမ်ထောင်ပြုဖို့ ယောင်လို့ပင်မစဉ်းစားခဲ့ဘဲ တူမချောနားတွင် စောင့်ရှောက်နေကြသည်မှာ အခုဆို လေးလေးဇော်က လေးဆယ့်ငါးနှစ်နှင့် လေးလေးကျော်က လေးဆယ်နားပင် ရောက်ခဲ့လေပြီ။

"ဟော့ကောင် ... လရိပ်၊ မပြီးသေးဘူးလား။ တယ် ... ငါလေ မပြောလိုက်ချင်ဘူး၊ မင်းကိုစောင့်ပြီး ထမင်းစားရမယ်ဆို ဒီနေ့ ထမင်းတောင် စားရပါ့မလား"

နောက်နားဆီမှ လေးလေးကျော်ရဲ့အသံ ထပ်ပေါ်လာတာမို့ လရိပ်ပြာသည် နောက်ဆုံးအနေဖြင့် ပလုတ်ကျင်းထွေးထုတ်ကာ ဘောက်ဆတ် ဘောက်ဆတ်နှင့် နောက်ဖေးတံခါးမှ အိမ်ထဲပြန်ဝင်လာခဲ့သည်။





လရိပ်ပြာက ယောကျ်ားလျာစိတ် ပေါက်နေသူ တစ်ဦး မဟုတ်သော်လည်း ဦးလေးတွေနှင့် အနေကြာ၍ ပြောတာဆိုတာ၊ နေတာထိုင်တာ၊ ဝတ်တာစားတာကအစ မိန်းမတစ်ယောက်လို နွဲ့နှောင်းမှု မရှိပါချေ။

အစဉ်အမြဲ(ကျောင်းသွားသည့် အချိန်မှလွဲ၍) ရှပ်အင်္ကျီလက်တို၊ စပို့ရှပ်နှင့် ဘောင်းဘီအတို၊ အရှည်ကိုသာ ဝတ်ဆင်တတ်ပြီး ယောကျ်ားတို့ တတ်အပ်သော ဂစ်တာတီးခြင်း၊ ကျားထိုးခြင်း၊ ဘောလုံးကန်ခြင်း၊ စက်ဘီးစီးခြင်း၊ စွန်လွှတ်ခြင်း စသော အရည်အချင်းမျိုးစုံကို ပိုင်ဆိုင်ထားသူဖြစ်သည်။

ဂျပန်ဘီးလေးဖြင့် ဝယ်ထားသော ဟင်းချက်စရာ အစုံအလင်ကို ရှေ့ခြင်းထဲသို့ထည့်ကာ အိမ်ဘက်သို့ လရိပ် အပြင်းနင်းလာသည်။

လေးလေးကျော်နှင့် လေးလေးဇော်တို့က သူမ ကျောင်းတက်နေစဉ်ကတော့ စနေ၊ တနင်္ဂနွေဆို ဈေးဝယ်၊ ဟင်းချက်တာဝန်ကို ယူခိုင်းခဲ့ပြီး၊ ကျောင်းပြီးသွားတော့ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မနာရလေအောင် တစ်ယောက်တစ်လှည့်စီ ဈေးဝယ်ဟင်းချက်ဖို့ သုံးယောက်သား သဘောတူညီခဲ့ပါသည်။

ပခုံးသာသာ မဖြောင့်ထားဘဲ စင်းနေသော ဆံပင်တို့ကို ယိုးဒယားသားရေပင် အထူလေးဖြင့် စုစည်းထားတတ်ပြီး မျက်နှာပေါ်တွင် ဘာလိမ်းခြယ်မှုမှ မပါသော အဆီပြောင်ပြောင်နှင့် သူမမျက်နှာလေးသည် ဂျစ်တစ်တစ် မိုက်ကန်းကန်းပုံလေးပေါက်နေကာ ရွယ်တူကောင်လေးတွေကိုကြည့်တဲ့ သူမအကြည့်တွေထဲမှာ ဘာအရောင်မှ ပါမနေတာကြောင့် လမ်းထဲရှိယောကျ်ားလေးတွေရော၊ ကျောင်းက သူငယ်ချင်း ကောင်လေးတွေကပါ သူမကို မိန်းကလေးတစ်ယောက်လို့ မမြင်တော့ဘဲ ရိုးသားပွင့်လင်း ဖြူစင်သော သူမကို ယောကျ်ားလေး သူငယ်ချင်းတစ်ယောက်လို ခင်မင်ရင်းနှီးကြလေသည်။

သူမ၏ ထူတန်းသော မျက်ခုံးရှည်ရှည် နက်နက်လေးတွေနှင့် ချွန်မြသော နှာခေါင်းလေး၊ မျက်လုံးရှည်ရှည်လေးတွေနှင့် နှုတ်ခမ်းပါးပါးလေးတွေက သူမ ဘာမှမပြင်ဆင်ထား





သော်လည်း ချောမောသူတစ်ယောက်ဖြစ်ကြောင်း သက်သေခံနေကြ၏။

"ဟော့ကောင် ... ဘာဝယ်လာခဲ့လဲ"

အိတ်ထဲမှ ထုတ်လာသော ဘဲဥခြောက်လုံးနှင့် ကန်စွန်းရွက်နှစ်စည်းကိုတွေ့တော့ နှာခေါင်းကိုရှုံ့ကာ ...

"ထင်တယ် ... ထယ်တယ်၊ ဘဲဥနဲ့ ကန်စွန်းရွက်မှဟုတ်ရဲ့လားလို့ စိုးရိမ်နေတာ"

"လေးလေးကျော်နော် ... တစ်ယောက်ချက်တဲ့ ဟင်းကို တစ်ယောက် မဝေဖန်ကြေးလို့ပြောထားတယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်း နည်းနည်းတော့ မလွန်နေဘူးလား၊ နှစ်ရက်ခြားတစ်ခါ ဘဲဥနဲ့ ကန်စွန်းရွက်စားရလွန်းလို့ ဒီမှာ ငါ့ကိုကြည့်စမ်း၊ ဘဲဥပုံပေါက်နေတာ မင်း တွေ့လား"

"ကောင်းတာပေါ့ လေးလေးကျော်ရဲ့၊ သူများတွေဆို ဒီလိုဖြစ်ဖို့ spa တွေ ဘာတွေတောင် လုပ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးကျော်က လရိပ်ပြာကို မျက်စောင်းထိုးလိုက်သည်။ မြန်မြန်ကျက်မည့် ဘဲဥဟင်းနှင့် ကန်စွန်းရွက်ကို သူမက ပင်တိုင်ယူထားတာမို့ သူနဲ့ ဇော်တို့က ဘဲဥနှင့် ကန်စွန်းရွက်ကို ဟင်းချက်မည့်စာရင်းထဲက ထုတ်ထားရသည်မှာ ကြာပြီမဟုတ်လား။

"ငါ ပေါင်းအိုးနဲ့ ထမင်းတည်ထားတယ်၊ မင်းကိုစောင့်နေလို့ကတော့ တစ်နာရီထိုးတောင် ထမင်းစားရမှာ မဟုတ်ဘူး။ ဇော် ပြန်လာလို့ ထမင်းဟင်းချက်တာ မပြီးသေးရင် မင်းပဲ အဆူခံရမှာနော် လရိပ်၊ ငါက သနားလို့ ထမင်းချက်ပေးထားတာ"

"ဟုတ်ကဲ့ပါ ... ကျေးဇူးတင်ပါတယ် လေးလေးကျော်ရဲ့၊ ဒါနဲ့ လရိပ်ကို ကန်စွန်းရွက်လေး ခြွေပေးပါလား"

"ဘာ ... အောင်မယ်၊ မလုပ်ပေးနိုင်ပါဘူး၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ငါ စာရေးဖို့ ရှိသေးတယ်၊ ဒီ ၁၅ ရက်နေ့ စာမူပေးရမှာ၊ သွားမှ ... သွားမှ"





မီးဖိုခန်းထဲက ကျော်ကြည်သာ သွက်သွက်လေး ထွက်သွားတော့ လရိပ်ပြာက ဦးလေး နောက်ကျောကိုကြည့်ကာ မဲ့မဲ့ရွဲ့ရွဲ့ ပွစိပွစိပြောကာ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

အိမ်ရှေ့မှာ ကောင်လေးတစ်စု ခြံထဲသို့ လှမ်းကြည့်နေတာမို့ ဇော်ကြည်သာ မျက်မှောင်ကြုတ်လိုက်သည်။ မဟုတ်မှလွဲရော အိမ်က လရိပ်ကို လာရှာတာဖြစ်မည်။

တကယ်ဆို တူမချောကို ယောကျ်ားလေးတွေနှင့် အပေါင်းအသင်းလုပ်တာ သူ နည်းနည်းမှ သဘောမကျပါပေ။ သို့သော် အဖြူခံစိတ်ထားရှိသော တူမကို ချုပ်ချယ်ခြင်းဖြင့် အရောင်မဆိုးလို၍ မသိလိုက် မသိဘာသာ နေနေရခြင်းဖြစ်သည်။

"လရိပ် ... ဟောကောင် လရိပ်၊ ခြံရှေ့ကကောင်တွေက ဘယ်ကကောင်တွေလဲ"





TV game ဆော့နေတဲ့ လရိပ်ပြာနားထဲ သူ့မေးခွန်း ရောက်ဟန်မပေါ်။ ဆော့မြဲဆော့နေတာပဲကြည့်။

"ဟောကောင် ... လရိပ်၊ ငါ မေးနေတယ်လေ"

လေးလေးဇော်ရဲ့ အသံပြဲကြောင့် လရိပ်က စိတ်ရှုပ်ဟန်ဖြင့် ...

"ဘယ်သိမလဲဗျာ ... လေးလေးဇော်ကလည်း"

"လရိပ် ... လရိပ်"

ကောင်လေးတစ်ယောက်၏ အသံသေးအသံကြောင် ခေါ်သံကြောင့် လရိပ်ပြာ အပြေးလေးထ,သွားပြီး ခြံဝထိလျှောက်သွားသည်။ သူမ ပထမနှစ် စ,တက်ကတည်းက ခင်သော သူငယ်ချင်းအုပ်စု ဖြစ်နေသည်မို့ ပြောမပြတတ်အောင် ဝမ်းသာသွားသည်။

"ဟောကောင်တွေ ... အကြောင်းမကြား ဘာမကြားနဲ့၊ လာမယ်ဆိုလည်း ကြိုပြောကြရောပေါ့ကွာ"

"ငါတို့ အိမ်ထဲမဝင်တော့ဘူးကွာ၊ မင်းကို တိုင်ပင်စရာရှိလို့၊ မင်း ငါတို့နဲ့ လက်ဖက်ရည်ဆိုင် လိုက်ခဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏက အိမ်ထဲမဝင်လိုဟန်ပြောလိုက်တာမို့ နိုင်သူနဲ့ ဟိန်းထက်တို့ကပါ ထောက်ခံဟန်ဖြင့် ခေါင်းညိတ်နေကြသည်။ လရိပ်ပြာ စိတ်အိုက်သွားသည်။

လေးလေးကျော် ဆိုရင်တော့ သူမ ကောင်းကောင်းနိုင်သည်။ လေးလေးဇော်ကျတော့ ရှိန်မိတာအမှန်။ ပြီးခဲ့တဲ့ တစ်ပတ်ကလည်း Christmas အတွက် သီချင်းလိုက်ဆိုကြသည့် သူငယ်ချင်း ခရိယာန်အုပ်စုနောက်ပါသွားပြီး ည(၁၁)နာရီလောက်မှ အိမ်ပြန်ရောက်ခဲ့တာမို့ ဆူပူကြိမ်းမောင်းခံထားရတာ အခုထက်ထိတောင် မပြီးနိုင်သေးဘူး မဟုတ်လား။

ဝဏ္ဏ၊ နိုင်သူနှင့် ဟိန်းထက် ဆိုတာကလည်း သူမရဲ့ အခင်ရဆုံး သူငယ်ချင်းတွေ ဆိုတော့ ငြင်းလို့ကလည်းမကောင်း။

"လေးလေးဇော် ... လရိပ် သူတို့နဲ့ အပြင်ခဏလိုက်သွားချင်လို့၊ ခဏလေးပါ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကိုပဲ သွားမှာပါ၊ မကြာစေရပါဘူး"





"ဟုတ်ပါတယ် လေးလေးရယ်၊ ကျွန်တော်တို့ လရိပ်နဲ့ မတွေ့ရတာကြာလို့ စကားပြောချင်လို့ပါ"

"စကားပြောချင်လည်း ဘာဖြစ်လဲကွာ၊ ဒီမှာပြောလည်း ရတာပဲ၊ လက်ဖက်ရည်ဆိုင် သွားမှလား၊ မင်းတို့လက်ဖက်ရည်သောက်ချင်လည်း အိမ်မှာဖျော်တိုက်လို့ ရတာပဲ"

ယောကျ်ားလေးသုံးယောက်သာမက လရိပ်ပါ လေးလေးစကားကြောင့် မျက်နှာရှုံ့မဲ့သွားသည်။

"ကဲ ... ကဲ ... လရိပ်၊ မင်း သူငယ်ချင်းတွေကို လက်ဖက်ရည်ဖျော်တိုက်လိုက်၊ ငါ အပေါ်မှာ စာအုပ်သွားဖတ်လိုက်ဦးမယ်"

အနိုင်နဲ့ပိုင်းပြီး ထွက်သွားသော လေးလေးဇော်ကို ကြည့်ကာ ...

"မင်း လေးလေးဇော်ကြီးက တော်တော်မလွယ်တာပဲ"

"မလွယ်ဆို သူက ကျူရှင်ဆရာလေ၊ အခုတလောလည်း ဘာဖြစ်မှန်း မသိဘူးကွာ၊ ငါ့ကို ချုပ်ချယ်ချင်ပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ကွာ၊ မင်းက တူအစစ်မှ မဟုတ်ဘဲ၊ တူမလေးဆိုတော့ သူလည်း စိတ်ပူတာနေမှာပေါ့"

"စိတ်ပူစရာလားကွာ၊ ငါ တိုက်ကွမ်ဒို တတ်ထားတာ မင်းတို့အသိပဲ၊ ရီးတီးယားရားလုပ်လို့ကတော့ ငါ့တံတောင်နဲ့ တွေ့သွားမှာပေါ့"

သူတို့သုံးယောက်သား လရိပ်ပြာ စကားကြောင့် ပခုံးတွန့်မိကြသည်။ ဒီစကားက အလွန်မဟုတ်မှန်းလည်း မျက်ဝါးထင်ထင် မြင်ဖူးခဲ့ကြတာမို့ သံသယ လုံးဝမရှိပါပေ။

ပထမနှစ်က လရိပ်ပြာကို ဣန္ဒြေပျက်ရလောက်အောင် ရည်းစားစကား ပြောခဲ့တဲ့၊ ကိုယ်ထိလက်ရောက်နီးပါး အတင့်ရဲခဲ့တဲ့ Physic မေဂျာက သက်အောင် ဆိုတဲ့ ငနဲသားကို သူတို့တွေ ရှေ့မှာပင် ကိုင်ပေါက်ဆွဲလှဲခဲ့သည် မဟုတ်ပါလား။

အဲဒီကတည်းက လရိပ်ပြာကို လိုက်ရဲသူ မရှိသလို၊ ယောကျ်ားလေးဖြစ်ပြီး သူမလို ကိုယ်ခံပညာတတ်မထားသော သူတို့သုံးယောက် လရိပ်ပြာကို အထင်ကြီး လေးစားစွာ ခင်မင်ခဲ့ကြသည်လေ။





"နေဦး ... ငါ ကော်ဖီသွားဖျော်လိုက်ဦးမယ်"

"ဟာ ... နေပါစေကွာ။ ငါ့မှာ အခု အရေးတကြီး မင်းကို တိုင်ပင်စရာရှိတယ်"

ဝဏ္ဏက ဘေးဘီဝဲယာကို စေ့စေ့ကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့် ...

"မိုနီကာကို သူ့အိမ်က ယောကျ်ားပေးစားတော့မယ် ပြောတယ်၊ မနေ့က သူနဲ့ငါ online မှာ တွေ့တယ်"

"တစ်နေ့ကျရင် ဒီလိုပဲဖြစ်မှာ ငါ သိသားပဲ ဝဏ္ဏ၊ မင်းက အရမ်းမြင့်တာကို မှန်းတာကိုး"

မိုနီကာ ဆိုတာ သူတို့ သင်္ချာမေဂျာကွင်း ဖြစ်သလို နာမည်ကြီး အဆိုတော် ရဲဂျာရဲ့ ညီမအရင်းလည်း ဖြစ်နေသည် မဟုတ်လား။ သာမန်လူလတ်တန်းစား ဝဏ္ဏက အရင်ကခေါင်းမော့ခဲ့သမျှ အခုတော့ မြေပေါက်ခံရသူပမာ မျက်ကလဲဆန်ပြာနှင့် ...

"ငါ့ကို ဘာတိုင်ပင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သန်ဘက်ခါ သူ တော်ဝင်စင်တာမှာ ရှော်ပင်ထွက်မယ် ပြောတယ်။ သူတို့အိမ်က ငါနဲ့ကြိုက်နေတာ သိသွားလို့ သူ့ကို မျက်စိဒေါက်ထောက် ကြည့်နေကြတယ်တဲ့။ အခု ဆို ဘယ်သွားသွား ဘယ်လာလာ အနားမှာ ဘော်ဒီဂတ် နှစ်ယောက်တောင် ရှိတယ်ဆိုပဲ။ သူနဲ့ပေးစားမယ့်သူက နိုင်ငံခြားက သူ့အဖေကုမ္ပဏီက အင်ဂျင်နီယာတစ်ယောက် ပဲတဲ့ကွ"

"အေး ... လိုရင်းက ဘာလဲ၊ မင်း သူ့ကို အဲဒီနေ့ခိုးပြေး ဖို့ စီစဉ်ချင်လို့လား"

"သိပ်ဟုတ်တာပေါ့ လရိပ်၊ မင်းအကူအညီ ငါ လိုအပ် တယ် လရိပ်၊ ဒီကိစ္စ မင်း ကူညီမှဖြစ်မှာ"

လရိပ်ပြာက အလွန်ဉာဏ်ကောင်းသူတစ်ယောက်။ ကျောင်းတက်တဲ့ ကာလတစ်လျှောက် စာကြည့်သည်ကို မတွေ့ ရဘဲ သူတို့အုပ်စုနဲ့ သွားသွားလာလာ ရှိတတ်ပြီး စာမေးပွဲဖြေ ကာနီး နှစ်ပတ်လောက်အလိုမှ စာကြည့်တတ်တာ။ အောင်စာ ရင်းထွက်တော့ ခရက်ဒစ်တောင် ပါလိုက်သေးသည်။





အပတ်စဉ် အင်္ဂါနေ့တိုင်းထွက်သည့် အင်တာနက် ဂျာနယ်မှ ဆူဒိုခုကို သူတို့ပြိုင်ဖြေကြတိုင်း လရိပ်ပြာကသာ ပထမဦးဆုံး အမှားအယွင်းမရှိ ဖြေဆိုနိုင်ခဲ့သည်ချည်း။ ထို့ကြောင့် လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံသော လရိပ်ပြာဆီ သူ အားကိုးတကြီး လာခဲ့ခြင်းပင်။

"ဟုတ်ပြီ ... ငါ သိပြီ"

လက်ဖျောက်တစ်ချက်တီးပြီး လရိပ်ပြာ ထအော် တော့ ဝဏ္ဏ မျက်နှာကြီးက သကာရည်လောင်းချလိုက်သလို ချို သွားသည်။ သူတော့ ကံကောင်းပြီ။

"လာ ... လာ ... အစီအစဉ်ကို ငါပြောပြမယ်၊ မင်းတို့ သေသေချာချာ နားထောင်"



www.burmeseclassic.com

www.burmeseclassic.com



## ၃

လရိပ်ပြာသည် မိန်းကလေးတစ်ယောက်လို ခြယ်သထားသော သူမရုပ်ကို မှန်ထဲပြန်ကြည့်ကာ ရင်ထဲမှာ ကလိကလိနှင့် ယားကျိကျိဖြစ်ကာ ရယ်ချင်လာ၏။

လမ်းထိပ်က အစ်မတစ်ယောက်လို ခင်ရသော မော်ဒယ်ပေါက်စ မမနွေးဆီက ဂါဝန် ဒူးဖုံးလုလုလေး ငှားဝတ်ထားသဖြင့်လည်း သူမက လူလူသူသူ မိန်းကလေးတစ်ယောက်လို လှပလို့။ မိတ်ကပ်ကိုလည်း မမနွေး ကိုယ်တိုင် လိမ်းပေးထားသဖြင့် ဘာမှကို အပြစ်ဆိုစရာမရှိအောင် ချောမွေ့လို့။





"အံမယ် ... အံမယ် ... ဒါက ဘယ်သွားမလို့လဲ၊ ငါ့နှယ် လှတောင်မှားတယ်၊ ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့လဲ၊ ငါ့တူမက တော်တော်ချောတာပဲ"

လေးလေးကျော်က သူမကို ခြေဆုံးခေါင်းဆုံးကြည့်နေတာမို့ မျက်နှာတောင် မထားတတ်။

"လေးလေးကျော်နော် ... လရိပ် အရမ်းအရေးကြီးတဲ့ကိစ္စတစ်ခုလုပ်ဖို့ အပြင်ထွက်မှာနော်၊ လေးလေးဖော် ပြန်လာရင် ကြည့်ကောင်းအောင် ပြောထားပေးပါ၊ ပြန်လာရင် လေးလေးကျော် အကြိုက် သခွားမွှေးသီး ဝယ်လာခဲ့မယ်"

"အဲဒီ အရေးကြီးတဲ့ အကြောင်းလေးများ ပြောမပြချင်ဘူးလား လရိပ်ရယ်။ မင်း ရည်းစားနဲ့သွားချိန်းတွေ့မှာတော့ မဟုတ်ပါဘူးနော်"

ကျော်ကြည်သာသည် အစ်ကိုဖြစ်သူကို ပြန်ပြောဖို့အရေး မျှော်တွေးပြီး လရိပ်ပြာကို အစ်အောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ပေါက်ရှာရှာ ... လရိပ်ပြာကပဲ ရည်းစားနဲ့သွားချိန်းတွေ့ရဦးမယ်၊ လုပ်ပါ လေးလေးရယ်၊ ခဏလေးပဲ သွားမှာပါ၊ ဟော ... ပြောရင်းဆိုရင်းနဲ့ အိမ်ရှေ့မှာ ကားရပ်သံကြားတယ်၊ ဟုတ်တယ် ... သူတို့လာပြီ၊ သွားပြီနော် လေးလေးကျော်"

လရိပ်ပြာက လေးလေးကျော် ဟန့်မည်စိုး၍ ဖိနပ်စင်ပေါ်တွင် အဆင်သင့် တင်ထားသော ဂါဝန်အနက်ရောင်လေးနှင့် လိုက်ဖက်လှသော ကြိုးသိုင်းဒေါက်ဖိနပ်အနက်လေးကို စီးပင်စီးမနေတော့ဘဲ ကောက်ကိုင်ရင်း အိမ်ရှေ့မှာရပ်ထားသောကားထဲ ပြေးဝင်သွားသည်။

"ဟော့ကောင် လရိပ် ... ဟော့ကောင်"

ကျော်ကြည်သာက ထွက်သွားသော super saloon ကားနောက်သို့ အပြေးလိုက်၏။ ဒီကောင်မလေး သူ့ကိုဆိုရင် ဗိုလ်ကျချင်တတ်သည်။ ဖော်ကလည်း သူ့တူမကို နည်းနည်းလေးမှ အထိအခိုက်ခံသူ မဟုတ်။





အခု ပြန်လာလို့ လရိပ် ဘယ်သွားလဲ၊ ဘာလုပ်လဲ သူ သေချာဒွံတော်ဦး မတင်နိုင်ရင် အထောင်းခံရမှာ သေချာသလောက်ပင်။

လရိပ် ကားထဲရောက်တော့မှ ဖိနပ်ကို သေချာစီးတော့သည်။ နိုင်သူနဲ့ ဟိန်းထက်တို့က အလှကြီးလှနေသော လရိပ်ပြာကို ပါးစပ်အဟောင်းသားဖြင့် ငေးမောနေကြ၏။

"ဟော့ကောင်တွေ ... ဘာလို့ ဒီလောက်တောင် ကြည့်နေကြတာလဲ၊ ငါ့မျက်နှာ မမြင်ဘူးတာ ကျနေတာပဲ"

လရိပ်ပြာကတော့ ယောကျ်ားလေးတွေရဲ့အကြည့်ကြောင့် ရှက်တတ်သူ မဟုတ်ရကား ထိုအကြည့်တို့ကို ရယ်စရာလုပ်ပစ်လိုက်၏။

"မင်း အရမ်းလှတာပဲ လရိပ်ပြာ"

"အေး ... ဒီတော့ ငါတို့ သရုပ်ဆောင်တာ ပိုအဆင်ပြေတာပေါ့ကွာ၊ ဟော့ကောင် ... ဝဏ္ဏ၊ မိုနီကာ(၁၀)နာရီလောက် ရောက်မယ်ဆိုတာ သေချာပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်ကွာ၊ ငါ့ကို ကားပါကင်မှာ ဆက်ဆက်စောင့်ဖို့ ပြောထားတာ၊ မနေ့ကလည်း ငါ ဖြူပွင့် အကူအညီနဲ့ မင်း သူ့ဘော်ဒီဂတ်နှစ်ယောက်ကို အချိန်ဆွဲပေးမယ့်အကြောင်း ပြောထားတယ်"

"ငါတော့ ပါးတွေ ကျင်နေသလို ခံစားရတယ်ကွာ"

နိုင်သူက သူ့ပါးကို သူပွတ်ရင်း စိတ်လှုပ်ရှားဟန်နှင့် ...။

"ဟုတ်တယ်ကွ ... ငါလည်း ကျောချမ်းနေပြီ ဝဏ္ဏ၊ ငါ မင်းကို ခင်လွန်းလို့ ဒီနေရာကဝင်ပြီး သရုပ်ဆောင်တာနော်"

လရိပ်ပြာကတော့ နိုင်သူနှင့် ဟိန်းထက်တို့၏ စိတ်လှုပ်ရှားမှုကို တွန်းလှန်ပေးသည့်အနေဖြင့် ...

"မင်းတို့တွေကလည်း သွေးကြောင်လိုက်တာ၊ ယောကျ်ားတွေ မဟုတ်တာ ကျနေတာပဲ"





ဟုတ်တော့လည်း ဟုတ်သည်။ သူတို့နှစ်ယောက်လုပ်ရမယ့်အပိုင်းက နည်းနည်းတော့ အန္တရာယ်ရှိသည်။ အပျော့ဆုံးကလက်သီး၊ အပြင်းဆုံးကအချုပ် မဟုတ်ပါလား။

ဝဏ္ဏကတော့ လေလေးတချွန်ချွန်နှင့်။ မိုနီကာ ကားပါကင်ထဲရောက်သည်နှင့် အခြေအနေကြည့်ပြီး ပဲခူးက သူ့အဘွားအိမ်ကို ခိုးပြေးသွားမည်လေ။

အတွေးတို့ဖြင့် သူ ပြုံးနေချိန်တွင် ဟိန်းထက်နှင့် နိုင်သူတို့ မျက်နှာတွေက ပျက်ယွင်းနေကာ လက်ဖျားခြေဖျားတွေက ပြည့်လမ်းပေါ် ရောက်တာနှင့်ပင် အေးစက်လို့နေပါသည်။

ဝဏ္ဏနှင့် သူ့အကျိုးကို ဆီကုန်ခံပြီး လိုက်ပါဆောင်ရွက်ပေးသော ထွန်းတောက်တို့ ကားပါကင်မှာ ကျန်ခဲ့ချိန်တွင် လရိပ်ပြာတို့ သုံးယောက်ကတော့ ခပ်တည်တည်နှင့် စင်တာထဲဝင်သွားသည်။

ထွန်းတောက်ကတော့ ဆီလေးကုန်ပြီး ကားလိုက်မောင်းပေးကာ ကျေးဇူးတင်ခံရမည့်အတွက် ရင်တော်တော်အေးနေ၏။ နို့မို့ ဟိုကောင်နှစ်ကောင်လို လုပ်ရမည် ဆိုလျှင်တော့



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ဖို့က မသေချာ။ ကျေးရူးတင်ခံရဖို့က မသေချာ။ ပြေးပေါက်များဖို့က သေချာနေသည်ပဲ။

ဒုတိယထပ်သို့ ရောက်တော့ လရိပ်ပြာတို့အုပ်စု လူစုခွဲလိုက်ကြပြီး မိုနီကာ တက်လာမည့်အချိန်ကို စောင့်နေကြသည်။ မကြာပါ။ မရမ်းစေ့ရောင် ကိုယ်ကျပ်ဆွဲသားအင်္ကျီလေးနှင့် ဂျင်းအနက် ဘောင်းဘီရှည်လေး ဝတ်ထားသော မိုနီကာ သူတို့မြင်ကွင်းထဲ ဝင်လာသည်။

ဘေးနားမှာတော့ မျက်နှာဆိုးဆိုး လူနှစ်ယောက်က ခြံရံလို့ပေါ့။

မိုနီကာ့ကို မြင်သည်နှင့် လရိပ်ပြာ မိုနီကာ့နောက်သို့ မယောင်မလည် လိုက်သွားသည်။ လရိပ်ပြာနောက်မှလည်း ဟိန်းထက်နှင့် နိုင်သူက ကပ်လိုက်သွားပြန်သည်။

မိုနီကာ စိတ်ထဲတွင် သံသယရှိသည်နှင့် နောက်ပြန်လှည့်အကြည့် ဂါဝန်အနက် ဝတ်ထားသော သူမ မမှတ်မိနိုင်လောက်အောင် လှလွန်းနေသော လရိပ်ပြာကို တွေ့လိုက်ရတာမို့ ထိတ်ခနဲ အပျော်ဆို့သွားသည်။





သူမ "မောင့်"ကို လုံးဝ အဆုံးအရှုံး မခံနိုင်ပါ။ ရွှေဘုံပေါ်က ခုန်ဆင်းတယ်ဆိုဆို၊ မွဲချင်တဲ့ခွေး ပြာပုံတိုးတယ်ပဲ ပြောပြော သူမကတော့ သူမကို အချစ်စစ် အချစ်မှန်ဖြင့် မြတ်နိုးစွာချစ်သော မောင့်ရင်ခွင်ထဲသို့ ရောက်အောင်သွားလိုပါသည်။

အိမ်မှာ သူမကို ဂရုစိုက်တဲ့သူ ဘယ်သူရှိလို့လဲ။ မာမီက ကုမ္ပဏီကိစ္စတွေနဲ့ တစ်ချိန်လုံး ရှုပ်နေပြီး၊ ဒယ်ဒီက စင်ကာပူမှာရှိတဲ့ ကုမ္ပဏီမှာ သွားကြီးကြပ်လိုက်၊ ပြန်လာလိုက်နှင့် တော်တော်ကို အလုပ်ရှုပ်နေကြသည်။

ကိုကိုကရော ... သူ့သီချင်းကိစ္စတွေ၊ ရှိုးပွဲကိစ္စတွေနဲ့ပဲ နပန်းလုံးနေတာဆိုတော့ သူမက ကြားထဲက ဂရုစိုက်မည့်သူ မရှိဘဲ လွတ်နေလေသည်။

ရည်းစားရှိတာ သိသွားတော့မှ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် စင်ကာပူကိုလွှတ်မည် ကြိမ်းလိုကြိမ်း၊ အိမ်ထဲက အိမ်ပြင် မထွက်ရလို့ အမိန့်ထုတ်လိုထုတ်နှင့်။ အခုတော့ သွားသမျှနေရာနောက်ကို ရုပ်ဆိုးဆိုး လူနှစ်ယောက်ကို ထည့်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုနီကာက အင်္ကျီဆိုင်မှန်သမ္ဗျ ဝင်လိုက်၊ ထွက်လိုက် လုပ်နေတာမို့ သူမဘောဒီဂတ်နှစ်ယောက်က သူမကို မျက်မှန်း ကျိုးစ ပြုနေ၏။

အင်္ကျီဆိုင် တစ်ဆိုင်ရှေ့ ရောက်တော့ နောက် မလှမ်းမကမ်းက လရိပ်ပြာကို သူမ ခေါင်းတစ်ချက် ဆတ်ပြ လိုက်ပြီး ဆိုင်ထဲဝင်ခဲ့သည်။ လရိပ်ပြာကလည်း အပါး၀,စွာဖြင့် နောက်က နှစ်ယောက်ကို ပြန်အချက်ပြလိုက်သည်။

"ခဏလောက် စောင့်ပေးဦးနော်၊ အင်္ကျီတွေ ဝတ်ကြည့် မှာမို့လို့"

ပြောနေကျစကားကို နားယဉ်နေသည့် ပုံစံနှင့် ဘော်ဒီဂတ်နှစ်ယောက်က ထုံးစံအတိုင်း ခေါင်းညိတ်နေ၏။

သွက်လက်သော ခြေလှမ်းများဖြင့် လရိပ်ပြာ ထို လူနှစ်ယောက်ရှေ့ ရောက်လာသည်။ မျက်နှာကလည်း နောက်မှ ထက်ကြပ်မကွာ လိုက်လာသော ဟိန်းထက်နှင့် နိုင်သူ့ကို ကြောက်လန့်ဟန် တစ်ခွဲသားနှင့်။





"ဟို ... အစ်ကိုကြီးတို့၊ ညီမကို တစ်ခုလောက် ကူညီပါ လားရှင်"

လှပချောမွေ့သော လရိပ်ပြာကို ထိုလူနှစ်ယောက် ငေးနေမိပြီးမှ အသက်ဝင်ဟန် ပျာပျာသလဲနှင့် ...

"ဩော် ... ပြောလေ ညီမလေး၊ ဘာအကူအညီ ပေးရမလဲ"

"ဟိုနောက်က လူနှစ်ယောက် တွေ့လား၊ ဦးထုပ်ဆောင်း ထားတဲ့ တစ်ယောက်နဲ့ မျက်မှန်တပ်ထားတဲ့ ကောင်တွေ လေ၊ ညီမကို ညီမ,မသိတဲ့ နာမည်တစ်ခုကို အတင်းလိုက် ခေါ်ပြီး အနှောင့်အယှက် ပေးနေတယ်၊ အဲဒါ အစ်ကိုတို့ နည်းနည်းလောက် ကူညီပေးပါရှင်"

မိုနီကာ့ဘော်ဒီဂတ်နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြရင်း အင်္ကျီဘယ်နှထည်ကို စမ်းဝတ် ကြည့်မည် မသိသော မိုနီကာ့ကို ဂရုမစိုက်တော့ဘဲ လရိပ်ပြာ လှမ်းပြသော ငတိလေးနှစ်ယောက်ဆီသို့ ခြေလှမ်းကျဲကြီးတွေနှင့် အရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီစမ်းဝတ်ဟန်ဆောင်နေသော မိုနီကာက ဆိုင်ရှေ့က ထိုလူနှစ်ယောက် ပျောက်သွားသည်နှင့် အခွင့်အရေးကို အသုံးချကာ အလျင်အမြန် ဆိုင်ထဲကထွက်လို့ သူတို့နဲ့ဆန့်ကျင်ရာဘက်မှ စက်လှေကားဆီ အပြေးသွားတော့သည်။

"ဒီမှာ ချာတိတ်တွေ၊ ယဉ်ကျေးမှု ရှိစမ်းပါ၊ မိန်းကလေးတစ်ယောက်ကို ဣန္ဒြေပျက်အောင် လုပ်တာတော့ မကောင်းပါဘူး"

"ဟာ ... အစ်ကိုကြီးတို့ လူမှားနေတယ်နဲ့တူတယ်၊ ကျွန်တော်တို့ ဘာလုပ်လို့လဲ"

နိုင်သူ့ လေသံထဲမှာ မေးရိုက်သံ နည်းနည်းပါချင်နေသလိုလို။ တောင့်တင်းကြံ့ခိုင်သော ထိုလူများ၏လက်စာမိလျှင် သူလို ငပိန်တာရိုးလေး အရိုးတခြား၊ အသားတခြားပင် ဖြစ်သွားနိုင်သည်လေ။

"ဟို ... အစ်ကိုကြီးတို့ရယ်။ သူတို့ကို နောက်ထပ်မနှောင့်ယှက်အောင် သေချာပြောပေးပါ။ နောက်ကထပ်ပြီးလိုက်လာမှာစိုးလို့ပါ"





မိုနီကာ ကားပါကင်ဆီ ရောက်တဲ့အထိ လရိပ်ပြာအချိန်ကို ဆွဲထားလိုက်သည်။

နိုင်သူနဲ့ ဟိန်းထက်ကတော့ လရိပ်ပြာ စကားကြောင့် အကြီးအကျယ် မျက်နှာ ပျက်သွား၏။

မိုနီကာ၏ဘော်ဒီဂတ်တစ်ယောက်က ဟိန်းထက်၏အင်္ကျီရင်ဘတ်ကို ဆွဲဆောင့်လိုက်ကာ ...

"ဟေ့ကောင် ... မင်းလို ဂျပိန်ကို ခါးချိုးပြီး သွားကြားထိုးတံ လုပ်ပစ်လို့ရတယ် သိလား၊ မင်းတို့နှစ်ကောင် ဟိုကောင်မလေးကို ဆက်မနှောင့်ယှက်ကြနဲ့"

ဟု သွားကြားထဲမှ ထွက်လာသော လေသံနှင့်ဆိုလိုက်လျှင် ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ ခင်ဗျာ။ ကျွန်တော်တို့ တကယ်ကို လူမှားသွားလို့ပါ၊ ကျွန်တော်တို့ မနှောင့်ယှက်တော့ပါဘူး"

နိုင်သူ့ မျက်နှာလေးက ဆီးရွက်လောက်ကို ငယ်နေကာ သူ့ဘက်လှည့်လာမည်ဆိုး၍ ကြောက်ဒူးတုန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သွား ဖြတ်လာ ဈေးဝယ်သူတို့က သူမတို့ငါးယောက်ကို စူးစမ်းဟန် ကြည့်နေကြ၏။ ရှုပြီ။

ဒီလောက်ဆို မိုနီကာ ကားပါကင်ထဲရောက်လောက်ပြီ။ ထိုလူတွေကလည်း မိုနီကာ့ကို ဆိုင်ထဲမှာပဲ ရှိသေးတယ်ထင်ပြီး ဆက်စောင့်နေမည့် ဒီအချိန်တွင် သူမတို့သုံးယောက်လည်း အမြန်ဆုံးနည်းဖြင့် ပန်းကန်လုံးစီးကာ ဒီတော်ဝင်စင်တာက ထွက်ခွာရမည်လေ။

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးတို့ရယ်၊ ညီမလည်း ဝယ်စရာလေးတွေရှိလို့ သွားလိုက်ပါဦးမယ်နော်"

လရိပ်ပြာက အချိုသာဆုံးပြုံးပြီး အမြန်ဆုံး ခြေလှမ်းတွေဖြင့် သုတ်ခြေတင် ထွက်ခွာတော့သည်။

"ဟေ့ကောင် ... မင်းတို့ ဘယ်သွားမလို့လဲ"

နိုင်သူနဲ့ ဟိန်းထက်က လရိပ်ပြာနောက်အလိုက်၊ ထိုလူတွေရဲ့ ဟန့်တားသံကြောင့် လက်ရှိအခြေအနေကို အမှတ်ရကာ စိတ်ပျက်ဟန်ဖြင့် လရိပ်ပြာနဲ့ ဆန့်ကျင်ရာဘက် ထွက်ခဲ့ကြသည်။





"အသံထပ်မကြားချင်ဘူးနော် ... ငတိလေးတွေ"

နောက်နားဆီမှ အသံဝါဝါကြီးကြောင့် သူတို့နှစ်ယောက်သား ကျောချမ်းသွားသလို ကျော့လည်းမလုံမိ။

"လရိပ် ... အစုတ်ပလုတ်ကောင် ... အယ် ... မဟုတ်ပါဘူး ... အစုတ်ပလုတ်မ၊ ကိုယ်လွတ်ရုန်းပြီး ပြေးသွားတယ် တွေ့လား၊ ကံကောင်းလို့ အထိုးမခံရတယ်"

"ဟုတ်ပါ့ကွာ၊ ငါဖြင့် ဈေးဝယ်သူတွေရဲ့အကြည့်ကို အခုထက်ထိ မြင်ယောင်နေတုန်းပဲ၊ မမိုက်လိုက်တာကွာ။ အေး ... ကြည့်နေ၊ ဟိုကောင် ဝဏ္ဏ ... ငါတို့အလှည့်ကျ မကျေညီကြည့် ... တွေ့မယ်"

"ဟေ့ကောင် ... သိပ်ကြိမ်းမနေနဲ့ မြန်မြန်သွား၊ အခုလောက်ဆိုရင် လရိပ် အောက်မှာ ရောက်နေပြီ"

သူတို့နှစ်ယောက် ရင်တုန်ပန်းတုန်ဖြင့် အောက်ထပ်သို့ ရောက်သွားသည်။ အောက်ထပ် ပထမထပ်ရောက်တော့ ပြုံးချိုသော မျက်နှာပေးဖြင့် လရိပ်က သူတို့ကို ဆီးကြိုနှင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ အဆိုတော်ရဲဂျာရဲ့ ပရိမိုးရှင်းရှိသဖြင့်လည်း တော်ဝင်စင်တာ ပထမထပ် တစ်ထပ်လုံး လူတွေက ပြည့်ကျပ်နေလေသည်။

"ဒီနေ့ သူ့အစ်ကိုရဲ့ ပရိမိုးရှင်းရှိတယ်၊ မြန်မြန် မြန်မြန်"

လရိပ်က ပြောလည်းပြော ရှေ့မှလည်း လူတွေကို တိုးဝှေ့၍ ထွက်ပေါက်သို့ သွားနေသည်။

"အား ... သေပါပြီဗျ"

လရိပ်က ခြေထောက်တွေ ရှေ့ရောက်နေသော်လည်း နေးတိနေးတုံ့ဖြင့် နောက်ကလျှောက်လာသော သူငယ်ချင်းနှစ်ယောက်ကို ပြန်လှည့်ကြည့်လိုက်တာမို့ ရှေ့ကလျှောက်လာသော လူတစ်ယောက်၏ ခြေထောက်ကို ဒေါက်ဖိနပ်နှင့် နင်းမိလျက်သား။

ကမန်းကတန်း ခေါင်းကို ရှေ့သို့ပြန်အလှည့်။ သူမခေါင်းက အောက်ငုံ့လိုက်သော ထိုလူ၏မေးစေ့ကို ဝင်ဆောင့်မိလျက်သား။

"အား လား လား"





ထိုလူ့ဆီမှ ညည်းညူသံ ထွက်လာပြန်သည်။

"ဟယ် ... ရဲဂျာ ... လာပြီ ... ရဲဂျာ လာပြီ"

ပရိသတ်ကောင်မလေးတွေရဲ့ စီစီညံညံအသံကြောင့် လရိပ်ပြာ ခေါင်းနပန်းကြီးသွား၏။ သွားပြီ။ သူနဲ့မှ တည့်တည့်ကြီး သွားတိုးတာကိုး။

"ဒီမှာ ... မင်း အတော်နမော်နမဲ့နိုင်တဲ့ မိန်းကလေးပါလား။ ဘာလဲ ... ဇာတ်လမ်းထွင်တာလား၊ ရဲဂျာတို့က ပရိသတ်ကို ဘယ်တော့မှ မစော်ကားဘူး၊ မရိုးသားရင်တော့ မုန်းတတ်တယ်"

လရိပ်ပြာ သူ့စကားတွေကြောင့် ဒေါသတော်တော်ထွက်သွားသည်။ တော်တော်မာနကြီးတဲ့လူပဲ။ သူ့ကို တစ်ခုခု ပြန်ပြောဖို့ တာဆူစဉ်တွင် သူ့ခါးတွင်ချိတ်ထားသော ဟန်းဖုန်းမြည်သံကြောင့် လရိပ်သည် သူမဘေးနား အလျှိုလျှိုရောက်လာသော နိုင်သူနှင့် ဟိန်းထက်ကို မျက်စ,ပစ်ပြလိုက်ကာ ဝရုန်းသုန်းကားနှင့် စင်တာထဲမှ ပြေးထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းက တက္ကစီတစ်စီးကို လှမ်းတားလိုက်ကြပြီး သူ့ထက်ငါ အရင်လုပြီး ကားထဲဝင်လိုက်ကြသည်။ ကားမောင်း ထွက်သွားပြီဆိုမှ သုံးယောက်သား ဟင်းချကာ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး တဟားဟားနှင့် အော်ရယ်နေကြ သည်။

အခုလောက်ဆို ဝဏ္ဏတို့လည်း ပျော်နေကြလိမ့်မည်။ ဒေါသထွက်ပြီး ယမ်းမီးပုံကျနေမည့် သူတွေကတော့ မိုနီကာ့ ဘော်ဒီဂတ်နှစ်ယောက်နှင့် အလွန်အင်မတန် မာနကြီးသော ရဲဂျာ ပင် ဖြစ်နေမည်ပေါ့။





## ၄

ရဲဂျာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက် နေ၏။ ဆိုဖာဆက်တီပေါ်တွင် ဒေါ်မေရီထားက သုန်သုန်မှုန်မှုန် ထိုင်နေပြီး ဘော်ဒီဂတ်လေးယောက်တို့က ခေါင်းငုံ့ပြီး ဧည့်ခန်းမ ကျယ်ကြီးထဲမှာ တိတ်ဆိတ်စွာ ရပ်နေကြလေသည်။

“ကဲ ... အခု ဘာဆက်လုပ်ကြမလဲ သားရဲ့”

“ဘာလုပ်ရမလဲ ဆိုတာထက် သားတို့ အရှုံးလုပ်ခံလိုက် ရတာကို တွေးတွေးပြီး တော်တော်ခံပြင်းနေတာ”

ရဲဂျာက တောက်တစ်ချက် ခေါက်လိုက်ပြီး လက် သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ မိုနီကာရဲ့ဘော်ဒီဂတ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးဖြစ်သော တင်အေးနှင့် တင်ထွေး ညီအစ်ကိုနှစ်ဦး၏ခေါင်းက ပိုင့်ကျသွားသည်။

"ကဲ ... ပြောစမ်းပါဦး တင်ထွေးနဲ့ တင်အေးရဲ့၊ မင်းတို့က ဘာတွေ ဘယ်လောက်တောင် ငေးနေလို့ ကိုယ့်ရှေ့က လူတစ်ယောက်လုံး ထွက်သွားတာကို မတွေ့ရတာလဲ"

ဒေါ်မေရီထား ဒေါသတွေက ထို ညီအစ်ကိုနှစ်ယောက်ဆီ စုပြုံကျနေသည်။ ဘာအလုပ် ဘာအကိုင်မှ မရှိဘဲ ဝိတ်ပေါ်ကြီးတွေ ဖြစ်နေသော သူတို့နှစ်ယောက်ကို တစ်လတစ်သိန်းပေးပြီး ဘာပင်ပင်ပန်းပန်းမှ လုပ်စရာမလိုဘဲ မိုနီကာ့ကို စောင့်ရှောက်စေခဲ့တာတောင် တာဝန်ကျေအောင် မလုပ်နိုင်ကြ။

တင်ထွေးနှင့် တင်အေးသည် ကောင်မလေးတစ်ယောက် အကူအညီတောင်းသည့်ကိစ္စကို ပြန်မပြောပြဘဲ ထားလိုက်မည်ဟု ဆုံးဖြတ်ထားသော်လည်း အစ်ကိုလေးရဲဂျာကို အရှုံးအလုပ်ခံရတဲ့သူ အစစ်အမှန်မှာ သူတို့နှစ်ယောက်ဖြစ်ကြောင်းသိစေချင်၍ ထိုကိစ္စကို ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ကြသည်။





"ဒီကိစ္စက မင်းတို့လက်ထဲကနေ ဖြစ်သွားတာနော်၊ မင်းတို့မှာ တာဝန်ရှိတယ်၊ ကဲ ... ပြောစမ်း၊ ငါ့ကို အမှန်အတိုင်းပြောစမ်း၊ မင်းတို့မှာ ဖုံးကွယ်ထားတာ တစ်ခုခုရှိတယ် မဟုတ်လား"

"ဒီလိုပါ မာမီ၊ ကျွန်တော်တို့ မမလေးမိုနီကာ နောက်ကို ထက်ကြပ်မကွာ လိုက်ပါတယ်၊ ဘာမရိုးသားတဲ့ အရိပ်အယောင်မှ မရှိတာကြောင့် ကျွန်တော်တို့လည်း မမလေးဝင်သွားတဲ့ အင်္ကျီဆိုင်ရှေ့မှာ အေးအေးလူလူ ရပ်စောင့်နေပါတယ်။ အဲ ... ဒီအချိန်မှာပဲ ကောင်မလေးတစ်ယောက်က ကျွန်တော်တို့နား ရောက်လာပြီး သူ့နောက်ကို ကောင်လေးနှစ်ယောက် လိုက်ပြီးနှောင့်ယှက်နေလို့ ကူညီပေးပါပြောလို့ ကျွန်တော်တို့လည်း အဲဒီငချွတ်နှစ်ကောင်ဆီသွားပြီး မနှောင့်ယှက်ဖို့ သတိသွားပေးတယ်"

ဒေါ်မေရီထားမျက်နှာ မဲ့ခနဲ ဖြစ်သွားကာ ...

"ဩော် ... တော်တော်ကောင်းတာပဲ၊ မင်းတို့ကို လစာပေးထားတာ အဲဒီကောင်မလေးလား"



www.burmeseclassic.com

www.burmeseclassic.com



ရဲဂျာကလည်း ခနဲ့တဲ့တဲ့နှင့် ...

"ကြည့်ရတာ ကောင်မလေးက တော်တော်လှလို့ မင်းတို့ဝင်ပြီး သူ့ရဲကောင်းလုပ်တာ မဟုတ်လား"

"ဟာ ... လှတာပေါ့ အစ်ကိုလေးရ၊ တော်တော်ကိုလှတာ၊ ဂါဝန်အနက်ရောင်လေးနဲ့ ဒေါက်ဖိနပ်အနက်ရောင်လေးနဲ့ တော်တော်မိုက်တာ"

တင်ထွေးက ရဲဂျာ ခနဲ့နေမှန်း မသိဘဲ မျက်စိထဲမှာ တိုကောင်မလေးကို မြင်ယောင်လာဟန် ဝမ်းသာအားရ ဝင်ပြော၏။

"ဘာ ... ဘာ ... ဘာပြောတယ်၊ ဂါဝန်အနက်ရောက်၊ ဒေါက်ဖိနပ် အနက်ရောင် ... ဟုတ်လား"

ရဲဂျာက သူ့ရဲ့နှာခေါင်းသေးသော ဘယ်ဘက်ခြေဖမိုးကို အယောင်ယောင် အမှားမှား ငုံ့ကြည့်မိသည်။ သူ့ခြေထောက်ကို နမော်နမဲ့နဲ့ တက်နင်းသွားသော ကောင်မလေးက ဂါဝန်အနက်ရောင် ဝတ်ထားသည်ပဲ။





"ဟုတ်တယ် အစ်ကိုလေး၊ သူ့နောက်ကို လိုက်နှောင့်ယှက်တဲ့ ကောင်လေးတွေကလည်း ပလူမွှေး ပလူထောင်လေးတွေပါ၊ နည်းနည်းခြောက်လိုက်တာနဲ့ ဖင်တုန်အောင်ကြောက်သွားကြတာ၊ ပြေးလိုက်တာမှ တန်းနေတာပဲ"

ရဲဂျာ မျက်မှောင်ကြုတ်လိုက်သည်။ သူ့ဆီကို တင်ထွေးတို့ညီအစ်ကို မိုနီကာ ပျောက်သွားကြောင်း ဖုန်းလှမ်းဆက်တော့ ထိုကောင်မလေးက သူ့မဘေးနားက ကောင်လေးနှစ်ယောက်နဲ့အတူ လေအလျင်လို ပြေးထွက်သွားသည်လေ။

"ဟာ ... သွားပြီ၊ ငါတို့တော့ တကယ်ခွင်ဆင်ပြီး အလုပ်ကြံ ခံလိုက်ရပြီ။ မင်းတို့ပြောတဲ့ ကောင်လေးနှစ်ယောက်က တစ်ယောက်က မျက်မှန်တပ်ထားပြီး တစ်ယောက်က ဦးထုပ်ဆောင်းထားတယ်၊ ဟုတ်တယ်မှလား"

"ဟာ ... ဟုတ်တာပေါ့။ ကျွန်တော်တောင် မျက်မှန်နဲ့ကောင် အင်္ကျီရင်ဘတ်ကို ဆွဲဆောင့်ပြီး သတိပေးလိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသုံးယောက်က ပါတနာတွေကွ၊ မိုနီကာထွက်သွားလို့ရအောင် မင်းတို့နှစ်ကောင်ကို တမင်အာရုံပြောင်းတာ၊ သူတို့သုံးယောက်နဲ့ ငါ အဝင်အဝမှာ တွေ့ခဲ့တယ်"

"ကျွန်တော်တို့လည်း ထင်တော့ ထင်သားပဲ"

"တောက် ... ငါကွာ ... တော်တော်ခံပြင်းတယ်၊ သိတယ် ဒီကောင်မ ဒီအချိုး ချိုးမယ်ဆိုတာ သိလို့၊ ငါကလည်း တော်ဝင်စင်တာမှာ ပရိမိုးရှင်းရှိလို့ ဒီလောက် ဘော်ဒီဂတ်တွေကြားထဲက လွတ်မထွက်နိုင်ပါဘူးဆိုပြီး သူ ပူဆာတာကို လိုက်လျောခဲ့တာ"

တရှူးရှူး တရှဲရှဲ ဒေါသတွေ ထွက်နေသော သားဖြစ်သူကို ဒေါ်မေရီထား စိတ်မသက်မသာ ကြည့်နေသည်။

"ဂါဝန်ဝတ်ထားတဲ့ လူလည်မက ငါ့ညီမကို ထွက်သွားလို့ရအောင် လုပ်ရုံတင်မကဘူး ငါ့ခြေထောက်ကိုတောင် တက်နင်းသွားသေးတယ်"





အားလုံးက ရဲဂျာစကားကြောင့် ရဲဂျာခြေထောက်တွေဆီ အကြည့်ရောက်သွားကြသည်။ ဘယ်ဘက်ခြေဖမိုးဖြူဖြူလေးပေါ်မှာ ညိုညိုအကွက်လေး တွေ့လိုက်တာမို့ တင်အေးက ...

"အစ်ကိုလေးက အဲဒီနေ့က ရှူးမစီးထားတော့ ခံရတာပေါ့"

ဟု နှုတ်မလည် ပါးမလည် ဝင်ပြော၏။

"ဘာ ... ဒါဆို ဒေါက်ဖိနပ်နဲ့ အနင်းခံရတာ ငါ့အပြစ်ပေါ့၊ ဟုတ်လား ... တင်ထွေး၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စကို မင်းတို့နှစ်ယောက် တာဝန်ယူရမယ်၊ စုံစမ်းရမယ်၊ အထူးသဖြင့် ငါတို့ကို တစ်ပတ်ရိုက်သွားတဲ့ ဟိုလူလည်မကို ပိုက်စိပ်တိုက်ရှာရမယ်"

ရဲဂျာက တင်အေးနှင့် တင်ထွေးတို့၏ ပေါ့လျော့မှုကို တာဝန်ပြန်ယူခိုင်း၏။

"ကဲ ... အဲဒီကိစ္စကို အသာထား၊ မိုနီကာ ကိစ္စကရော ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှာပြီးပြီလေ မာမီ၊ ရန်ကုန်တစ်မြို့လုံး နှံ့နေပြီ၊ ဘယ်ချောင်မှာ သွားပုန်းနေလဲ မသိဘူး၊ ဒီတော့ လုပ်စရာတစ်ခုပဲ ရှိတော့တယ်၊ ဒီလောက် အချစ်ကို ကိုးကွယ်ချင်တဲ့ မိန်းမကို အမွေသာဖြတ်ပစ်လိုက်တော့"

"မင်းပဲ အပြောကောင်း သားဂျာ၊ ရှေ့အပတ်ဆို မင်းဒယ်ဒီ ပြန်ရောက်ပြီ။ ငါတို့ ဟိုဘက်နဲ့ပြောထား ဆိုထားတဲ့ကိစ္စကို ဘယ်လိုလုပ်ရမလဲ၊ ငါတော့ သေသာသေလိုက်ချင်တာပဲ သားဂျာ"

"အဲဒါ မာမီ့အပြစ်တွေလည်း အများကြီးပါတယ်၊ မာမီက သိပ်ကို အောင်မြင်တဲ့ လုပ်ငန်းရှင် ဖြစ်ချင်တာကြောင့်လေ၊ အစကတည်းက စင်ကာပူမှာ ကျောင်းသွားတက်ခိုင်းလိုက် ပြီးနေတာပဲကို"

"ဘယ်လို ... ဘယ်လို ... ပြန်ပြောလိုက်စမ်းပါဦး၊ မင်းကရော ဘာထူးလို့လဲ၊ တစ်နေ့ တစ်နေ့ ပရိမိုးရှင်းလုပ်တာနဲ့၊ ရှိုးပွဲသွားရတာနဲ့၊ သီချင်းရေးရတာနဲ့၊ သီချင်းသွင်းရတာနဲ့၊ မင်းလည်း အောင်မြင်ကျော်ကြားတဲ့ အဆိုတော်





ဖြစ်ဖို့၊ ရေရှည်တည်တံ့ဖို့ ကြိုးစားနေတာပဲ မဟုတ်လား၊ စင်ကာပူမှာ ကျောင်းသွားတက်ဖို့ သူကိုယ်တိုင်မှ ဆန္ဒမရှိဘဲ ငါက ဘာကြောင့် ပိုက်ဆံကုန်ခံရမှာလဲ"

မိုနီကာရဲ့ဘော်ဒီဂတ်နှစ်ယောက်နှင့် ရဲဂျာရဲ့ဘော်ဒီဂတ်နှစ်ယောက်၏ မျက်လုံးတွေက ရဲဂျာနဲ့ ဒေါ်မေရီထားဆီ တစ်လှည့်စီ ကြည့်နေကြတာ မျက်လုံးစွေမတတ်ပင်၊

"ဘာပဲဖြစ်ဖြစ် မိုနီကာ့ကို တွေ့အောင်ရှာရမယ်၊ အဲဒီလိုတွေ့အောင်ရှာဖို့ ဟိုသုံးယောက်ကို အရင်ရှာရမယ်"

"ဟုတ်တယ် ... ဒါကို မာမီ ထောက်ခံတယ်၊ အဲဒီသုံးယောက်ကိုတွေ့ရင် မိုနီကာ ဘယ်မှာလဲ သိလောက်တယ်၊ ပြန်တွေ့လို့ကတော့ ရအောင်ခွဲလိုက်ဦးမယ်၊ အဆင့်အတန်းမရှိတဲ့ ကလေချေနဲ့တော့ လုံးဝကို သဘောမတူနိုင်ပါဘူး"

ရဲဂျာကတော့ ပြန်ခွဲဖို့ မခွဲဖို့ထက် လူလည်ကျသွားသော ခေါင်းဆောင်ဖြစ်ဟန်တူသော ထိုကောင်မလေးကို ရှာတွေ့ချင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မင်းတို့နှစ်ယောက်ကို တစ်လအချိန်ပေးမယ်၊ တစ်လအတွင်းမှာ အဲဒီသုံးယောက်ကို ရအောင်ရှာရမယ်၊ ရှာမတွေ့ရင် မင်းတို့နှစ်ယောက် ဒီကနေ ထွက်သွားတော့"

ဘာတစ်ခုမှ ခြေရာခံမရအောင် အစ,ဖျောက်သွားသော မိုနီကာ့ကို ဒေါ်မေရီထား အကြီးအကျယ် ဒေါပွနေ၏။ ခေါင်းတွေက တဆစ်ဆစ် ကိုက်လာသည်။ မယ်မင်းကြီးမကတော့ အခုလောက်ဆို မိုးမမြင် လေမမြင် ဖြစ်ရလောက်အောင် အပျော်ကြီးကို ပျော်နေမှာ။





## ၅

ဇော်ကြည်သာက ဂီတာကြိုးညှိနေသော တူမဖြစ်သူကို အလိုမကျဟန် လှမ်းကြည့်နေ၏။ နောက်ဆုံးနှစ်စာမေးပွဲအောင်စာရင်းထွက်ပြီးလို့မှ သိပ်မကြာ အလုပ်,လုပ်နိုင်းရမလားဟု နှုတ်လုံ့ထိုးမည် စိုးသောကြောင့် သင်း အလေလိုက်နေသည်ကို အောင့်အည်းသည်းခံနေရသည်။

သူ့ကျူရှင်ဝိုင်းအတွက် ဂိုက်လုပ်ပေးပါလားပြောတော့လည်း လက်မခံ။ အလုပ်တစ်ခုလျှောက်ဖို့အကြောင်း ပြောတော့လည်း မကြားသလို အင်တင်တင်နှင့်။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရဲ့စာမူခနှင့် သူ့ကျူရှင်လခတို့နှင့်ပင် လရိပ်က ဘာအလုပ်မှ လုပ်စရာမလိုအောင် ဖူလုံလှပါသည်။

သို့သော် အိမ်မှာထားလို့ရော အချိုးမှမပြေသည်ပဲ။ ဦးလေးတွေအခန်း ရှင်းပေးဖို့မပြောနဲ့ သူ့အခန်းတောင် သူရှင်းချင်တဲ့သူ မဟုတ်ပေ။

"လရိပ် ... မင်း စိတ်ဆိုးလည်း ပြောတော့ ပြောရမှာပဲ၊ ငါတို့မှာ ဒီတူမလေးတစ်ယောက်ပဲရှိတာ၊ မခိုင်းရက်ပါဘူး၊ ဒါပေမဲ့ကွာ မင်းလည်း ကျောင်းပြီးပြီပဲ၊ အလုပ်တစ်ခုတော့ လုပ်သင့်တယ်"

လရိပ်ပြာ ဖီးလ်အပြည့်နှင့် သီချင်းဆိုဖို့ လုပ်နေတုန်း လေးလေးဖော် စကားကြောင့် တွန့်ခနဲ ဖြစ်သွားသည်။ ကျောင်းပြီးပြီးချင်း ဘာလို့ အလုပ်တန်းလုပ်ရမှာလဲ။ အနည်းဆုံး တစ်နှစ် နှစ်နှစ်လောက်တော့ မနက်စောစောထပြီး ကျောင်းသွားခဲ့ရသည့်ဒုက္ခ၊ စာကျက်ခဲ့ရသည့်ဒုက္ခ၊ စာမေးပွဲဖြေခဲ့ရသည့်ဒုက္ခတွေနှင့် အဝေးဆုံးမှာ အေးအေးချမ်းချမ်းလေး နေချင်သေးသည်လေ။





"မင်း စိတ်ကူးမလွဲနဲ့နော် လရိပ်၊ ကျူရှင်သင်တာ အေးဆေးပဲ၊ တစ်နေ့မှ တစ်နာရီခွဲလောက်လေး သင်ရတာ၊ ပညာတောင် ရသေးတယ်၊ Teaching is learning again ဆိုတဲ့ စကားလိုပေါ့ကွာ"

လရိပ် ဂစ်တာကို နံရံမှာ ထောင်ထားလိုက်သည်။ သီချင်းဆိုချင်စိတ်၊ ဂစ်တာတီးချင်စိတ် ကုန်ခန်းသွားပြီလေ။

"မဖြစ်ပါဘူး လေးလေးဖော်ရာ၊ ပြောစကား ဆိုစကား နားမထောင်ရင် လရိပ်က စိတ်ရှည်တာ မဟုတ်ဘူး၊ ကိုင်ပေါက်မိလိမ့်မယ်၊ မဖြစ်ပါဘူး"

"ဖြစ်ပါတယ်ကွာ၊ ငါလည်း ဒေါသကြီးတာပဲ၊ ဒါပေမဲ့ ပိုက်ဆံရတဲ့အလုပ်ဆိုတော့ စိတ်ရှည်သည်းခံရင်းနဲ့ ဒီလိုပဲ ဖြစ်သွားတာပါပဲ"

"ဟော့ ... ဖော်နဲ့ လရိပ်၊ အလုပ်ကိစ္စ ပြောနေတာလား"

ကျော်ကြည်သာက အပေါ်ထပ်ကို လက်ဖက်သုပ်ပန်းကန်လေးကိုင်ပြီး တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးမလွဲနဲ့ လရိပ်၊ လေးလေးကျော်ဆီက ဝတ္ထုရေးနည်းလေး သင်စမ်းပါ၊ ဆရာစားမချန်ဘဲ သင်ပေးပါ့မယ်၊ လောကကြီးမှာ စာရေးဆရာလောက် လွတ်လပ်မှုရှိတာ မရှိဘူး၊ ဒီမှာ ငါပြောပြမယ်"

လရိပ်ပြာက ဆိုးဆိုးဆတ်ဆတ်နှင့် လက်ဖက်သုပ်ပန်းကန်ကို လေးလေးကျော်လက်ထဲက လှမ်းယူကာ ...

"ပြောတာက်ပြောပါ၊ လောလောဆယ် လက်ဖက်သုပ်ပန်းကန်လေး အရင်ပေးပါဦး၊ စားရင်းနဲ့ နားထောင်ရတာ ပိုအရသာရှိတာပေါ့"

ကျော်ကြည်သာ အစားပုပ်မ လရိပ်ပြာကို မကျေမနပ် ကြည့်လေသည်။ သွားရှာပြီ၊ လက်ဖက်သုပ်ပန်းကန် သူမဆီရောက်သွားလျှင်ဖြင့် သူနဲ့ ဇော်နဲ့ ငတ်ပြီ။ လက်ကိုစက်တပ်ထားသလို အဆက်မပြတ် ဇွန်းဖြင့် လက်ဖက်သုပ်တွေကို ပါးစပ်ထဲ ထိုးသွင်းနေသော လရိပ်ပြာက ဇွန်းကို ယောင်လို့မျှချချင်ပုံမရ။





"ပြောလေ လေးလေးကျော်ရဲ့၊ ဒီမှာ နားထောင်နေတဲ့ဟာကို"

ပလုတ်ပလောင်းသံဖြင့် လရိပ်ပြာ ပြောတော့မှ ကျော်ကြည်သာက ဒီငနဲမလေးကို အစာနဲ့မျှားပြီး သူ့အလုပ်ကို စိတ်ဝင်စားလာအောင်ပြောဖို့ စိတ်ကူးလိုက်ကာ ...

"ဒီမှာ လရိပ် ... မင်း စဉ်းစားကြည့်၊ ကျူရှင်ဆရာအလုပ်က ဘယ်လောက်ပဲ ကောင်းတယ်ပြောပြော စာရေးဆရာအလုပ်ကိုတော့ ဘယ်မီပါ့မလဲကွာ၊ မင်း စဉ်းစားကြည့်၊ ဆရာတွေက အရမ်း stress များတာ၊ ကလေးတွေ မတိုးရက်ရင်လည်း စိတ်ညစ်ရတယ်၊ ဒီကြားထဲ မိဘတွေကကျိုးကကြောင်ပြောလည်း စိတ်ညစ်ရတယ်၊ လွတ်လပ်မှုလည်းမရှိဘူး၊ တာဝန်လည်းကြီးသေးတယ်၊ ငါတို့စာရေးဆရာတွေကျတော့ idea ကောင်းရင် ကောင်းသလို လွတ်လပ်စွာ ကြံစည်ရေးသားနိုင်တယ်၊ နေမကောင်းဖြစ်လည်း ကုန်းရုန်းပြီး စာသွားသင်စရာ မလိုဘူး။ အချိန်ဆိုတာနဲ့လည်း ကန့်သတ်မထားဘူး၊ ရေးချင်စိတ်ရှိရင် တစ်ညလုံး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရေးနိုင်သလို၊ မရေးချင်လည်း စာတစ်ကြောင်းလောက်နဲ့ တော်လိုက်လို့ရတယ်လေ၊ ဘယ်လောက်ကောင်းလိုက်လဲ"

"ဟာ ... ဒီလိုဆိုတော့လည်း စိတ်ဝင်စားစရာပဲ လေးလေးကျော်ရဲ့"

ဇော်ကြည်သာက သူ့အလုပ်ကို ထိနိုက်ပြောလာသော ကျော့်ကို ခပ်ချဉ်ချဉ် ဖြစ်နေသည်။

"ဟော့ကောင် ... ဟော့ကောင် ... မင်းတို့စာရေးဆရာတွေက လက်လှုပ်မှ ပါးစပ်လှုပ်ရတာပါကွာ၊ လူတွေက နဂိုကတည်းကမှ လောဘ၊ ဒေါသ၊ မောဟတွေ များရတဲ့အထဲ မင်းတို့ကောင်တွေက မီးထပ်ရှို့နေတာ"

"ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒါလည်း ဟုတ်တယ်"

လရိပ်က ငရုတ်သီးစိမ်းကို ကိုက်စားရင်း ရှူးရှူးရှဲရှဲနှင့် ခေါင်းညိတ်ထောက်ခံပြန်သည်။ သူမလက်ထဲက ပန်းကန်ထဲမှာ လက်ဖက်သုပ်က ကုန်လုနီးပါး။

"ဘာပဲဖြစ်ဖြစ် စာရေးဆရာအလုပ်က ပိုကောင်းတယ်ကွာ"





"မဟုတ်ဘူး၊ မွန်မြတ်တဲ့အလုပ်ထဲမှာပါတဲ့ ဆရာအလုပ်ကမှ ပိုသာတာကွ"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ နိုင်အောင်ပြောထားကြ။ မဆိုးဘူး လေးလေးတို့ MRTV-4 ထဲမှာလာခဲ့တဲ့ စကားနပန်းထဲကလို ငြင်းနိုင်ကြတယ်၊ ဆက်ငြင်းကြဦးနော်၊ လရိပ်အောက်မှာ ရေသွားသောက်လိုက်ဦးမယ်၊ ငရုတ်သီးစိမ်းက စပ်လွန်းလို့"

လရိပ်ပြာသည် ပြောင်သလင်းခါသွားသော လက်ဖက်သုပ်ပန်းကန်ကို သာသာလေး ထားခဲ့ကာ အိမ်အောက်ထပ်သို့ လစ်ထွက်လာခဲ့သည်။

ဇော်ကြည်သာနဲ့ ကျော်ကြည်သာ ပြိုင်တူလက်ဖက်သုပ်ပန်းကန်ဆီ မျက်စိရောက်သွားကြသည်။ ပြည့်ပြည့်မောက်မောက် သုပ်ထားသော လက်ဖက်သုပ်တို့သည် တစ်မုဟုတ်ချင်း တစ်စိမှမကျန်သည့် အဆင့်သို့၊ ဒီထက်ပိုပြီး ပေါ်လွင်အောင် ပြောရရင် ရေလေးကျင်းရုံနဲ့ပင် ပြောင်သွားနိုင်သောအဆင့်သို့ ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လရိပ် ငါတို့ကို ပညာပြသွားပြီ"

နှစ်ယောက်သား မျက်နှာမှာ စိတ်ပျက်စိတ်ကုန် ဟန် အထင်းသား။

❦ ❦ ❦





ဿ ၆ ဿ

လက်ဖက်ရည်ဆိုင်ထဲမှာ နေ့လယ်(၁)နာရီမို့လား တော့မသိ လူရှင်းနေသည်။ ဆိုင်ထောင့်က စားပွဲတစ်လုံးမှာ လရိပ်ပြာ၊ ဟိန်းထက်၊ နိုင်သူနှင့် ဖြူပွင့်တို့ လေးယောက်သား နွေနေ့ရဲ့အပူရှိန်ကြောင့် မျက်လုံးများစင်း၍ သွေးလေးနေကြ သလို၊ ထမင်းဆိပ်တက်ပြီးပဲ ငိုက်ချင်နေကြသလိုနှင့် ထိုင်းမှိုင်း နေကြသည်။

"ဟဲ့ ... ဝဏ္ဏတို့ ဘယ်လိုလဲ၊ အဆင်ပြေကြတယ် မဟုတ် လား၊ အခု သူတို့ ဘယ်ရောက်နေကြလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လည်း မသိဘူး ဖြူပွင့်ရ၊ လရိပ်ဆီတော့ ဖုန်းဆက်တယ် ပြောတယ်"

"အင်း ... သူတို့ အဆင်ပြေကြပါတယ်၊ ဒီကောင် ဝဏ္ဏ အဘိုးအဘွားတွေက လယ်ယာတွေ တော်တော်ပိုင်တယ် ဆိုပဲ၊ အခု အဘိုးအဘွားတွေနဲ့ အတူနေတယ်တဲ့၊ သူတို့လည်း လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးပြီ ပြောတယ်"

"အခု သူတို့ ဘယ်မှာလဲဟင်"

သိလိုစိတ်အပြည့် မျက်ဝန်းများပိုင်ရှင် ဖြူပွင့်ကို လရိပ် သိပ်မသက်သာချင်ပါ။

"ဆောရီးပဲ ဖြူပွင့်ရာ၊ နင့်ကို မယုံလို့တော့ မဟုတ်ဘူး၊ ငါတို့ ခဲရာခဲဆစ် ဓာတ်လမ်းဆင်ပြီး ပံ့ပိုးပေးထားရတာမို့ သူတို့ ဘယ်မှာရှိတယ်ဆိုတာ လျှို့ဝှက်ထားရတာပါ။ အခုလောက်ဆို မိနီကာဘက်ကလည်း နေမှာမဟုတ်ဘူး။ သူတို့နှစ်ယောက်ကို ပိုက်စိပ်တိုက် ရှာနေလောက်ပြီ"





"ဝဏ္ဏတို့အိမ်ကလည်း ဝဏ္ဏ မိနီကာ့ကို ခိုးသွားတာသိတော့ ခြေမကိုင်မိ လက်မကိုင်မိတွေ ဖြစ်နေကြတယ်။ မိနီကာတို့ဆီ လူမှုရေးအရ ဆက်သွယ်ကြည့်တော့ ဟိုဘက်က ခါးခါးသီးသီးပဲတဲ့၊ သူတို့ အသိအမှတ် မပြုနိုင်ဘူးဆိုပဲ"

ဟိန်းထက်က သူသိလာသမျှကို ပြန်ဖောက်သည်ချနေ၏။

"ဘာပဲဖြစ်ဖြစ်ဟာ သူတို့က အခု လင်မယားဖြစ်သွားကြပြီပဲ၊ မိနီကာတို့ဘက်က ဘာသဘောလဲ"

ဖြူပွင့်ကတော့ အန်တီမေရီထား သဘောထားကို သိသည်။ ဝဏ္ဏတို့ဘက်က ဆက်သွယ်လာသည်ကို အသိအမှတ် မပြုဘဲ သူတို့ဘာသာ ကျိတ်ရှာပြီး ရအောင်ပြန်ခွဲချင်သည့်သဘောပဲပေါ့။

ဒီပုံအတိုင်းဆို မိနီကာ ဘယ်မှာ ရှိနေသည်ကို လရိပ်ပြာ ကောင်းကောင်းသိပုံရသည်။ သူမကလည်း ဒီကိစ္စမှာ တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်ခဲ့သူမို့ အန်တီမေရီထား ဆက်သွယ်လာတော့ မျက်နှာပျက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လရိပ်ပြာ ... ဘာပဲဖြစ်ဖြစ် ဖြူပွင့်က မိုနီကာရဲ့အချစ်ဆုံး သူငယ်ချင်းဆိုတော့ သူ့အကျိုးစီးပွားပျက်အောင် ဘယ်တော့မှ လုပ်မှာမဟုတ်ပါဘူး။ ပြီးတော့ လရိပ်ပြာ မေ့နေပြီလား မသိဘူး၊ အဲဒီနေ့က အချိန်းအချက်ကို မိုနီကာ့ဆီ ရောက်အောင်ပို့ပေးခဲ့သူက ဖြူပွင့် ဆိုတာကို လေ၊ ပြီးတော့ မိုနီကာလည်း အလကားပဲ၊ ဖုန်းဆက်ဖော်တောင် မရဘူး"

"အဲဒီလို မဟုတ်ပါဘူး ဖြူပွင့်ရယ်၊ ဖြူပွင့်က မိုနီကာရဲ့ အခင်ဆုံးသူငယ်ချင်းမို့ သူ့မိဘတွေက ဖြူပွင့်ဆီမှာပဲ စုံစမ်းကြမယ်ဆိုတာသိလို့ သူ မဆက်သွယ်တာ ဖြစ်မှာပါ"

ဖြူပွင့် မျက်နှာ မည်းခနဲ ပျက်သွားသည်။ သူတို့ အုပ်စု လူစုခွဲချိန်မတော့ ဖြူပွင့်က မိုနီကာကို ခင်သော်လည်း နေရာတကာတွင် ဆရာကြီးလုပ်လွန်းသော လရိပ်ပြာကို ကြည့်မရစွာနှင့်ပင် လရိပ်ပြာ၏လိပ်စာကို အန်တီ မေရီထားတို့ဆီ အရောက်ပို့ပေးဖို့ ဆုံးဖြတ်လိုက်သည်။





ဘယ်လိုပဲဖြစ်ဖြစ် လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးထားပြီးသော မိုနီကာ ဘာပြဿနာမှ မတက်နိုင်တာ သေချာသည်။ သို့သော် လရိပ်ပြာကတော့ အနည်းနဲ့အများ အကျပ်အတည်း တွေ့ရမည်မှာ မလွဲပေ။

ဖြူပွင့် သူမစလင်းဘတ်ထဲက ဟန်းဖုန်းထုတ်ပြီး နံပါတ်တစ်ခုကိုနှိပ်ကာ အလွတ်နီးပါးရနေသော လိပ်စာတစ်ခုကို အားတက်သရော ရွတ်ပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေရီထားသည် မိုနီကာ့သူငယ်ချင်း ဖြူပွင့်ဆီမှ သူမတို့အလိုရှိနေသော ကောင်မလေး၏ လိပ်စာကို ရလိုက်၍ ထ,ခုန်မတတ် ဝမ်းသာနေသည်။ နာမည်လေးကတော့ အမိုက်စားပင် "လရိပ်ပြာ"တဲ့။

"ကဲ ... တင်ထွေးနဲ့ တင်အေး၊ မင်းတို့နှစ်ယောက်က လူက ကြံ့ခိုင်သလောက် ဘာဦးနှောက်မှ ရှိတာတွေမဟုတ်တော့ ငါကိုယ်တိုင်ပဲ မိုနီကာ့သူငယ်ချင်းဆီက မင်းတို့ကို တစ်ပတ်ရိုက်သွားတဲ့ ကောင်မလေးရဲ့လိပ်စာကို ရအောင် စုံစမ်းခိုင်းလိုက်ရတယ်၊ အခု မင်းတို့နှစ်ယောက် လုပ်ရမှာက အဲဒီကောင်မလေးကို စောင့်ကြည့်ဖို့ပဲ၊ အခြေအနေပေး





ရင် ဒီကိုရောက်အောင် ခေါ်ခဲ့ရမယ်၊ ဟုတ်ပြီလား၊ ငါအကြာကြီး မစောင့်နိုင်ဘူးနော်၊ ဒါ မင်းတို့ရဲ့ နောက်ဆုံး အခွင့်အရေးပဲ"

"ဟုတ်ကဲ့ပါ မာမီ၊ ကျွန်တော်တို့ သူ့ကို ရအောင်ခေါ်လာခဲ့ပါ့မယ်"

ညီအစ်ကိုနှစ်ယောက်ရဲ့ စကားသံရော မျက်နှာထားပါ ယုံကြည်ချက်အပြည့်နှင့်။

"ရော့ ... ဒီမှာ လရိပ်ပြာရဲ့လိပ်စာ၊ အခြေအနေကို အကဲခတ်၊ မိုနီကာ ဘယ်မှာလဲလို့မေးရင် သူ ဖြေမှာမဟုတ်တာ သေချာလို့၊ မင်းတို့လုပ်ရမယ့်အလုပ်က သူ့ကို ဒီကိုပါလာအောင် ခေါ်လာဖို့ပဲ"

တင်အေးက ဒေါ်မေရီထား ကမ်းပေးသောလိပ်စာကို လှမ်းယူလိုက်ကာ သူတို့နှစ်ယောက်ကို လှလှပပပညာပြသွားသော ငနဲမလေးကို ရအောင်အမိဖမ်းပြမည်ဟု စိတ်ထဲက ကြိမ်းဝါးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တင်အေး၊ တင်ထွေး ညီအစ်ကိုနှစ်ယောက်သည် ယောင်လည်လည်ဖြင့် လရိပ်ပြာနေရာ ရပ်ကွက်သို့ ရောက်ရှိလာသည်။

လိပ်စာအရ ရှာတွေ့သောအိမ်က ချစ်စရာ နှစ်ထပ်အိမ်လှလှလေးတစ်လုံး။

သူတို့နှစ်ယောက် ထိုအိမ်ရှေ့မှ ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြသည်။ လမ်းထိပ်တွင် ကားရပ်ထားပြီး ထိုကားထဲတွင် အစ်ကိုလေး၏ဘော်ဒီဂတ် မိုးချိုနှင့် မိုးကိုတို့ပါကြသည်။ မိုးချိုနဲ့ ပုံးကိုက အစ်ကိုလေးတို့နှင့် ဆွေမျိုးနီးစပ်တော်သည်မို့ သူတို့ကပို၍ ပ,စားပေးခံရသည်။

အမှန်ဆို သူတို့ရုပ်တွေကို သိနှင့်ပြီးသားဖြစ်တဲ့ လရိပ်ပြာ ဆိုတဲ့ ကောင်မလေးကို စောင့်ကြည့်ဖို့ဆိုတာ ဘယ်မှာလာပြီး လွယ်ကူလိုက်မလဲ။ သူတို့နှစ်ယောက်က ကားပေါ်နေခဲ့ပြီး မိုးချိုနဲ့ မိုးကိုက ဒီတာဝန်ကို ထမ်းဆောင်မှသာ အဆင်ပြေမည်ပေါ့။





ပြောလိုက်လျှင် လူကို ဦးနှောက်မရှိဘူးလေး ဘာလေးနှင့် ဝိတ်ပေါလေး ဘာလေးနှင့် တကယ်ဦးနှောက်မရှိတာ သင်းတို့မှအစစ်။ သူတို့ကိုတွေ့လို့ကတော့ "လရိပ်ပြာ"ဆိုတဲ့ငနဲမလေး ဘယ်တော့မှ အပြင်ထွက်လာမှာ မဟုတ်ပေ။

"ဒီတစ်ခါ ငါတို့ အောင်မြင်အောင် လုပ်ရမယ် တင်ထွေး၊ နို့မို့ ခေါင်းနဲ့ဆင်းရလိမ့်မယ်၊ ငါ အပြင်မှာ ပင်ပင်ပန်းပန်း အလုပ်မလုပ်နိုင်ဘူး"

"အေး ... မင်းပဲ အပြောကောင်းတယ်၊ ဟိုငတိမက ငါတို့ ဒီလိုလမ်းသလားနေမှတော့ ဘယ်လိုထွက်လာတော့မှာလဲ"

တင်ထွေးက စိတ်တိုတိုနှင့် ပြန်အော်သည်။ လူကညောင်းလွန်းလို့ သေချင်စော်ပင် နံနေပြီ။ ချွေးတွေကလည်း တစ်ကိုယ်လုံး ရွှဲနေသည်မှာ ရေချိုးထားသလိုပင်။

ထိုအခိုက် အိမ်ထဲမှ ရှပ်အင်္ကျီလက်တို၊ ဘောင်းဘီအတို ဝတ်ထားပြီး ဦးထုပ်တစ်လုံး ဆောင်းထားသော ယောကျ်ားလေးလား မိန်းကလေးလား ခန့်မှန်းရခက်သော လူရိပ်သည်



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးလေးတွန်းပြီး ခြံတံခါးဝမှ ထွက်လာလေသည်။ လျှာထိုးဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားတာမို့ သူ့မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။

လရိပ်ပြာ စက်ဘီးနင်းဖို့ အားယူနေစဉ် ဘွားခနဲ သူမရှေ့မှ ရုပ်ဆိုးဆိုးလူနှစ်ယောက်ကို တွေ့လိုက်တာမို့ လိပ်ပြာလွင့်မတတ် တုန်လှုပ်သွားသည်။ သေချာသည်။ ဒါ ဖြူပွင့်လက်ချက်ပဲဖြစ်မည်။

လရိပ်ပြာက လွင့်သွားတော့မယောင် ဖြစ်နေသော လိပ်ပြာကို ပြန်ဖမ်းလို့ ဣန္ဒြေရရနှင့် စက်ဘီးနင်းသွားသည်။

"ဟေ့ ... ဒီမှာ ခဏ ... ခဏ"

နောက်မှ လှမ်းခေါ်သံကြောင့် လရိပ်ပြာ စက်ဘီးကို ဆက်ပြီး နင်းသွားရမလား၊ ပြန်လှည့်ရမလား ဝေခွဲမရ။ နောက်ဆုံး ရဲရင့်စွာဖြင့် ပြန်လှည့်လိုက်ပြီး သူတို့ဘေးနားသို့ စက်ဘီး ကျီခနဲနေအောင် ထိုးရပ်လိုက်သည်။

"ဒီအိမ်မှာ လရိပ်ပြာ ဆိုတဲ့ ကောင်မလေး နေတယ်မဟုတ်လား"





တင်ထွေးက အနားမှာလာရပ်သော စက်ဘီးပေါ်က လူ၏မျက်နှာကို သေချာအကဲခတ်နေသည်။ အဆီတဝင်းဝင်းနှင့် ပြောင်သလင်းခါနေသော မျက်နှာလေးက သူတို့ တော်ဝင်စင်တာမှာ တွေ့ခဲ့သည့် ကောင်မလေးနဲ့ တူသလိုလို၊ မတူသလိုလိုနှင့်။

"ဟုတ်တယ် ... ကျွန်တော့် အစ်မပဲ၊ ဦးလေးတို့က ဘာကိစ္စရှိလို့ ကျွန်တော့်အစ်မကို လာမေးနေတာလဲ"

လရိပ်ပြာကလည်း ဟန်တစ်ခွဲသားနှင့် ပြန်အကြောင်းရိုက်လိုက်သည်။

"ဟို ... ဦးလေးအရွယ် မဟုတ်သေးပါဘူးကွာ၊ ငါတို့က ထွားလို့ပါ၊ အစ်ကိုတို့ကလေ ညီမလေးရဲ့အစ်မနဲ့ မိတ်ဆွေတွေပါ၊ အခု 'လရိပ်ပြာ' အိမ်မှာရှိသလား မသိဘူး"

"ဟင့်အင်း ... မရှိဘူး၊ သူ နိုင်ငံခြားသွားပြီလေ၊ ခင်ဗျားတို့ မသိဘူးလား၊ အိမ်ထဲဝင်ချင် ဝင်လေဗျာ၊ မမသူငယ်ချင်းတွေဆိုတော့ ကျွန်တော် လိုက်ပို့ပေးမယ်၊ အိမ်မှာ ကျွန်တော့်ဦးလေး သိုင်းဆရာနှစ်ယောက်ရှိတယ်၊ အင်း ...



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတို့က ဗလခပ်တောင့်တောင့်ဆိုတော့ ကျွန်တော့် ဦးလေးနှစ်ယောက်နဲ့ ပညာချင်း ဖလှယ်သွားပါလား"

လရိပ်ပြာ စကားကြောင့် သူတို့ညီအစ်ကိုနှစ်ယောက် ထိုကလေးမကို ပို၍သက်ာမကင်း ဖြစ်သွားသည်။ တင်ထွေးက ဆတ်ခနဲ ထိုကောင်မလေး ဆောင်းထားသော ဦးထုပ်ကိုဆွဲချွတ်လိုက်သည်။ လရိပ်ပြာက ရုတ်တရက်မို့ အငိုက်မိသွားကာ ဒေါသလည်း ထောင်းခနဲ ထွက်သွားသည်။

ဆံပင်စုစည်းထားသော တိတိပပ မျက်နှာလေးကို တင်ထွေးနှင့် တင်အေးက စိတ်ထဲမှ မိတ်ကပ်ရောင်စုံ ခြယ်ပေးလိုက်ကြပြီး အနက်ရောင်ဂါဝန်လေးပါ ဝတ်ပေးလိုက်ကြသည်။

"မင်း ... လရိပ်ပြာပဲ၊ မပြေးနဲ့"

စက်ဘီးပေါ် လွှားခနဲ ခုန်တက်ဟန်ပြုနေသော လရိပ်ပြာ၏ လက်တစ်ဖက်ကို တင်ထွေးက လှမ်းဆွဲစဉ်တွင် လရိပ်ပြာက ဆတ်ခနဲ ရှောင်လိုက်ပြီး တင်ထွေး၏လက်ကို ပြန်လိမ်ချိုးလိုက်၏။ မထင်မှတ်သော သူမ၏တုံ့ပြန်မှုကို တင်အေး





ကြက်သေ,သေနေရာမှ သူမ၏လက်တစ်ဖက်ကို လှမ်းချုပ်ဖို့ ကြိုးစားပြန်သည်။

တတ်သည့်ပညာ မနေသာဆိုသလို လရိပ်ပြာက ကိုယ်ကိုယိမ်းပြီး ရှောင်လိုက်ပြီး တင်ထွေးရဲ့လက်ကို ပြန်လွှတ်ပေးကာ လဲသွားသောစက်ဘီးကိုမ,ဖို့ ကိုယ်ကိုကိုင်းညွတ်လိုက်စဉ်တွင် လရိပ်ပြာကို ဖမ်းချုပ်ရန် ကမူးရှူးထိုး ဝင်ရောက်လာသော တင်ထွေးနဲ့ တင်အေး ခေါင်းနှစ်လုံး ခွပ်ခနဲ အသံမြည်အောင် တိုက်မိသွားတော့သည်။

လရိပ်ပြာလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ စက်ဘီးပေါ် မြန်မြန်ခွတက်ပြီး နင်းပြေးတော့သည်။ နောက်နားဆီမှ ညည်းတွားသံနဲ့အတူ ကျိန်ဆဲသံ ခပ်အုပ်အုပ်ကိုလည်း ကြားလိုက်ရသည်။ သူတို့ဖြစ်အင်ကို လမ်းထဲမှ လူတစ်ယောက်စ, နှစ်ယောက်စ, ထွက်ကြည့်နေကြသည်မို့ တင်ထွေးနဲ့တင်အေး ညီနောင်နှစ်ဦးတို့ ရှက်ရှက်နှင့် အောင်မြင်စွာ ဆုတ်ခွာခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် နှစ်ကောင်၊ ဘယ်လိုလဲ အဆင်ပြေလား"

ကားထဲဝင်လာကြသော ညီအစ်ကိုနှစ်ဦး၏ ရှုံ့မဲ့မဲ့ ပုံစံက အရေးတော်ပုံ မလှခဲ့ကြောင်း သက်သေခံနေသည်လေ။ ဒီဗိုတ်ပေါ်နှစ်ကောင် ဘာလုပ်လုပ် အချိုးပြေတာ မဟုတ်ပေ။ သင်းတို့နှစ်ကောင် ကြိုးစား၍မရမှ ကျစ်လျစ်သော ခန္ဓာကိုယ်နှင့် စတိုင်လ်အပြည့်ရှိသော မိုးကိုနှင့် မိုးချိုဆိုသည့် သူတို့နှစ်ယောက်က ဒီကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ကြမည်။ ဒါမှ သူတို့နှစ်ယောက် နာမည်ကောင်းရမည် မဟုတ်လား။

ဆံပင်ကို ဂျယ်ထောင်ထားသော တင်အေးနဲ့ တင်ထွေးတို့၏ နဖူးပြင်ကျယ်ကျယ်တွင် ကွမ်းသီးလုံးပမာခန့် ရှိသော ဘုသီးတွေက နေရာယူနေကြ၏။ မဖြစ်စလောက်ကောင် မလေး၏ ဒုတိယအကြိမ် ပညာပေးတာ ခံခဲ့ရသဖြင့် ညီအစ်ကို နှစ်ယောက်လုံး အံတကြိတ်ကြိတ်၊ လက်သီးတပြင်ပြင်နှင့် ကြိတ် မနိုင်ခဲမရ တောက်တခေါက်ခေါက် ဖြစ်နေကြသည်။





## ၇

ဒီနေ့ လေးလေးကျော် စာမူခရလာသည်မို့ အိမ် အတွက် ဘဲကင်ဝယ်လာသည်။ အိမ်အတွက် ဆိုပြားလည်း လရိပ်အတွက်လို့ပြောလျှင် ပိုမှန်ပေလိမ့်မည်။ လေးလေးဒေါ်က ဘဲသားမစားသူမို့ လရိပ်က လေးလေးကျော် ဘဲကင်ဝယ်လာလျှင် သုံးယောက် ခွဲစားစရာ မလိုသည့်အတွက် အလွန်ကိုကျေနပ် အားရ ဖြစ်မိသည်။

"ဟော့ကောင် ... ကျော်၊ မင်း သောက်လာပြန်ပြီလား၊ ငါ အနံ့ရတယ်နော်"

သူနဲ့ လရိပ်ကြားထဲ ဝင်ထိုင်သော ကျော်ကြည်သာ ကို ဒေါ်ကြည်သာ နှာခေါင်းရှုံ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းလေးပါကွာ ဘီယာလေးပါ၊ ငါ့မိတ်ဆွေတွေနဲ့ သွားတာဆိုတော့ မသောက်ရင် ရိုင်းရာကျမှာစိုးလို့ပါ၊ ဆေးဖြစ်ဝါးဖြင့် စကားပြောကောင်းရုံလောက်ပါ"

လရိပ်က သူတို့နှစ်ယောက်ကြားမှာ ဘာစကားမှ ဝင်မပြောအား၊ သူမရှေ့ခုံတွင် လေးလေးကျော် လာချပေးသော ပန်းကန်ထဲမှ ဘဲကင်ကို တစ်တုံးပြီးတစ်တုံး ယူစားပြီး အရသာ တွေ့နေသည်။

ဒီနေ့ ကြာသပတေးနေ့မို့ မြဝတီရုပ်မြင်သံကြားက အနုပညာရှင်များ၏ တစ်နေ့တာ အစီအစဉ်ကို လေးလေးဇော်နှင့် သူမတို့ တခုတ်တရ စောင့်ကြည့်နေကြသည်။

"ဘာ ... ဘယ်သူ့ရဲ့တစ်နေတာ၊ ဒီရဲဂျာ ... ဟုတ်လား"

လေးလေးကျော်က TV screen ပေါ်မှ ရေးထားသော စာတန်းကို မျက်မှန်မပါဘဲ ရမ်းသမ်းဖတ်ပြီး ထင်ရာပြောတော့ သည်။

"ရဲဂျာပါ လေးလေးကျော်ရာ၊ ဒီရဲဂျာ မဟုတ်ပါဘူး"





"ဆောရီး ... ဆောရီး၊ ငါ ကာတွန်းစာအုပ်နဲ့ မှားသွားလို့"

ခမ်းနားကြီးကျယ် ထည်ဝါသော သူနေထိုင်သည့် အိမ်ကြီးကို အရင်ဆုံးပြသည်။ ပြီးတော့ တစ်ခန်းလုံး အပြာနုရောင်ခန်းဆီး၊ လိုက်ကာ၊ အိပ်ရာခင်းနဲ့ နောက်ဆုံး သူဝတ်ထားသည့် ညဝတ်အင်္ကျီက အစ,အပြာရောင်ဖျော့ဖျော့လေး ဖြစ်နေသည်။ သူက အိပ်ရာမှ ထ,လာပြီး အကြောဆန့်လိုက်ကာ ...

"Good morning မင်္ဂလာ နံနက်ခင်းပါ ပရိသတ်ကြီး၊ ကျွန်တော် မနက်(၇)နာရီဆို ပုံမှန်ထ,ပါတယ်"

"သိပ်မကွာပါဘူး၊ သုံးနာရီလောက်ပဲ ကွာပါတယ်"

လေးလေးကျော်ရဲ့ အဆက်အစပ်မရှိသော စကားကြောင့် လရိပ် လှည့်ကြည့်လိုက်တော့ ...

"မင်းနဲ့လေ လရိပ်၊ သူက ခုနစ်နာရီထတယ်၊ မင်းက ဆယ်နာရီထ,တယ်၊ ဆယ်နာရီထဲက ခုနစ်နာရီနုတ်တော့ သုံးနာရီ မဟုတ်ဘူးလား ကျုရှင်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးကျော် ခပ်ထွေထွေရှိလျှင် ဒီအတိုင်းပဲ ပေါက်ပေါက်ဖောက်သလို စကားပြောသည်။

"မနက်အိပ်ရာကနိုးနိုးချင်း ကျွန်တော် မှန်အရင်ကြည့်ပါတယ်၊ ငယ်ငယ်ကတည်းက အကျင့်တစ်ခုလိုတောင် ဖြစ်နေပြီဆိုတော့လေ ... ဟင်း ဟင်း ဟင်း ဟင်း"

မြင့်မားသောအရပ်၊ ကျစ်လျစ်သော ကိုယ်ခန္ဓာနှင့် ဆွဲဆောင်မှုရှိသော သူ့အပြုံးက လရိပ်ကို မျက်တောင်မခတ် မှင်သက်ငေးမောသွားစေသည်။

"ပြီးတော့ ရေတစ်ဖန်ခွက် သောက်တယ်၊ ကျွန်တော့်ရဲ့ ဒီစားပွဲပေါ်မှာ ရေကရား အမြဲတမ်း အဆင်သင့်ပဲ"

"ဟာဟ ... သူက မျက်နှာမသစ်ဘဲ ရေလောက်ပဲသောက်တာ၊ ငါ့တူမက မျက်နှာမသစ်ဘဲ မုန့်တောင်စားလိုက်သေးတယ် ... ဟင်း ဟင်း ဟင်း ဟင်း"

လေးလေးကျော် ရဲဂျာ ရယ်သလို အတုခိုးပြီး ရယ်နေသည်။





"လေးလေးနော် ... ကြည့်ချင်ရင် ပါးစပ်လေးပိတ်ပြီး ကြည့်ပါဗျာ။ အာရုံနှောက်လိုက်တာ"

ဘေးနားက စကားတောက်လျှောက်ပြောနေသော လေးလေးကို လရိပ်က TV screen ပေါ်ကနေ မျက်လုံးမလွှဲဘဲ လှမ်းဟန့်လိုက်သည်။

"ဒါကတော့ ကျွန်တော့်ရဲ့ဖေးဘရိတ် ဘရိတ်ခ်ဖတ်စ်လေ၊ ပဲပြုတ်နဲ့ ထမင်းကြော်၊ နက်စ်ကော်ဖီ ... သောက်ပါဦး"

လရိပ် သူ့လှုပ်ရှားဟန်တွေကြားမှာ နစ်မျောသွားသည်။ တဒုတ်ဒုတ်နဲ့ ခုန်လာသောရင်ကြောင့် ရှက်လန့်တကြားဖြစ်လျက် မျက်နှာတွေတောင် နီလာသည်။ သူ ဘယ်လောက်မာနကြီးလဲ၊ ဘယ်လောက် ဒေါသကြီးလဲ မင်းသိနေတာပဲ။ ဒါ TV ရိုက်တာမို့ ဟန်ဆောင်နေတာ။ ပြီးတော့လည်း မင်းကို သူ့ညီမကိစ္စနဲ့ ပတ်သက်ပြီး အခဲမကျေလို့ ဘော်ဒီဂတ်တွေတောင် လွှတ်လိုက်ပြီး ပြဿနာရှာခိုင်းတဲ့သူ။ လရိပ်ပြာသည် သိသိသာ



www.burmeseclassic.com

www.burmeseclassic.com



သာ ဖောက်လွှဲဖောက်ပြန် ဖြစ်သွားသော သူ့မနုလုံးသားကို ထိန်းချုပ်နိုင်ရန် နေရာက ဆတ်ခနဲထကာ အိမ်ပေါ်ထပ်သို့တက်သွားလိုက်သည်။

"ဟာ ... ဒီကောင် ဘယ်လိုဖြစ်သွားတာလဲ"

"မင်း စကားများလို့ပေါ့ကွာ ကျော်ရာ၊ မင်းကို ငါလည်း ပြောရလွန်းလို့ အမြှုပ်တောင် ထွက်တော့မယ်၊ အနေအထိုင် ဆင်ခြင်ပါကွာ"

အရည်ဝင်သွားလျှင် အလွန် အင်မတန်ရစ်သော၊ စကားများသော ကျော်ကြည်သာက ဒီစကားလောက်ကို ခေါင်းထဲပင်မထည့်။

"အေးပါကွာ ... အေးပါ၊ ဟင်း ဟင်း ... မိလရိုပ်၊ ငါ ဝယ်လာတဲ့ ဘဲကင်ကို တဖြုန်းစ်ဖြစ်စားပြီး ကုန်တော့မှ ထ, စိတ်ဆိုးနေသေးတယ်၊ အစကတည်းက စိတ်ဆိုးလိုက်ပါလား၊ ဒါမှ ငါ ဝဝလင်လင် စားရမှာ၊ အခုတော့ ဘဲကင်ဝယ်လာပေးတဲ့ မျက်နှာကိုမှမထောက်"





ဇော်ကြည်သာ နာရီတစ်ချက် လှမ်းကြည့်ပြီး အိပ်ရာဝင်ဖို့ နေရာမှ ထ,လိုက်သည်။

"ဟာ ... အစ်ကိုကြီးဇော် ... ဘယ်လဲ၊ ဘယ်သွားဦးမလို့လဲ"

"ဟေ့ကောင် ... ကျော်၊ ငါ့ကို လာမရစ်နဲ့နော်၊ ငါမနက်ကျုရှင် အစောသွားရမှာမို့ အိပ်ရာဝင်တော့မလို့"

"ရတယ် ... ရတယ် ... သွားကြ။ ငါကတော့ ဒီရဲရှာကို ဆက်ကြည့်လိုက်ဦးမယ်၊ အင်း ... အင်း ... မဆိုးပါဘူး။ ဟား ... မင်းရှာကင်ကြီးကု မိုက်လှချည်လား၊ ငါ့ကိုခဏ ငှားဝတ်စမ်းပါ ဒီရဲရှာရ"

ဇော်ကြည်သာ ခေါင်းကို အသာယမ်းလိုက်သည်။ ဒီကောင် ကျော်ကြည်သာ အရည်ဝင်ပြီဆိုလျှင် သူ လုံးဝမနိုင်တော့ဘဲ လက်မြှောက်လိုက်ရသည်ချည်းပင်။

လရိပ် အိပ်ရာထဲမှာ အိပ်မပျော်နိုင်၊ မျက်လုံးတွေက အကြောင်သား။ ထိုအကြောင်သား မျက်လုံးတွေထဲမှာ ရဲရှာ



www.burmeseclassic.com

www.burmeseclassic.com



က ပို့စ်အမျိုးမျိုးနဲ့ နေရာယူထားသည်။ လရိပ်က တခြားကောင်မလေးတွေလို celebrtiy တွေကို ရူးရူးမူးမူး စွဲလမ်းတတ်တဲ့ အကျင့်မျိုး မရှိပါ။ ဒီနေ့တော့ အိပ်ပျော်နေတဲ့ သူ့မျက်နှာလေးကို အနီးကပ် ပြသချိန်တွင် လရိပ် တကယ်ရူးသွားတော့သည်။ ပြီးတော့ သူနှင့် ပထမဆုံးအကြိမ် ဆုံခဲ့ပုံလေးကို မြင်ယောင်မိရင်း ရင်ခုန်သံက နှစ်ဆတိုးလာ၏။

ထိန်းချုပ်လို့မရမယ့်အတူတူ လရိပ် ဒီအတိုင်းလွှတ်ပေးထားလိုက်သည်။ အချိန်တန်တော့လည်း သူတို့ကို သေချာစောင့်ကြည့်မနေနိုင်တော့ဘဲ မျက်လုံးတွေက မေးစင်းလို့ အိပ်စက်ခြင်းရှိရာ လရိပ် ရောက်သွားတော့သည်။ ဒီတော့လည်း အိပ်မက်ကမ္ဘာအထိ သူက လရိပ်အလာကို ကြိုစောင့်နေပြန်သည်။





## ၈

“ဘာ ... ဘာပြောတယ်၊ တင်အေးနဲ့ တင်ထွေး ဒဏ်ရာရသွားတယ်၊ ဟုတ်လား ... မာမီ”

ရဲဂျာ သူ နားကြားများ မှားသွားသလားလို့တောင် ထင်မှတ်နေ၏။

“ဟုတ်ပါ့ ... နဖူးမှာ ဘုသီးလုံးကြီးတွေ ထွက်လို့လေ၊ မာမီတော့ အသုံးမကျတဲ့ သင်းတို့နှစ်ယောက်ကို အလုပ်ထုတ်ပစ်လိုက်ပြီ၊ မိုနီကာကို စောင့်ရှောက်ခိုင်းတော့လည်း တာဝန်မကျေဘူး၊ အခု ဟိုကောင်မလေးဆီ လွှတ်တော့လည်း ဒဏ်ရာရလာကြတယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ မာမီ၊ သူတို့ ဘာပြောလဲ"

"သူတို့ ပြောတာတော့ အဲဒီကောင်မလေးက သိုင်းတတ်တယ်ဆိုပဲ။ အလကား လိမ်တာပဲဖြစ်မှာပါ။ မာမီကတော့ ဒီကောင် နှစ်ကောင်စကား မယုံပါဘူး"

ရဲဂျာက ထိုကောင်မလေးပုံကို စိတ်ကူးထဲ ပြန်ဖော်ကြည့်နေသည်။

ဖြူဖြူသွယ်သွယ်နှင့် နုပျိုချောမောသော ကောင်မလေးက တင်ထွေးတို့ ညီအစ်ကို,ကို အနိုင်ယူနိုင်သည် ဆိုသည်မှာ ယုံတမ်းစကားသဖွယ်။

"ကဲ ... မာမီတို့ ဘာဆက်လုပ်ကြမလဲ သားဂျာ၊ မိုနီကာ ... မိုနီကာ အလိုလိုက်လို့ အမိုက်စော်ကားတာ၊ မိဘမျက်နှာကို အိုးမဲသုတ်တာ၊ ကိုယ့်အဆင့်အတန်းကို ကိုယ်ကျအောင်လုပ်တာ၊ သူက ပျော်နေချိန်မှာ မျက်ရည်ကျနေမယ့် အမေကို တစ်စက်လေးမှကို မတွေးနိုင်လောက်အောင်မွှန်နေတာ"





ဒေါ်မေရီထားက ပြောလည်းပြော မျက်ရည်တွေလည်း တပေါက်ပေါက် ကျနေ၏။

"တော်ပါတော့ မာမီရာ ... စိတ်လျှော့လိုက်ပါတော့၊ အခုလောက်ဆို သူတို့လည်း လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးရောပေါ့၊ အခုဆို တစ်ယောက်စကား တစ်ယောက်နားနဲ့ မိုနီကာ ယောကျ်ားနောက် လိုက်သွားတာ လူတော်တော်များများလည်း သိကြရောပေါ့"

ရဲဂျာက မိခင်ဖြစ်သူ ပခုံးလေးကို ပြေရာပြေကြောင်းပြောပြီး လှမ်းဖက်ထားသည်။

"မာမီ ... စိတ်မလျှော့လိုက်ပါရစေနဲ့ သားဂျာ၊ အားလုံးကို မိုနီကာ သူ့အဖေနဲ့ စင်ကာပူမှာ သွားနေတယ်လို့ ပြောထားတာပဲ"

"ဒါပေမဲ့ ဟိုဘက်က ဒီအတိုင်း ပါးစပ်လေးပိတ်ပြီး နေမယ်လို့ မာမီ ထင်လို့လား"

"သူ့ထိုက်နဲ့ သူ့ကံပဲ ထားလိုက်တော့ မာမီ။ သတင်းစာထဲမှာ အမွေပြတ်ကြော်ငြာသာ ထည့်လိုက်တော့။ သား



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီအကြောင်း ခေါင်းထဲကထုတ်ဖို့ ကြိုးစားတော့မယ်"

"အစ်ကိုလေး ... အောက်မှာ Star မဂ္ဂဇင်းက သတင်းထောက်တစ်ယောက် ရောက်နေတယ်၊ အစ်ကိုလေးနဲ့ appointment လုပ်ထားပြီးပြီပြောတယ်"

"အေး ... ခဏစောင့်ပါလို့ပြောလိုက် မိုးကို"

"သားဂျာ ... အင်တာဗျူးကို ကောင်းကောင်းကြည့်ဖြေနော်၊ အမှားအယွင်း မပါစေနဲ့"

"သိပါတယ် မာမီရာ၊ သား ... ကလေး မဟုတ်ပါဘူး၊ မာမီလည်း မဝိုနဲ့တော့နော်"

သူ အောက်ထပ်ဆင်းလာတော့ သတင်းထောက်ကောင်မလေးက ထိုင်နေရာမှ ထရပ်ကာ ...

"မင်္ဂလာပါ ကိုရဲဂျာ"

"မင်္ဂလာပါဗျာ"

"ကိုရဲဂျာ အခုထွက်ထားတဲ့စီးရီး အရမ်းပေါက်တဲ့အပေါ် ကိုရဲဂျာ ဘယ်လိုသုံးသပ်မိလဲ"





"ဒါက ... ဘယ်လိုပြောမလဲ၊ ကျွန်တော် တစ်ယောက်တည်းကောင်းလို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ တစ်အုပ်စုလုံး တစ်ယောက်နဲ့တစ်ယောက် ကူညီရိုင်းပင်းပြီး စည်းလုံးကြလို့ပါ၊ စာသားတွေရော music ပါ ကျွန်တော်တို့ရဲ့ own creation တွေချည်းပဲလေ။ ဒီတော့ ပိုပြီးအားစိုက်ခဲ့ကြလို့ ဖြစ်မှာပါ"

"ကိုရဲဂျာရဲ့ 'ကြယ်တာရာတွေနဲ့ပျော်တဲ့ည' စီးရီးထဲက ကိုရဲဂျာ ရေးထားတဲ့ 'တမ်းချင်းညည်းလို့ မင်းပြန်လာရင်' ဆိုတဲ့ သီချင်းလေးက လူငယ်တွေရဲ့ပါးစပ်ဖျားမှာ တော်တော်ရေပန်းစားတယ်နော်၊ အဲဒီသီချင်းလေးက ကိုရဲဂျာဆိုနေကျ rap ပုံစံမဟုတ်ဘဲ၊ R&B ပုံစံမျိုးလည်း ဖြစ်နေတယ်လေ၊ ကိုရဲဂျာရဲ့ခံစားချက်နဲ့ ရေးထားတာလား မသိဘူးနော်"

"ဟုတ်တယ်လို့ ပြောလည်း ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သီချင်းထဲက ကောင်မလေးလိုပဲ ကိုရဲဂျာ ကောင်မလေးက နိုင်ငံခြားထွက်သွားတာပေါ့နော်၊ သူ့ကို ကိုရဲဂျာ လွမ်းနေတာပေါ့နော်"

"အင်း ... ဘယ်လိုပြောမလဲ၊ လူတိုင်းမှာတော့ အတိတ်ဆိုတာမျိုးတွေက ရှိတတ်တာပဲ၊ အစ်မမှာလည်း အတိတ်ဆိုတာ ရှိနေမှာပဲ၊ ဒါပေမဲ့ ကျွန်တော်တို့အားလုံးဟာ ပစ္စုပ္ပန်မှာ နေထိုင်ကြသူတွေလေ၊ တစ်ခါတစ်ရံမှာ အတိတ်ဆိုတဲ့ ဖြစ်ပြီးသား အကြောင်းအရာတွေနဲ့ အနာဂတ်ဆိုတဲ့ မဖြစ်သေးတဲ့ အကြောင်းအရာတွေဟာ ကျွန်တော်တို့ရဲ့ ပစ္စုပ္ပန်အခြေအနေကို လာလာထိပါးတတ်တာမို့ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ပစ္စုပ္ပန်ရပ်တည်မှုအတွက် အတိတ်အကြောင်းရော၊ အနာဂတ်အကြောင်းကိုပါ စိတ်ထဲမထားတတ်ဘူး"

"ဟုတ်ကဲ့ပါ၊ ကိုရဲဂျာက သီချင်းဆိုကောင်းသလို စကားလည်း အပြောကောင်းတာပဲ၊ ဒါနဲ့ ကိုရဲဂျာရဲ့ အခုလတ်တလော လှုပ်ရှားမှုလေး သိပါရစေ"





"လောလောဆယ်တော့ ကျွန်တော့်စီးရီး ... နောက်ထွက်မယ့်စီးရီးအတွက်ပေါ့နော်၊ ပြင်ဆင်နေပါတယ်၊ လာမယ့် တနင်္ဂနွေနေ့မှာ ရှိုးပွဲတစ်ပွဲ ဆိုဖို့ရှိတယ်၊ သူငယ်ချင်းတစ်ယောက်ရဲ့အခွေအတွက်လည်း MTV ရိုက်ဖို့ ရှိပါတယ်"

"ကဲ ... အားလုံးတော့ မေးပြီးသွားပြီ၊ ဒါပေမဲ့ ကိုရဲဂျာကို အရမ်းချစ်တဲ့ ပရိသတ်သိချင်နေတဲ့ မေးခွန်းတစ်ခုရှိတယ်၊ အခုလက်ရှိ ကိုရဲဂျာမှာ ချစ်သူရှိပါသလား"

"အင်း ... ဒီမေးခွန်းမျိုးတွေ ကျွန်တော် မကြာခဏ ဖြေခဲ့ဖူးပါတယ်၊ ကျွန်တော့်အတွက်တော့ အချစ်ဆိုတာ ဘာမှဆုပ်ကိုင်ပြလို့မရတဲ့ လေလိုပဲ၊ ရှိတော့ ရှိနေတယ်ဆိုတာသိတယ်၊ ဒါပေမဲ့ မမြင်ရဘူးလေ၊ သက်သေပြနိုင်တဲ့လူတစ်ယောက်နဲ့ တွေ့ရင်တော့ ပရိသတ်ကြီးကို အရင်ဆုံး အသိပေးမှာပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်၊ ပရိသတ်ကြီးကို ဘာစကားလက်ဆောင်များ ပါးပါဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ပရိသတ်ကြီး တခဲနက် အားပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်၊ ပရိသတ်အတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော် ကြိုးစားသွားမှာပါ"

လရိပ် Star မဂ္ဂဇင်းထဲက သူ့အင်တာဗျူးကိုဖတ်ပြီး ပို့စ်အမျိုးမျိုးပေးပြီး ရိုက်ထားသော သူ့ရဲ့စမတ်ကျတဲ့ပုံလေးတွေကို တမေ့တမော ငေးနေမိ၏။ ပြီးမှ အရှူးထရန်ကောဟုကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်ကာ စာအုပ်ကို အိပ်ရာခေါင်းရင်းသို့ပစ်လိုက်ပြီး ခေါင်းမြီးခြုံလိုက်သည်။

ခေါင်းရင်းအိမ်က ရဲဂျာရဲ့သီချင်းသံသဲ့သဲ့ကို ကြားနေရသည်။ ပြီးတော့ ခြံရှေ့ကဖြတ်သွားသည့် ထီသည်ရဲ့စပီကာမှ ထွက်လာတာကလည်း သူ့သီချင်းသံ။ FM ရေဒီယိုဖွင့်တော့လည်း သူ့အသံကြည်ကြည်လေး ထွက်ပေါ်လာပြန်သည်။

ဘာတွေလဲ၊ သူ့သီချင်းသံတွေက လရိပ်အားနားမှာ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ လာလုပ်နေသလိုပင်။ နောက်ဆုံးတော့ ပိတ်ထားတဲ့ ပြတင်းတံခါးကိုဖွင့်လို့ လရိပ်နားထဲ ဝင်လာသမျှ သူ့သီချင်းတွေကို လိုက်ဆိုနေမိသည်။

❦ ❦ ❦





## ❦ ၉ ❦

"ဟော့ ... လရိပ် ... လရိပ်"

လမ်းထိပ်နားက မမနွေးတို့အိမ်ရှေ့က စက်ဘီးနဲ့ အဖြတ် အိမ်ထဲမှ လှမ်းခေါ်သံကြောင့် လရိပ် စက်ဘီးပေါ်က ဆင်းကာ မမနွေးဆီ စက်ဘီးလေး တွန်းသွားသည်။ သားအမိနှစ်ယောက်တည်း နေတာကြောင့် လရိပ်က မမနွေးတို့ လိုအပ်သမျှကို ကူညီပေးနေကျလေ။ မောင်နှမသားချင်းမရှိသော လရိပ်အတွက် မမနွေးက လရိပ်ရဲ့အစ်မလိုပင်။

"အတော်ပဲ လရိပ် ... အခုပဲ ညီမလေးတို့အိမ် မမနွေးလာတော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ မမနွေး၊ မုန့်လိုက်ဝယ်ကျွေးမလို့လား"

"ကျွေးမှာပေါ့ လရိပ်ရဲ့၊ လရိပ်ကို အကူအညီတောင်းစရာ ရှိလို့၊ မနက်ဖြန် မမ မင်္ဂလာဆောင်ကာဗာတစ်ခု ရိုက်စရာရှိတယ်လေ၊ ခါတိုင်းဆို မေမေလိုက်နေကျလေ၊ မမနွေး မိတ်ကပ်ဆရာမနဲ့သွားလို့ ဖြစ်ပေမယ့် မေမေက သိတဲ့အတိုင်းပဲ မမနွေးကို စိတ်ချတာ မဟုတ်ဘူး၊ အဖော်တစ်ယောက်လောက် ထည့်ချင်တာ၊ သူကလည်း ကောင်းကောင်းနေမကောင်းတော့လေ"

"ဩော် ... ဒါများ လရိပ် အားနေတာပဲ၊ လိုက်ခဲ့ပေးမှာပေါ့၊ မမနွေး အခြေအနေ တော်တော်ကောင်းနေပြီပဲ၊ နာမည်ကြီးသွားရင် လရိပ်တို့ကို မေ့မသွားရဘူးနော်"

"မမေ့ပါဘူး လရိပ်ရယ်၊ မနက်ဖြန်မနက် (၁၀)နာရီလောက် မမတို့အိမ်ကို လာခဲ့နော်"

"ဟုတ်ကဲ့ ... လရိပ် သွားပြီနော် မမနွေး"





လရိပ် မမနွေးကို နှုတ်ဆက်လက်ပြရင်း စက်ဘီးနင်းထွက်လာခဲ့သည်။ အတွေးထဲမှာ ဝဏ္ဏတို့ကိစ္စ ဝင်လာသည်။ ဘာလိုလိုနဲ့ သူတို့ထွက်သွားကြတာ ခြောက်လတောင်ရှိပြီမဟုတ်လား။

မိုနီကာတို့ဘက်က သူမကို ထပ်ရှာတာမျိုး နောက်ထပ်မရှိတော့တာမို့ စိတ်အေးနေချိန်တွင် တစ်နေ့က သတင်းစာတွင်ပါလာသော အမွေပြတ်စွန့်လွှတ်ခြင်း သရောင်းကြောင့် မိုနီကာ့အတွက် လရိပ် စိတ်မကောင်း ဖြစ်ရပါသည်။ တစ်ရက်တော့ နိုင်သူတို့ ဟိန်းထက်တို့ ထွန်းတောက်တို့နှင့် ချိန်းကာ ပဲခူးသို့ တစ်ခေါက်သွားကြည့်ဦးမည်ဟု လရိပ် စိတ်ကူးလိုက်မိသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လရိပ်သည် ပန်းသွေးရောင်နှင့် အဖြူရောင်စပ်ထားသော ကိုရီးယားမိတ် ဂါဝန်ဝဲဝဲလေးဝတ်ထားသော. မမနွေးကို ငေးကြည့်နေ၏။ မမနွေး၏မိတ်ကပ်ဆရာမ မာမီမျိုးက အရမ်းကြီး နာမည်ကြီး မဟုတ်သော်လည်း မမနွေးကို ပြင်ပေးထားပုံလေးက တော်တော်ကို ဆွဲဆောင်မှုရှိနေတာမို့ သူလည်း နာမည်ကြီးတစ်ယောက် ဖြစ်နိုင်သည်ဟု စိတ်ထဲကကျိတ်ပြီး မှတ်ချက်ချလိုက်သည်။

"နွေးနွေးနဲ့ပါလာတဲ့ ကောင်မလေးက အချောစားလေးပဲ၊ ပြင်လိုက် ဆင်လိုက်ရင် တော်တော်ရုပ်ထွက်သွားမှာ"

မာမီမျိုးက မမနွေးကို ဆူးလိပ်ဘီးဖြင့် ဆံပင်ဖြီးပေးရင် လရိပ်ကို မျက်လုံးတစ်ချက် စွေကြည့်ပြန်သည်။





"မလုပ်နဲ့ မာမီ၊ လရိပ်က သိပ်ပြီးမိန်းမဆန်တာ မဟုတ်ဘူး၊ မိတ်ကပ်ပြင်ရတာ ပြင်ရဆင်ရတာလည်း ဝါသနာပါတာ မဟုတ်ဘူး၊ သူက ဦးလေးတွေနဲ့ နေရတဲ့သူမို့ ယောကျ်ားဆန်တာ"

"ဟယ် ... ဟုတ်လား၊ နမြောစရာ ကောင်းလိုက်တာဟယ် ရုပ်လှလှလေးနဲ့၊ တို့များ ဒီလောက်လှမှဖြင့် မော်ဒယ်ဖြစ်နေတာ ကြာပေါ့၊ ဒါနဲ့ ဦးလေးတွေနဲ့ အတူနေတာဆိုတော့ ဦးလေးတွေကလည်း ချောမှာပေါ့နော်"

နွေးနဒီက ပြုံးတုံ့တုံ့နှင့် သူမဘေးကခုံပုလေးမှာ ထိုင်နေတဲ့ လရိပ်ကို လှည့်ကြည့်၏။

"နွေးနဒီ ပြီးပြီလား ... ရဲဂျာ ရောက်နေပြီ"

နာမည်ကြီးဓာတ်ပုံဆရာ ကိုသဲ အသံကြောင့် လရိပ်ကိုယ်လေး တောင့်ခနဲ ဖြစ်သွားသည်။ မမနွေးနဲ့ အတူတွဲပြီး ဓာတ်ပုံရိုက်မည့်သူက ရဲဂျာမှန်း သူမ လုံးဝမသိခဲ့။ သွက်လက်စွာ ကြော့ကြော့လေး ထွက်သွားတဲ့ မမနွေး နောက်သို့ မလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ နေရာမှာပင် ထိုင်ကျန်ခဲ့သည်။ ခင်ဗျားနဲ့ ရင်မဆိုင်ရဲဘူး ရဲဂျာ။

"လရိပ် ... လာလေ၊ ဘာလုပ်နေတာလဲ၊ ဓာတ်ပုံရိုက်တာ ကြည့်ရအောင်"

မာမီမျိုးက အတင်းကြီး ခေါ်နေတာမို့ အားနာနာနှင့် ထ,လာခဲ့ရသည်။

ရင်ထဲမှာတော့ ရဲဂျာကို တွေ့ရမှာ ရင်ခုန်သလိုလို ကြောက်သလိုလိုကြီး။

နာရီနဲ့ပေးငှားထားတဲ့ ဒီခြံကျယ်ကြီးထဲမှာ မြက်ခင်းစိမ်းစိမ်း၊ ဒန်းလှလှနှင့် ရေကူးကန်ပါရှိကာ ပန်းပေါင်းစုံလင်စွာလည်း ရှိနေကြသည်။

ဓာတ်ပုံဆရာက သူတို့နှစ်ယောက်ကို သူလိုချင်သည့် ပုံစံမျိုးလေးရအောင် စိတ်ရှည်လက်ရှည် ရိုက်နေ၏။ ဘာပဲပြောပြော တက်သစ်စ,မော်ဒယ်တွေထဲတွင် မမနွေးက လှသိများသည်။





မိုးပြာရောင် ရှပ်အင်္ကျီပေါ်တွင် အနက်ရောင် လည်သာကုတ်နှင့် အနက်ရောင် ဂျင်းပင်န်ဝတ်ထားကာ rapper ဦးထုပ်အနက်တစ်လုံး ဆောင်းထားသော သူက တော်တော်မိုက်တာတော့အမှန်။

"ကဲ ... ကဲ ... ကိုရဲဂျာတို့ နွေးနဒီတို့ နောက်ထပ်ပုံတွေ အတွက် အဝတ်လဲရအောင်"

ပေါ်တီကိုအောက်တွင် ရပ်နေသော မာမီမျိုးနှင့် လရိပ်ပြာတို့က အဝတ်စားလဲရန် လျှောက်လာကြသော ရဲဂျာနှင့် နွေးနဒီကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေရာက လရိပ်ပြာက သတိဝင်ဟန် ရဲဂျာဆီမှ အကြည့်ကိုလွှဲ၍ အရင်ဦးအောင် အခန်းထဲသွားဖို့ ခြေလှမ်းပြင်လိုက်သည်။

"အမယ်လေး"

လရိပ်ပြာက သူမကို အတင်းဝင်တိုက် ကျော်တက်သွားသော ကုတ်အနက် ဝတ်ထားသော ယောကျ်ားတစ်ယောက်ကို စိတ်ပေါက်ပေါက်နှင့် သူ့အင်္ကျီစ,ကို ဆတ်ခနဲ လှမ်းဆွဲထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုလူကလည်း ရုတ်တရက် နောက်မှ အင်္ကျီကိုဆွဲဆောင့်ခံလိုက်ရသည်မို့ ဒေါသတကြီးနှင့် နောက်လှည့်ကြည့်ကာ...

"ဟ ... ဟ ... ဘာလုပ်တာလဲ"

"ရှင် ဘယ်လိုလူလဲ၊ အဲဒီလောက် အသည်းအသန် ဖြစ်စရာလား၊ ဝင်တိုက်ပြီး ဆောရီးတောင် မပြောဘူး၊ ရှင်က ဘာလဲ"

"ငါလား ... ငါက အဆိုတော်ရဲဂျာရဲ့ ဘော်ဒီဂတ်လေ"

နွေးနဒီနဲ့ ရဲဂျာက ကသုတ်ကရက်နှင့် အိမ်တံခါးဝနားသို့ အပြေးလေး ရောက်လာသည်။

"လရိပ် ... ဘာဖြစ်တာလဲ၊ ဒါ ကိုရဲဂျာရဲ့ဘော်ဒီဂတ်ပါ၊ ဘာဖြစ်လို့လဲဟင်"

နွေးနဒီရဲ့နောက်နားမှ မိုးကိုဘေးသို့ ရောက်လာသော ရဲဂျာက "လရိပ်"ဆိုသော နာမည်ကြောင့် ချာခနဲနေအောင် ထို"လရိပ်"ဆိုသော ကောင်မလေးကို လှည့်ကြည့်၏။





"လရိပ်ပြာ"ဒီနာမည်လေးနှင့် မိန်းကလေးက သူများလား။ လှပသော နှုတ်ခမ်းလေးကို ထော်ထားပြီး ဘာမှမလိမ်းခြယ်ထားသော မျက်နှာပြောင်လေးနှင့် သူမကို သူ ဇဝေဇဝါကြည့်နေမိသည်။

သွားပြီ။ လရိပ်ပြာသည် ဟန်ကိုယ့်ဖို့ ဆိုသည့်အတိုင်း ဒေါသထွက်ချင်ယောင် ဆောင်နေရသော်လည်း စိတ်ထဲကတော့ တော်တော်ငိုချင်သွားသည်။ ဒီနာမည်ကို သူသိနှင့်နေသည်မို့ သူမကို မျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်နေတာပေါ့။

"လရိပ်ပြာ ... ဟုတ်ပါတယ်နော်"

မတတ်သာ၍ ခေါင်းညိတ်ပြရသော်လည်း စိတ်ထဲကမပါပါ။ သူ့ရှေ့မှာ သူမက အပြစ်ရှိသူတစ်ယောက်လိုလို။

"နွေးနဒီကို ကျွန်တော် တစ်ခုလောက် ခွင့်တောင်းပါရစေ၊ ဓာတ်ပုံရိုက်ပြီးရင် ကျွန်တော် သူနဲ့ကိုယ်ရေးကိုယ်တာ ဆွေးနွေးစရာလေးရှိလို့ ခွင့်ပြုပေးပါ"

"သြော် ... ကိုရဲဂျာနဲ့ လရိပ်က အသိတွေလား၊ ရပါတယ် ပြောလေ၊ လရိပ် ... ကြည့်စမ်း၊ သိပ်လျှိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကျွန်တော်တို့က တော်တော်ကို ရင်းနှီးကြတာ၊ ဟုတ်တယ်နော် လရိပ်ပြာ"

လရိဝ် မျက်စောင်းမိုးတွေက သူ့ပေါ်မှာ ရှာကျလို့နေသည်။ ရင်ခုန်ချင်ချင်ဖြစ်နေသော စိတ်တို့က ဘယ်ဆီဘယ်အပါး လွင့်ပါးသွားသည်မသိ။ သူ့နှုတ်ခမ်းမှာ အပြုံးတစ်ခုကိုတွေ့လိုက်ရသည်။ ထိုအပြုံးရဲ့အဓိပ္ပာယ်ကို လရိပ် ဖော်ကြည့်တော့။ "နေနှင့်ဦးပေါ့ကွာ"တဲ့။

နွေးနဒီနှင့် မာမီမျိုးတို့က ရဲဂျာနဲ့ လရိပ်ပြာကို သို့လော သို့လောနှင့် ထင်ယောင်ထင်မှား ဖြစ်နေကြသည်။ မိန်းကလေးတွေကြား ရေပန်းစားနေတဲ့ ရဲဂျာက လရိပ်ပြာကို စကားပြောဖို့ တခုတ်တရ သူ့ကားနှင့်ခေါ်သွားသည်ဆိုတော့ စဉ်းစားစရာ မဟုတ်ပါလား။

"ဘယ်ကို မောင်းရမလဲ အစ်ကိုလေး"

ကားရှေ့ခန်း ကားမောင်းသူနေရာမှာ မိုးကိုက နောက်ခန်းမှာ ထိုင်နေသော လရိပ်နားက ရဲဂျာကို လှည့်မေးသည်။





လရိပ်ကတော့ ရဲဂျာစီက ရနေသော ရေမွှေးနံ့သင်းသင်းကြောင့် စိတ်တွေက ကစဉ့်ကလျားနှင့် လူက သူမေးမယ့်မေးခွန်းတို့ကို ကြိုတင်စဉ်းစားရင်းနှင့် ရှုးချင်နေသည်။

"အစ်ကိုလေး ... ကျွန်တော် ဆရာလုပ်တာတော့ မဟုတ်ဘူးနော်၊ အခုဆို နေရာတကာမှာ သတင်းထောက်တွေချည်းပဲ၊ လူမြင်သူမြင် သွားလို့ကတော့ လုံးဝမဖြစ်ဘူး၊ တော်တော်ကြာ မဟုတ်မဟပ် သတင်းတွေ ထွက်လာရင် အစ်ကိုလေး သိက္ခာကျလိမ့်မယ်"

မိုးကိုက ရဲဂျာအတွက် စိုးရိမ်သလိုလိုနှင့် စွာတေးလန်မလေးကို မသိမသာ နှိပ်ကွပ်လိုက်သည်။

"ဒီမှာ ကိုဟဗှာ ... ဒီကားထဲ စကားပြောစရာရှိလို့ ခေါ်တာ ရှင်တို့နော်၊ စကားကို ဆင်ခြင်ပြော၊ ရှင်တို့ပဲ နာမည်နဲ့နေတာ မဟုတ်ဘူး၊ လရိပ်က မိန်းကလေး၊ ပူချင်းပူ လရိပ်ကပဲ ပူရမှာ"

"ဝါး ဟား ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



မိုးကိုတို့ ညီအစ်ကိုနှစ်ယောက် လရိပ်ရဲ့စကားအမှားကို အဓိပ္ပာယ်ပေါက်ကာ ပွဲကျသွားပြီး ရဲဂျာကလည်း ပြုံးစေ့စေ့နှင့် မရယ်မိအောင် ကြိုးစားနေရရှာသည်။

"ကဲ ... ဒီမှာ ကိုရဲဂျာ၊ ပြောစရာရှိတာကို အခုပဲပြော၊ ဘယ်မှသွားစရာ မလိုဘူး"

"မိုးကို ... ဒီလမ်းမကြီးအတိုင်းပဲ ဆက်မောင်းနေလိုက်ပါ"

ရဲဂျာက မိုးကို့ကို အမိန့်ပေးရင်း သူ့ဘေးနားက လရိပ်ဘက်လှည့်ကာ ...

"ကဲ ... ပြောပါဦး၊ ငါ့ညီမ အခု ဘယ်မှာလဲ"

"မသိဘူး ... သိလည်း မပြောပြဘူး"

လရိပ်ရဲ့ဘုကန့်လန့်စကားကို သူက မကျေလည်ဟန်နှင့် ...

"မင်းမှာ အပြစ်ရှိတယ်နော် လရိပ်ပြာ၊ ဒီကိစ္စမှာ မင်းက အပြစ်အရှိဆုံးလူပဲ"

"ပြောပါဦး ... လရိပ်မှာ ဘာအပြစ်ရှိလို့လဲ"





"ဘာလဲ ... မင်းသိအောင် ထပ်ပြောပြရဦးမှာလား"

"ကိုရဲဂျာ ညီမက ကလေးတစ်ယောက် မဟုတ်ဘူး၊ လရိပ်က မွေ့ချီပြီး ခေါ်ထုတ်သွားတာ မဟုတ်ဘူး"

"ဒီမှာ လရိပ်ပြာ၊ ငါ စကားအကောင်းပြောတုန်း ကောင်းကောင်းဖြေပါ"

"ရှင်တို့ အမွေပြတ်စွန့်လွှတ်ပြီးပြီပဲ၊ ဘာထပ်ပြီး လုပ်မလို့လဲ"

"အဲဒါ မင်းကိစ္စ မဟုတ်ဘူး၊ ငါတို့မိသားစုကိစ္စပဲ"

"ဒါဆိုလည်း ကိုယ့်ဘာသာကိုယ်ပဲ တွေ့အောင်ရှာပေါ့"

လရိပ်နဲ့ ရဲဂျာ မျက်လုံးချင်းပြိုင်၍ တစ်ယောက်ကို တစ်ယောက် အတန်ကြာ စိုက်ကြည့်နေ၏။ တလက်လက်တောက်ပနေသော သူမမျက်လုံးလေးတွေက ရိုးသားမှုအသွင်နှင့် မဟုတ်မခံစိတ်တို့ ယှဉ်တွဲနေကြသည်။ သူမရဲ့ ချွန်မြမြ နှာတံလေးနှင့် ပါးလျားသော နှုတ်ခမ်းလေးတွေက ကြည့်လို့ကောင်းသည်က အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... မင်း မပြောနိုင်ဘူးဆိုလည်း ထားလိုက်ပါတော့၊ မင်း မိုနီကာနေတဲ့ နေရာကို သိသိနဲ့ မပြောပြတဲ့အတွက် မင်းမှာ ဝဋ်ကြွေးတစ်ခု တင်သွားပြီ၊ ဘာလို့လဲဆိုတော့ ငါ့အမေက မိုနီကာ့စိတ်ကြောင့် အိပ်ရာထဲ လဲနေတာလေ၊ ကဲ ... ဆင်းတော့၊ ဟိုကားမှတ်တိုင်နားမှာရပ်ပေးလိုက် မိုးကို"

သူပြောတာတွေက တကယ်လား၊ ညာတာလား လရိပ်ပြာ မခွဲခြားနိုင်၊ မိုနီကာနေတဲ့ နေရာပဲ ပြောပြရမလား၊ မပြောပြရဘူးလား ဝေခွဲရခက်နေချိန်တွင် ပါဂျဲရိုကားလေးက ကားမှတ်တိုင်တစ်ခုမှာ ရပ်ပေးပြီး ရဲဂျာက ကားတံခါးဖွင့်ပေးလိုက်တာမို့ လရိပ် မျက်နှာတစ်ချက်မပျက်ဘဲ နှုတ်မဆက်ဘဲ ခပ်တည်တည် ဆင်းလာခဲ့သည်။

အကျင့်မကောင်းတဲ့လူ၊ ရုပ်လေးနှင့် စိတ်ကတစ်စက်လေးတောင်မလိုက်။ တော်တော်ကို ပုပ်စပ်သည်။ သူ့ညီမနေတဲ့နေရာလေး မပြောတာနဲ့ လူကို တကယ့်ရာဇဝတ်သားကြီးဖြစ်





အောင် ပြောသွားသည်။ ကောင်းမိကောင်းရဲ့နဲ့ ခေါ်လာပြီး တွေ့ကရာ ကားမှတ်တိုင်မှာ ချပေးတာတော့ လွန်လွန်းသည်။ ဒီအပုပ်အစပ်ကောင်ကိုမှ ရင်ခုန်မိသည့် သူမနှလုံးသားကို လရိပ် ခပ်နာနာလေး ကျိန်ဆဲနေမိသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ကြီးမားသော ခြံကျယ်ကြီးထဲရှိ သစ်သားပျဉ်ထောင် နှစ်ထပ်အိမ်ကို မြင်လိုက်ရပြီး စားပင် သီးပင်တွေ ဝေဝေဆာဆာ ပြည့်နှက်နေတာကိုပါ တွေ့လိုက်ရတာမို့ လရိပ်တို့ လေးယောက်သား ရင်ထဲအေးချမ်းသွားသည်။

"ဟာ ... လရိပ်တို့ လာကြပြီ မိုနီရေ"

ဝဏ္ဏက အိမ်ပေါ်ထပ်ကနေ ခြံရှေ့ရောက်လာကြသော သူငယ်ချင်းလေးယောက်ကိုတွေ့တော့ ဝမ်းသာအားရအော်ဟစ်ပြီး ဇနီးဖြစ်သူကို အသိပေး၏။ သနပ်ခါးအဖွေးသားနှင့်





မိုနီကာက အိမ်ထဲမှ ပြေးထွက်လာသည်။ အနည်ငယ်ဝ,နေသော မိုနီကာ့ကိုကြည့်ပြီး သူတို့လေးယောက်သား ပြုံးတုံ့တုံ့ဖြစ်သွားသည်။

"လာ ... သူငယ်ချင်းတို့၊ အိမ်ထဲဝင်ကြ"

"မင်းတို့သုံးကောင်လည်း နေနိုင်လိုက်ကြတာနော်၊ အခုမှပဲ ပေါ်လာတော့တယ်"

"ဟော့ကောင် ဝဏ္ဏ ... စကားကို ကြည့်ပြောကွ၊ ငါက ဘယ်လာရမှာလဲ တည်းခိုခန်းလား၊ မင်းတို့နေတဲ့နေရာ ပေါက်ကြားမှာစိုးလို့ ငါတို့ကိုတောင် အယုံအကြည်မရှိဘဲ လရိပ်တစ်ယောက်တည်းကိုပဲ ဆက်သွယ်ခဲ့တာ ဘယ်သူလဲ"

"အေးပါကွာ ... အေးပါ၊ ငါ့အမှားပါကွာ၊ တောင်းပန်ပါတယ်"

ဝဏ္ဏကတော့ မျက်နှာထား ရှုတည်တည် ဖြစ်သွားသော သူငယ်ချင်းတွေကို ရယ်ကျဲကျဲရုပ်နှင့် မျက်နှာချိုလိုက်သွေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝဏ္ဏ ... မင်း ဒီမှာပဲ အခြေချတော့မှာလာ"

လရိပ် စကားကြောင့် ဝဏ္ဏက မိုနီကာကို လှမ်းကြည့်ကာ ...

"ပထမတော့ အခြေအနေကြည့်ပြီး ရန်ကုန်ပြန်မလို့ပဲကွာ၊ ဒါပေမဲ့ ..."

မိုနီကာက နေရာကထ၍ နောက်ဖေးမီးဖိုချောင်ထဲ သူငယ်ချင်းတွေစားဖို့ အဆင်သင့် ချက်ထားသော မုန့်ဟင်းခါး ထည့်ရန် ထွက်သွားတာမို့ လရိပ်ပါ မိုနီကာ့ကိုကူရန် လိုက်သွားသည်။

"သူ့ကို သူ့အိမ်က အမွေပြတ် စွန့်လွှတ်လိုက်တော့ သူ တော်တော် ခစားသွားရတယ်၊ ငိုလိုက်တာလည်း ပြောမနေနဲ့တော့ကွာ၊ ရန်ကုန် ဘယ်တော့မှ မပြန်တော့ဘူးလဲ ပြောတယ်၊ ငါ့အဘိုးနဲ့ အဘွားက သဘောကောင်းပါတယ်ကွာ၊ လောလောဆယ်တော့ အမျိုးတစ်ယောက်ရဲ့သား ရှင်ပြုအလှူသွားတာ လေး,ငါးရက်လောက်တော့ ကြာလိမ့်မယ်၊ ငါလည်း ဒီလိုကြီး ထိုင်မနေချင်တော့ဘူးကွာ၊





အဘိုးက စပါးပေး, ပေးတာကွ၊ အဲဒီအလုပ်တွေ ငါနည်းနည်းမှကို စိတ်မဝင်စားတာ"

"ဒါဆို မင်းက ဘာလုပ်ချင်လို့လဲ"

"ငါ စီးပွားရေးတစ်ခု လုပ်ချင်တယ်၊ ငါ့ဦးလေးဝမ်းကွဲတစ်ယောက်က ဘုရင့်နောင်မှာ ပွဲရုံတစ်ခုရှိတယ်၊ ငါစိတ်ဝင်စားတယ်၊ သူ့ဆီမှာသွားပြီး ပညာသင်ချင်တယ်"

ဝဏ္ဏဆိုတဲ့ကောင်က ချမ်းသာသူ မဟုတ်သော်လည်း အိမ်မှာ ဘော်ကြော့နေသူတစ်ယောက်။ အိမ်မှာရှိမရှိ မသိဘဲ စားချိန်တန်စား၊ သွားချိန်တန်သွားပြီး အိမ်အလုပ်ဆိုရင်လည်း လက်ဖျားနှင့်ပင်ထိသူ မဟုတ်ပါ။

"ငါ့မိဘတွေကလည်း မိုနီတို့ဘက်ကို တော်တော်စိတ်နာနေတာကွ"

ဟိန်းထက်၊ နိုင်သူနဲ့ ထွန်းတောက်တို့ သက်ပြင်းကိုယ်စီချနေကြသည်။ ဘာပဲဖြစ်ဖြစ် ဝဏ္ဏတို့ဇနီးမောင်နှံ နှစ်ယောက်ကို ကျန်းကျန်းမာမာ မြင်ရတာနဲ့ပဲ ကျေနပ်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုနီကာ … နင် တော်တော်ပြောင်းလဲသွားတယ်နော်၊ ဒီမုန့်ဟင်းခါးက နင်ချက်ထားတာလား"

"ဟုတ်တယ် လရိပ်၊ အဘွားက ချက်နည်းသင်ပေးထားတာလေ၊ အခုဆို ငါ အကုန်ချက်တတ်နေပြီ"

"နင် ပျော်နေလား မိုနီကာ"

လရိပ် အမေးကို မိုနီကာ မသက်မသာ အပြုံးတစ်ခုနဲ့ အဖြေပေးလိုက်သည်။ လရိပ် သိသည်။ မိုနီကာ မပျော်ပါ။ ရွှေဘုံပေါ်တွင် စံခဲ့ရသော နေ့ရက်တို့ကို ပြန်၍အောက်မေ့လွမ်းဆွတ်နေဟန်ရှိသည်။

"ငါတစ်ယောက်တည်းဆို အကြောင်းမဟုတ်ဘူးလေ လရိပ်၊ အခု ငါ့မှာ ကိုယ်ဝန်နှစ်လရှိနေပြီ"

"ဟင် … တကယ် … တကယ်လား"

"ဟုတ်တယ် လရိပ်၊ ငါ အခုသတ္တိတွေ မရှိတော့သလိုပဲ၊ မရေရာတဲ့ အနာဂတ်အတွက် ငါ ရင်လေးမိတယ်"

"နင် ဝဏ္ဏကို ရွေးမိတဲ့အတွက် နောင်တရနေတာလား မိုနီကာ"





"ဟင့်အင်း … ငါ နောင်တ,မရပါဘူး၊ ငါ 'မောင့်'ကိုချစ်ပါတယ်၊ ဒါပေမဲ့ လောကကြီးမှာ အချစ်ဆိုတဲ့အရာထက် တခြားအရေးကြီးတဲ့ အရာတွေရှိသေးတယ် ဆိုတာကို ငါ သဘောပေါက်သွားတာ"

"ဝဏ္ဏ မိဘတွေရော လာသေးလား"

"လာပါတယ် … သူတို့ကြည့်ရတာလဲ အဆင်ပြေပုံမပေါက်ပါဘူး၊ အခုအချိန်အထိ အဘိုးအဘွားဆီက အကူအညီယူနေရတုန်းပဲ ငါကိုတော့ တော်တော်ချစ်ကြတယ်၊ တကယ့်သမီးအရင်းလေးလိုပဲ၊ ဒါကြောင့်လည်း ငါ ခံသာနေတာပေါ့"

"ငါ ပြောရကောင်းမလား၊ မပြောရကောင်းမလားလို့ စဉ်းစားနေတာ မိုနီကာ"

"ဟင် … ဘာလဲ လရိပ်"

"ပြီးခဲ့တဲ့ အပတ်က နင့်အစ်ကိုရဲဂျာနဲ့ တွေ့တယ် …"



www.burmeseclassic.com

www.burmeseclassic.com



လရိပ်က ရဲဂျာနဲ့ ပြောဖြစ်ခဲ့သော စကားတို့ကို ပြန်၍ ဖောက်သည်ချနေသည်။ လရိပ်စကားဆုံးတော့ မိုနီကာ့ မျက်ရည်ပွင့်တွေ ကြွေလွင့်သွားသည်။

"ငါ နင် ဒီမှာရှိတယ်ဆိုတာ ပြောပြလိုက်ရမလား မိုနီကာ"

"ဝဋ်ကြွေး"လို့ သူ သုံးနှုန်းခဲ့တာကို တွေးမိရင်း မိုနီကာ့ ခွင့်ပြုချက်ကို တောင်းမိသည်။

"ငါ မာမီ့ကို အရမ်းတွေ့ချင်ပါတယ် လရိပ်၊ ငါကိုယ်ဝန်ရှိနေပြီ ဆိုကတည်းက မာမီရဲ့မေတ္တာတရားကို ပိုခံစားမိတယ်၊ အမွေဖြတ်တာကို ငါ ဝမ်းမနည်းပါဘူး၊ ငါ့ကို မိသားစုစာရင်းထဲက ထုတ်ပစ်လိုက်တာကိုပဲ ငါခံစားရတာပါ၊ ဒါပေမဲ့ ငါ သူတို့နဲ့ ရင်မဆိုင်ရဲဘူး"

အပြန်လမ်းတစ်လျှောက် လရိပ် အတွေးနယ်ချဲ့နေခဲ့သည်။ သူမ ဘာလုပ်ရမလဲ။ မိုနီကာ့လိပ်စာ ပေးလိုက်လျှင် ရဲဂျာတို့ဘက်က မိုနီကာ့ကို ရအောင်ပြန်ခေါ်သွားမည်။ ထိုအခါ





ဝဏ္ဏက သူမကို ချစ်သူချင်းခွဲတဲ့ ဝဋ်ကြွေးခံရမည်ဟု ပြောလျှင် မခက်ပါလား။ လရိပ်သည် ဟိုဘက်ကလှည့်တွေးလည်း ဝဋ်ကြွေးနဲ့မလွတ်၊ ဒီဘက်ကလှည့်တွေးလည်း ဝဋ်ကြွေးနဲ့မလွတ် ဖြစ်နေသော သူမကိုယ်သူမ အင်မတန် သနားလို့နေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ❀ ၁၁ ❀

ညစ်ခန်းထဲတွင် ကျော်ကြည်သာ ထိုင်နေသည်။ ဖော်က ကျူရှင်သွားသည်။ လရိပ်ကတော့ အိပ်ကောင်းဆဲ။ ဒီနေ့ လရိပ် ဟင်းချက်ရမည့်အလှည့် ဖြစ်တာမို့ သူ အပါးဝစ္စာဖြင့် အိပ်ရာက နိုးနိုးချင်း လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ နေ့လယ် (၁)နာရီထိုးသည်အထိ အဆာခံနိုင်အောင် မုန့်ဟင်းခါးထဲကို အီကြာကွေးတစ်ချောင်း ညှပ်ထည့်စားပြီး၊ လက်ဖက်ရည်တစ်ခွက်လည်း သောက်ထားပြီးဖြစ်သည်။ လရိပ်နဲ့အပေါင်းအသင်း လုပ်လျှင် ကိုယ်က လက်ဦးမှုယူထားမှ တော်ရာကျမည်လေ။





ဗိုက်က အနည်းငယ် လေးနေသေးတာမို့ စာရေးချင်စိတ် မရှိသေး။ လုံးချင်းဝတ္ထုစာအုပ်တွေထက် မဂ္ဂဇင်းမှာ အခန်းဆက်ဝတ္ထုရှည်၊ ဝတ္ထုတိုတွေရေးဖို့ သူ ပို၍အားသန်သည်။ အိမ်မှာ မဂ္ဂဇင်းစာအုပ်တွေ ငှားဖတ်စရာတောင်မလို၊ အပေါင်းအသင်းတွေ လက်ဆောင်ပေးသည့် စာအုပ်တွေကလည်းပုံလို့။

ကျော်ကြည်သာ ဒီလထုတ်မဂ္ဂဇင်းတစ်အုပ်ကို လှန်လှော်ကြည့်နေသည်။ ဒီမဂ္ဂဇင်းကတော့ တကယ့်နာမည်ကြီးမဂ္ဂဇင်းပင်။ ဒီမဂ္ဂဇင်းထဲတွင် အနုပညာအသိုင်းအဝိုင်းက ဟိုအကြောင်း ဒီအကြောင်းလေးတွေကို မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန် ပရိသတ်ဆီ အရင်သတင်းပို့တတ်တာမို့ လက်မလည်အောင် ရောင်းအားကောင်းနေခြင်းဖြစ်သည်။

"အင်း ... အင်း ... ဘာအကြောင်းများ ရေးထားလဲ မသိဘူး ... မှန်းစမ်း"

ကျော်ကြည်သာသည် အတင်းသတင်းတွေ ပါနေကျ စာမျက်နှာကို လှန်လှောကြည့်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အခုလတ်တလော နာမည်ကြီးနေတဲ့ ရုပ်ရှင်မင်းသားတွေ ထက်တောင် ဆွဲဆောင်မှုရှိတဲ့ အဆိုတော်ကောင်လေးဟာ သာမန်ကောင်မလေးတစ်ယောက်ကို အသည်းအသန်ကို ကြွေနေပါတယ်"

သတင်းကို အသံထွက် ဖတ်လိုက်ရင်း ကျော်ကြည်သာ ဦးနှောက်ကို အလုပ်ပေးလိုက်သည်။

"ဟ ... ဒါ ဘယ်သူဖြစ်မလဲ၊ ဒီရဲဂျာ ... ဟာမဟုတ်သေးဘူး အဆိုတော်ရဲဂျာပဲဖြစ်မယ်။ ဒါဆို သာမန်ကောင်မလေး တစ်ယောက် ဆိုတာရော ဘယ်သူဖြစ်မလဲ။ တော်တော် မသေချာတဲ့ သတင်း၊ သာမန်မိန်းကလေးတွေများ အများကြီးမှ အများကြီးရှိတာ။ အိမ်က လရိပ်ပြာလည်း ဖြစ်နိုင်တာပဲ"

ကျော်ကြည်သာက ပေါက်ပေါက်ရှာရှာ တွေးသော သူ့အတွေးကို ပြန်၍သဘောကျနေသည်။





ရုတ်တရက် ဖုန်းမြည်သံကြောင့် ကျော်ကြည်သာ လန့်သွားသည်။ အိမ်မှာ ဖုန်းနှစ်လုံးရှိသည်။ ဖော့်မှာတစ်လုံး၊ သူ့မှာတစ်လုံး၊ နှစ်သိန်းတန် GSM ပေါ်တာတောင် လရိပ်ကို ဝယ်ပေးဖို့ သူတို့ဆန္ဒမရှိခဲ့။ နှစ်သိန်းဆိုတာ လူကြားကောင်း အောင်ပြောတာလေ။ ထည့်ရမယ့် ငွေဖြည့်ကတ်ပါ ထည့်ပေါင်း ရင်တော်တော်ကို ကုန်ကျမှာ။ အထူးသဖြင့် အပေါင်းအသင်းများ တဲ့ လရိပ်ကို သူတို့ တကယ်ကြောက်မိကြသည်။ သူမနှုတ်ခမ်း ဘယ်လောက်ရှုရှု သူတို့ တင်းထားနိုင်ကြသည်။

"ဟယ်လို"

"ဟယ်လို ... လရိပ်ပြာနဲ့ ပြောချင်လို့ပါ"

ကျော်ကြည်သာ မျက်နှာမဲ့လိုက်သည်။ ရှစ်နာရီ လောက်နဲ့များ လရိပ်ပြာနဲ့ စကားပြောချင်သေးတယ်။

"နောက် နှစ်နာရီ ... နှစ်နာရီခွဲလောက်မှ ပြန်ခေါ်ပါလား ကောင်လေး"

"ဘာဖြစ်လို့လဲ ခင်ဗျ၊ သူ အပြင်သွားနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



“သွားတော့ သွားနေတယ်၊ ဒါပေမဲ့ အပြင်တော့ မဖြစ်နိုင်ဘူး၊ အိမ်မက်ထဲပဲ ဖြစ်မယ်”

လရိပ်ပြာ ဦးလေးစကားကြောင့် ရဲကျာ ကြောင်တောင်တောင် ဖြစ်သွားသည်။

“ဘာလဲဟ ... ဘယ်လိုကြီးလဲ”

ဖုန်းတော့ မမှားနိုင်ပါ။ နွေးနဒီဆီက သူ့ဦးလေး ဖုန်းနံပါတ်ကို ရထားတာဆိုတော့ လွဲတော့မလွဲပါ။

ဒီနေ့ လရိပ်ပြာနဲ့ စကားပြောကို ပြောမှဖြစ်မည်။ မဂ္ဂဇင်းထဲတွင် ပါလာသော သတင်းတစ်ခုကြောင့် သူ့မှာ တော်တော်ကို ဖြေရှင်းနေရသည်။ ဒါကြောင့်လည်း နွေးနဒီဆီမှာ လရိပ်ပြာကို ဆက်နိုင်မည့်ဖုန်းနံပါတ် တောင်းပြီး မေးစရာရှိတာ မေးဖို့ သူ ကြိုးစားနေခြင်းပင်။

ring tone မြည်သံနှင့်အတူ လရိပ်ပြာဦးလေးဖုန်းနံပါတ် ပေါ်နေတာမို့ လရိပ်ပြာကို မညာတမ်းပြောဖို့ သူ အသက်ကို ဝဝရှူပြီး အားသွင်းလိုက်သည်။





“ဒီမှာ ... လရိပ်ပြာ၊ ဘာလဲ ... မင်းက ငါ့ကိုမကျေနပ်လို့ ဒီသတင်း လွှင့်လိုက်တာလား၊ မင်း တရားလွန်နေပြီလို့ နည်းနည်းလေးတောင် မထင်မိဘူးလား၊ ဘာလဲ အဲဒီနေ့က မိုးကို ပြောတဲ့စကားကို မကျေနပ်လို့ တမင်လုပ်တာလား၊ တကယ်ဆို မင်း လုပ်သင့်မလုပ်သင့် စဉ်းစားသင့်တာပေါ့”

ကျော်ကြည်သာက ဖုန်းဆက်တဲ့သူ ဘယ်သူဘယ်ဝါမှန်း လရိပ်နီးလာရင် ပြန်ပြောရအောင် ဖုန်းပြန်ဆက်ပြီး နာမည်မေးမည်အလုပ်တွင် တစ်ဖက်က ကောင်လေး၏ မရပ်မနားပြောသွားသော စကားကို ဘယ်လိုမှ ဖြတ်ပြော၍ မရသဖြင့် သူပြောပြီးသည့်အထိ နားထောင်နေလိုက်ရသည်။

“ဟေ့ကောင် ... မင်းက ဘာလဲ၊ ငါ့တူမကို ဟိန်းလားဟောက်လားနဲ့ စကားတောင် ဖြတ်ပြောလို့ မရဘူး၊ မြန်လိုက်တာ၊ ဘာလဲ ... မင်းက rapper လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ရဲဂျာ အယောင်ယောင်အမှားမှားနှင့် ဟုတ်ကဲ့လိုက်သည်။ သူ rapper မှန်း တန်းသိသော လရိပ်ပြာဦးလေး၏ပညာကို လေးစားသွားမိသည်။

"လရိပ် အပေါင်းအသင်းထဲမှာ rapper ရှိတယ်လို့ ငါ တစ်ခါမှ မကြားဘူးပါလား၊ အေး ... လရိပ် နိုးလာရင် ဘယ်သူဖုန်းဆက်တယ် ပြောမလို့ ပြန်ခေါ်တာ။ ပြော ... မင်း ဘယ်သူလဲ၊ ဘာကြောင့် ငါ့တူမကို ယောက်ျားတန်မဲ့ ရန်တွေ့နေရတာလဲ"

ရဲဂျာ ဘာပြောရမှန်း မသိသည်နှင့် ဖုန်းပိတ်လိုက်သည်။ လရိပ်ပြာ ဘာကြောင့် မလွယ်မှန်း အခု သူ သဘောပေါက်သွားသည်။ သူ့ဦးလေးတွေကလည်း သူ့နည်းနှင်နှင် အလွန်လက်ပေါက်ကတ်သောသူများ ဖြစ်လိမ့်မည်။

လုပ်ထားဦးပေါ့ လရိပ်ပြာရယ်။ မင်းနဲ့ငါ တွေ့ဦးမှာပေါ့။ မင်း ငါ့ကို ဘယ်ဘဝက အငြိုးကြောင့် ဒီဘဝမှာလာ





ပြီး တစ်ခုပြီးတစ်ခု စိတ်အနှောင့်အယှက်တွေ ပေးနေရတာလဲ။ တွေးရင်းနဲ့ သူ "လရိပ်ပြာ"ဆိုသော မာရေကျောရေနှင့် ကောင်မလေးကို လည်ပင်းညှစ်သတ်ချင်နေမိသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

BURMESE CLASSIC .com

လရိပ်သည် အင်္ကျီလက်ရှည်အဖြူတွေ စိမ်ထားသော အဝတ်ဇလုံကိုကြည့်ပြီး သက်ပြင်းလေးမှ သက်မကြီးအထိ အဆင့်ဆင့်ချနေမိသည်။ မလျှော်ချင်ပေမယ့်လည်း လျှော်ရဦးမည်ပေါ့။ ဘာပဲဖြစ်ဖြစ် ရုပ်ရည်လေးတွေရှိရဲ့သားနှင့် တူမအတွက် နောက်ဆံတင်းပြီး မိန်းမ,မယူခဲ့သော ဦးလေးနှစ်ယောက်၏အင်္ကျီကိုတော့ ကျေးဇူးသိတတ်သောအားဖြင့် လျှော်ပေးသင့်သည်မဟုတ်လား။

လေးလေးကျော်နဲ့ လေးလေးဇော်က အားကြီးညစ်ပတ်သည်။ လည်ကုပ်တွေ၊ အိတ်ကပ်တွေ၊ အင်္ကျီလက်တွေဆို





အသေဘာရက်ရှ်နှင့် တိုက်ရသည်။ သူတို့အင်္ကျီတစ်ထည်က လရိပ်အင်္ကျီ ဆယ်ထည်နှင့် ညီမျှသည်။

"သေသေချာချာ ပြောင်အောင်လျှော်နော် လရိပ်၊ ပြီးရင် အမွှေးရည်လေးနဲ့ ဆယ်မိနစ်လောက်စိမ်ပြီးမှလှန်း"

နောက်နားဆီမှ လေးလေးကျော်ရဲ့ ဆရာကြီးလေသံကို အမြင်ကတ်စွာ လရိပ် နှုတ်ခမ်းစူထားသည်။

"လရိပ် ... ငါတို့ မင်းကို ချစ်လွန်းလို့ မိန်းမတောင်မယူဘဲ မင်းကို ပြုစုစောင့်ရှောက်ခဲ့တာနော်"

"သိပါတယ် ... သိပါတယ် ... သိလို့လည်း လျှော်ပေးနေတာပေါ့"

"အေး ... အပြန်အလှန်အားဖြင့် မင်းလည်း ယောက်ျားမယူရဘူး၊ ယောက်ျားယူပြီးတော့ ကော့ကော့လေး ထွက်သွားရင် ငါတို့ညီအစ်ကိုနှစ်ယောက် ကြောင်တောင်တောင်နဲ့ ကျန်ခဲ့လိမ့်မယ်၊ ဒီအရွယ်မှထ,ပြီး မိန်းမယူဖို့ဆိုတာလည်း မဖြစ်နိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပြောလဲ၊ ယောကျ်ားတွေ အသက်ကြီးမှ မိန်းမငယ်ငယ်လေးတွေ ယူကြတာမှ အများကြီးပဲ"

"ဟော့ကောင် ... လရိပ်၊ မင်း ယောကျ်ားမယူပါဘူးလို့ ငါ့ကို ကတိမပေးနိုင်ဘူးလား"

"မပေးနိုင်ပါဘူး"

လူက မောရတဲ့ကြားထဲ ဘာတွေလာပြောနေမှန်းကို မသိ။ ဘာလာပြောပြော အဖြေကောင်းမရမှာ သိရဲ့သားနဲ့။

"သြော် ... ဒါဆို ငါထင်တာ မှန်နေပြီပေါ့။ မင်း ရည်းစားရနေပြီ မဟုတ်လား၊ အဲဒီကောင်က rapper မဟုတ်လား၊ ပြောစမ်း ... ငါ့ကို"

လရိပ်သည် သူမဘေးနားသို့ တိုးတိုးလာသော လေးလေးကျော်ကို စိတ်ပျက်ဟန်တစ်ချက်ကြည့်ပြီး နောက်ထပ်အကျႌတစ်ထည်ကို ဗလုံထဲမှ လှမ်းယူလိုက်သည်။

"ဘာလဲ ... ငြင်းချင်သေးလို့လား၊ တစ်နေ့က မင်းဆီကို ဖုန်းဆက်သေးတယ်၊ မင်း အိပ်နေလို့"





"ဘာတွေ လာပြောနေတာလဲဗျာ၊ လေးလေး ဖုန်းနံပါတ်ကို လရိပ်သူငယ်ချင်းတွေကိုပဲ ပေးထားတာပါ၊ လေးလေးပြောတဲ့ rapper ဆိုတာ လရိပ် တကယ်မသိဘူး၊ လာအစ်မနေနဲ့"

"ဟ ... ငါ တကယ်ပြောနေတာ၊ မင်းနိုးရင် နာမည်ပြောဖို့ သူ့ဆီ ပြန်ဆက်တော့ ဟောက်လိုက်တာဆိုတာ ရစရာမရှိဘူး၊ ဘာရယ် ... မိုးကို့,ကို မကျေနပ်လို့လား ဘာလားပဲ၊ မြန်ကလည်း မြန်သေးတယ်"

"ဟင်"

"မိုးကို"ဆိုတဲ့နာမည် ကြားလိုက်ရ၍ ရဲဂျာဖုန်းဆက်မှန်း လရိပ် သိသွားသည်။ ဘာကြောင့်သူက လေးလေးကျော်ဖုန်းကိုဆက်ပြီး လရိပ်ကို လာဟောက်ရတာလဲ။

"ကဲ ... ပြောတော့၊ အဲဒီကောင် ဘယ်ကကောင်လဲ၊ ဖုန်းပိတ်လိုက်တာရော ဘာသဘောလဲ"

"ဘယ်သိမလဲ၊ လေးလေး မေးကြည့်ပါလား၊ လရိပ် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



လရိပ်ပြာ မူမမှန်ပါ။ သေချာပါသည်။ တစ်ခုခုတော့ ရှိသည်။ ကျော်ကြည်သာ ဒီကိစ္စကို လရိပ်ပြာ သူ့ကိုဘူးခံသွားသည့်အတွက် ခံပြင်းနေသည်။ ဘာဖြစ်သေးလဲ သူ့ဖုန်းမှာ ဟိုကောင်ရဲ့ဖုန်းနံပါတ် ပေါ်နေတာပဲ၊ ရအောင် စုံစမ်းရမှာပေါ့။ စာရေးဆရာဆိုတဲ့ကောင်က ခပ်ညံ့ညံ့မှ မဟုတ်တာပဲ။

လရိပ်ပြာသည် ခပ်တည်တည်နှင့် ထ,ထွက်လာရသော်လည်း အိမ်တိုင်ရာရောက်လှမ်း၍ ရန်ထောင်သော ရဲဂျာကို ကုတ်ဖဲ့ထုရိုက်ပြီး ကိုင်ပေါက်ပစ်ချင်မိသည်။

ခင်ဗျားက ပုပ်စပ်ရုံတင်မကဘူး၊ မိန်းမတစ်ယောက်လိုလည်း ဇွာတာပဲလား။

ခြံထဲက ပက်လက်ကုလားထိုင်တစ်ခုပေါ်မှာ လရိပ်အမောဖြေနေတုန်း လေးလေးကျော်က သူ့ဖုန်းကို လရိပ်လက်ထဲ ထည့်ပေးကာ ...

"ဟော့ကောင် လရိပ် ... မိုနီကာတဲ့"

"ဟယ်လို ... မိုနီကာ၊ လရိပ်ပါ ... ဘာပြောမလို့လဲ"





"လရိပ် ... ငါ အကူအညီတစ်ခု တောင်းစရာရှိလို့ပါ၊ ငါ မာမီ့ကို အိပ်မက်,မက်နေတာ သုံးကြိမ်မက ရှိနေပြီ။ အိပ်မက်ထဲမှာ မာမီ ငိုနေတယ်၊ ဒီတစ်ပတ်အတွင်းမှာ ဒီပုံစံမျိုးပဲ မက်နေတာ၊ လရိပ် ... ငါ မာမီနဲ့တွေ့ချင်တယ်၊ ဒါပေမဲ့ ငါ မဆက်သွယ်ရဲဘူး၊ ငါ ဘယ်လိုလုပ်ရမလဲ၊ အကြံပေးပါဦးဟာ"

"ငါ သိတယ် မိုနီကာ၊ နင် ... နင့်အမေနဲ့လည်းတွေ့ချင်တယ်၊ ဇက္ကာနဲ့ခွဲလိုက်မှာလည်း ကြောက်နေတယ်၊ ဟုတ်တယ် မလား"

"ဟုတ်တယ် လရိပ်၊ နင် ငါ့ကို ကူညီပါဦး၊ အခုဆို ငါ အိပ်ရမှာတောင် ကြောက်နေပြီ"

"အေးဟာ ... ငါ ကူညီပေးပါ့မယ်၊ နင့်အတွက် အကောင်းဆုံးဖြစ်အောင် စဉ်းစားပေးပါ့မယ်၊ သိပ်မကြာစေရပါဘူး၊ နင်လည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ၊ နင့်မှာ မပေါ့မပါးကြီးနဲ့ မဟုတ်လား၊ နင် စိတ်ချနေပါ၊ ငါ တာဝန်ယူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ လရိပ်၊ ပြဿနာတစ်ခုခုတွေ့တိုင်း ငါ့ရော မောင်ပါ နင့်ကို အပူကပ်ရတဲ့အတွက် အားနာမိတယ်ဟာ"

"မလိုပါဘူး၊ ငါတို့က သူငယ်ချင်းတွေပဲ"

"ဒါဆို ဒါပဲနော်၊ နင့်ဆီက သတင်းကောင်းကို ငါမျှော်နေမယ်"

"အေးပါ ... စိတ်ချပါ"

"လရိပ်ပြာ ... မင်း မိခင်နဲ့ကလေး စောင့်ရှောက်ရေး အသင်းထဲ ဘယ်တုန်းက ဝင်လိုက်တာလဲ"

ကျော်ကြည်သာက ဖုန်းကို အသာလှမ်းယူရင်း ကူညီပါမယ်ချင်း ထပ်နေသော တူမဖြစ်သူစကားကို ရွဲ့လိုက်သည်။ ပိုက်ဆံရမယ့်အလုပ် လုပ်နိုင်းတော့ မလုပ်ချင်ဘူး။ ပြီးမှ လမ်းထဲမှာရော၊ သူငယ်ချင်းများ ကြားမှာပါ ဟိုလူ့ကူညီရတာနဲ့ ဒီလူ့ကူညီရတာနဲ့ အလကား အမိပွာယ်မရှိ အချိန်ကုန်သည်။

"လေးလေးကျော်နော် ... ယောက်ျားကြီးဖြစ်ပြီး ရွဲ့နေတာ လရိပ် မကြိုက်ဘူး"





"ရန်တွေ့တာထက်တော့ ပိုသာပါတယ်ကွာ"

ကျော်ကြည်သာက အနိုင်နဲ့ပိုင်းကာ ထွက်သွားသည်။ လရိပ်ကတော့ ပြန်မချေပနိုင်သည့်အတွက် မချင့်မရဲဖြစ်ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဟယ်လို"

ရဲဂျာ သီချင်းရေးနေတုန်း ဖုန်းကိုပိတ်ထားနေကျ။ ဒီနေ့တော့ မင်း စတူဒီယိုက အစ်ကိုတွေနဲ့ ရီကောဒင်းကိစ္စပြော စရာရှိ၍ ဖုန်းဖွင့်ထားခြင်းဖြစ်သည်။ ဖုန်းမြည်သံကြား၍ ကြည့် လိုက်တော့ သူ မသိတဲ့ ဖုန်းနံပါတ်တစ်ခု။

"ကိုရဲဂျာနဲ့ ပြောချင်လို့ပါ"

ကောင်မလေးတစ်ယောက်၏ ချိုကြည်သောအသံ၊ မိတ်ဆက်စကားပြောတာ ဖြစ်နိုင်သည်။ ဖုန်းချပစ်လိုက်တာက လည်း မကောင်း၊ ပရိသတ်က သူ့ကို မာနကြီးသည်ဟု မထင် စေလိုပါ။





"ဟုတ်ကဲ့ ... ကျွန်တော် ပြောနေပါတယ်"

"ကိုရဲဂျာ ... လရိပ်ပြာပါ"

တစ်ဖက်မှ အသံကြောင့် သူ အံ့ဩသွားသည်။ ဒီကောင်စုတ်မလေး ဘာမွှေဦးမလဲ မသိပေ။

"ပြော ... ဘာကိစ္စလဲ၊ ပြီးခဲ့တဲ့ကိစ္စအတွက် ငါအစာကျေ တယ်လို့ မထင်နဲ့နော်"

"ဒီမှာ ... ရှင့်ကို အရေးကြီးတဲ့သတင်းတစ်ခု ပေးစရာရှိ လို့၊ ဒါပေမဲ့ အပေးအယူတစ်ခုတော့ ရှိရလိမ့်မယ်"

ရဲဂျာကတော့ သူမ၏စကားကြီးစကားကျယ်ကို ကြား၍ သရော်တော်တော် ပြုံးလိုက်ကာ ...

"ဘာကိစ္စလဲ ... အရေးမကြီးဘူးဆို လုံးဝမပြောနဲ့၊ ဒီမှာ သီချင်းရေးနေတယ်၊ မနှောင့်ယှက်နဲ့"

လရိပ်ပြာသည် နှုတ်ခမ်းကို အသာကိုက်၍ ဖုန်းချ ပစ်ဖို့ ကြိုးစားသော်လည်း သနားစရာ မိုနီကာရဲ့မျက်နှာလေးကို ပြန်မြင်ယောင်တာမို့ တော်တော်လေးကို သည်းခံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြီးကို သိပ်စကားပြောချင်လို့ ဆက်တယ်များ ထင်နေလို့လား၊ မိုနီကာ ဘယ်မှာနေလဲဆိုတာ သတင်း ပေးမလို့"

လရိပ်ပြာ လေသံက မာကျောလွန်းသော်လည်း အကြောင်းအရာကတော့ ဝမ်းသာစရာပင်။ မာဗီ တကယ်ကို တရောင်ရောင်နှင့် နေမကောင်းပါ။

စိတ်လိုက်မာန်ပါ အမွေဖြတ်စွန့်လွှတ်ပြီးမှ ကျိတ်ပြီး ခံစားနေရဟန်။

သူ့ရော ဘာထူးလို့လဲ၊ တစ်ဦးတည်းသော ညီမလေး ကို လွမ်းဆွတ်၍နေပါသည်။

"မင်း တကယ်ပြောနေတာလား၊ ဘယ်တုန်းက စိတ်ကောင်း ဝင်သွားတာလဲ"

"အပိုတွေ ပြောမနေနဲ့၊ မိုနီကာ့လိပ်စာကို ဒီအတိုင်းမပေး နိုင်ဘူး၊ ရှင့်ဆီက ကတိတစ်ခု တောင်းရလိမ့်မယ်"

"ဘာကတိလဲ ... ကြီးကြီးကျယ်ကျယ်နဲ့"





"ရှင် မိုနီကာနဲ့ ဝဏ္ဏကို မခွဲပါဘူးဆိုတဲ့ ကတိကို ပေးရ လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခု မိုနီကာမှာ ကိုယ်ဝန် ရှိနေပြီ"

"ဟင်"

ရဲဂျာ ရင်ထဲ တစ်မျိုးလေး ခံစားသွားရသည်။ ညီမ လေးမှာ ကိုယ်ဝန်ရှိနေပြီတဲ့၊ အဆင်မပြေကြတဲ့ အသိုင်းအဝိုင်း ကြားမှာ ညီမလေး ဘယ်လိုနေထိုင် စားသောက်နေလဲ သူ တွေး ပူမိသွားသည်။

"ကဲ ... ဘယ်လိုလဲ၊ အဲဒီကတိ ပေးနိုင်လား"

"အေး ... ပေးနိုင်တယ်၊ လိပ်စာအတိအကျပြော၊ မလိမ့် တပတ်တော့ မလုပ်နဲ့"

"ရှင်ကြီးကများ တစ်ပြန်ကြီး၊ မိုနီကာတို့ကို မခွဲဘူးဆိုတဲ့ ကတိကို လရိပ် ဘယ်လိုယုံရမလဲ"

"မင်းပေးထားတဲ့ လိပ်စာက အမှန်လား၊ တမင်အကြောင် ရိုက်တာလား ဆိုတာရော ငါက ဘယ်လိုယုံရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား အသံခေတ္တမျှ တိတ်ဆိတ်သွားသည်။ ပြီးမှ ရဲဂျာက ...

"ဒါဆိုရင် ဒီလိုလုပ်၊ ငါတို့ကို မင်း အဲဒီလိပ်စာအတိုင်း လိုက်ပို့ပေးရမယ်၊ ဒါမှ မင်းကို ငါ ယုံကြည်နိုင်မယ်"

"ရှင်ရော ... ဝဏ္ဏနဲ့ မိုနီကာကို မခွဲဘူးဆိုတာ ဘာနဲ့ သက်သေပြမှာလဲ"

"အဲဒါက ဘယ်လိုသက်သေပြရမှာလဲ၊ သူတို့ တရားဝင် လက်မှတ်ထိုးထားကြပြီပဲ၊ ပြန်လက်ခံပေးရမှာပေါ့"

"သေချာလို့လား ...၊ အင်းလေ ... ရှင် မိုနီကာနဲ့ဝဏ္ဏကို ခွဲရင် အရမ်းအပြစ်ကြီးတဲ့သူ ဖြစ်သွားလိမ့်မယ်၊ ချစ်သူ ချင်းကွဲအောင် ခွဲတဲ့အပြစ်ရယ်၊ မိဘနဲ့ သားသမီးကိုခွဲတဲ့ အပြစ်ရယ်"

ရဲဂျာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးနေသည်။ ဒီကလေးမ သူ့စကားနဲ့သူ့ကို ပြန်ပက်နေသည်လေ။ ဘာပဲဖြစ်ဖြစ် သူ မိုနီ ကာနေသည့် နေရာကို သိရတော့မည့်အတွက်၊ ညီမလေးကိုပြန် တွေ့ရတော့မည့်အတွက် အူရှင်မိတာ အမှန်ပင်။ ပြီးတော့ လရိပ်





ဆိုတဲ့ ကောင်မလေးနဲ့ စကားများရတာလည်း သူ သဘောကျ သည်။

"ဒါဆို မနက်ဖြန် ... မနက်ဖြန် မင်း အားတယ်မဟုတ် လား၊ ငါ လာခေါ်မယ်"

"နေပါဦး ... လရိပ် အိမ်လိပ်စာရော သိလို့လား"

"သိတာပေါ့၊ ငါတို့ကို တစ်ပတ်ရိုက်သွားတဲ့ ကောင်မစုတ် လေးရဲ့လိပ်စာပဲ"

"sorry ပဲ ... အိမ်တိုင်ရာရောက် ဘော်ဒီဂတ်လွှတ်ပြီး ပြဿနာရှာခံခဲ့ရတာ မေ့တော့မလို့"

"မဂ္ဂဇင်းထဲ ပါရလောက်အောင် မဟုတ်မဟတ် သတင်း လွှင့်တာတော့ မကောင်းဘူးပေါ့ကွာ၊ ငါ့မှာ အဲဒီကိစ္စ တကယ်မဟုတ်ပါဘူးလို့ အားလုံးကို ဖြေရှင်းရတာ အာ တောင်ပေါက်တယ်"

"ဘာတွေ ပြောနေတာလဲ"

"ဘာလဲ ... မင်း လုပ်ထားပြီး မသိချင်ယောင်ဆောင်နေ တာလား၊ မဂ္ဂဇင်းထဲမှာပါလာတဲ့ သတင်းကြောင့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမင်္ဂလာဆောင်းလဲ ... ဘာသတင်းလဲ ... လရိပ် တကယ် မသိဘူး"

ရဲဂျာက ထိုသတင်းကို ပါးစပ်က ဘယ်လိုထွက်ရမှန်းမသိဖြစ်ကာ စိတ်ရှုပ်နေ၏။ သို့သော် နားမလည်ဟန်ဆောင်နေသော သူမကို ပြောမှဖြစ်မည်လေ။

"ငါက သာမန်မိန်းကလေးတစ်ယောက်ကို အသည်းအသန်ကြွေနေတယ်ဆိုတဲ့ မဟုတ်ကဟုတ်က သတင်းလေ"

"အော် ... ဒါကြောင့် ရှင်က လေးလေးကျော်ဆီ ဖုန်းဆက်ပြီး လရိပ်ကို ရန်တွေ့တာကို၊ ရှင့်မှာ ဦးနှောက်မရှိဘူးလား ကိုရဲဂျာရဲ့၊ လရိပ်နဲ့ media နဲ့ ဘာအဆက်အစပ်မှ ရှိတာမဟုတ်ဘူး၊ တစ်ခုရှိတာက ရှင် လရိပ်နဲ့စကားပြောဖို့ ကားနဲ့ခေါ်သွားတာ တွေ့လိုက်တဲ့လူတွေဆီက ဖြစ်မှာလေ၊ သူတို့က media နဲ့ နီးစပ်တယ် မဟုတ်လား၊ ဒီတော့ ရှင် စဉ်းစားပါဦး၊ မနက်ဖြန် လရိပ်ကို အိမ်အထိလာခေါ်ရင် ဒီလိုသတင်းမျိုး ထပ်မထွက်ဘူးလို့ မပြောနိုင်ဘူး"





"မင်းက ငါ့ကို ခြိမ်းခြောက်တာလား"

"မဟုတ်ပါဘူး ... လရိပ် မညာဘူး၊ လိပ်စာပေးလိုက်မယ်၊ ကိုယ့်ဘာသာပဲ သွားလိုက်ပါ"

"ဟင့်အင်း မရဘူး၊ ငါတို့ သဘောတူညီမှုရပြီးပြီပဲ၊ ဒါဆို ဒါပဲနော်၊ ငါ ချိန်းထားတဲ့စကား ပြောစရာကိစ္စလေးရှိလို့ ဖုန်းချလိုက်ပြီ"

လေးလေးဇော်က ကျူရှင်သွားခါနီးမှ ဖုန်းအားမရှိလို့ charging သွင်းပြီး သူ့ဖုန်းကို အိမ်မှာထားခဲ့သည်။ ညဘက်သောက်ထားလျှင် မနက်စောစောနဲ့ မထ,တတ်တဲ့ လေးလေးကျော် အကျင့်ကို သိထားပြီးတာကြောင့် အစစအရာရာ ရာသီဥတုက ကိုယ့်ဘက်ပါနေသည်မို့ စောစောထ,ကာ သူ့ဆီဖုန်းလှမ်းဆက်ခြင်းဖြစ်သည်။

မနက်(၈)နာရီဆိုတာ လရိပ် အတွက်တော့ စောသေးသည်။

"အဟမ်း ... အဟမ်း"



www.burmeseclassic.com

www.burmeseclassic.com



နောက်နားဆီက လေးလေးကျော်ရဲ့ ချောင်းဟန့်သံကြောင့် လရိပ်လက်ထဲက လေးလေးဇော်ဖုန်းက လွတ်ကျတော့မတတ်ပင်။ စွပ်ကျယ်နဲ့ ဘောင်းဘီတို ဝတ်ထားပြီး ခါးထောက်၍ ရပ်နေသော လေးလေးကျော် ရုပ်က သူခိုးမိသူတစ်ယောက်၏ အောင်နိုင်သူအပြုံးမျိုးဖြင့် တောက်ပလျက်။

"ငါ အကုန်ကြားပြီးပြီ လရိပ်ပြာ၊ ပြောစမ်း … မင်းနဲ့ ဒီ ရဲဂျာက ဘာလဲ"





အခန်း ၁၄

Super custom ကားတစ်စီးက လူလတ်တန်းစား ရပ်ကွက်တစ်ခုထဲသို့ ဝင်လာသည်။ ကားပေါ်တွင် ရဲဂျာ၊ ဒေါ်မေရီထား၊ မိုးကို၊ မိုးချိုနှင့် ကေကေတို့ ပါကြသည်။ အပြန်ခရီးမှာလည်း နှစ်ယောက်ထပ်တိုးဦးမည်လေ။

"မင်းကောင်မလေးက သချာပါတယ်နော်"

ဒေါ်မေရီထား အမေးကြောင့် ရဲဂျာ ပခုံးတွန့်လိုက်ကာ …

"သေချာပါတယ် မာမီ၊ ဒါပေမဲ့ သူ သားကောင်မလေး မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ခုံတွင် ထိုင်နေသော ကေကေက အမောတကော ဖြင့် ...

"ကိုကိုနဲ့ အဲဒီကောင်မလေးက ငြိနေကြတာလား"

ဟု မေးလျှင် ဒေါ်မေရီထားနှင့် ရဲဂျာ ရယ်မောလိုက်ကြသည်။

"ပေါက်ပေါက်ရှာရှာ ကေကေရယ်၊ ကိုကိုက ဘာအတွဲမှ မရှိပါဘူး၊ မိန်းမတွေက အချိုနည်းနည်းကျွေးပြီး အလွမ်းခါးခါးတွေ ပေးတတ်တာမို့ ကြောက်လွန်းလို့ပါ"

ကေကေသည် ကော့ပျံ့ရှည်လျားသော မျက်တောင်လေးများကို တဖျပ်ဖျပ်ခတ်လိုက်သည်။ ဒီစကားက သူမကို တိုက်ရိုက်ရည်ညွှန်းမှန်း သိပေမင့် ကိုကို့မှာ ချစ်သူရှိမနေသည့်အတွက် ကျေနပ်သွားမိသည်။

မိုနီကာနဲ့ သူမက ငယ်ငယ်လေးကတည်းက ကျောင်းနေဖက်သူငယ်ချင်းများ ဖြစ်ကြသည်။ မိဘချင်းကလည်း ခင်မင်ကြသည်မို့ တစ်ယောက်အိမ် တစ်ယောက် ဝင်ထွက်ပြီး ဆွေမျိုး





များပမာ။ မိုနီကာတို့အိမ် ဘေးအိမ်ကလည်း ကေကေ့ရဲ့အဒေါ် အရင်းအိမ် ဖြစ်သည်မို့ မိုနီကာနှင့် သူမ မခွဲဘဲ တတွဲတွဲရှိကြတာ သူမတို့မိသားစု ကနေဒါ ပြောင်းမသွားခင် အထိပေါ့။

ကနေဒါက ပြန်ရောက်ရောက်ချင်း မိုနီကာ့သတင်းကိုကြားတော့ ကေကေ အမောဆို့သွားခဲ့သည်။ သတင်းမေးရအောင် အပြေးအလွှား လာခဲ့ပေမင့် အန်တီမေရီ တစ်ယောက်သာ အရင်ကလို နွေးထွေးမှု ရှိနေသည်။ ကိုကို့မျက်ဝန်းထဲမှာ ဟိုအရင်လို နူးညံ့သိမ်မွေ့ခြင်းမျိုး ရှာမရခဲ့။ ကေကေ ဟိုမှာရှိနေတုန်းကလည်း ကိုကို့ကို ဆက်သွယ်တိုင်း ကိုကိုက လိမ္မာပါးနပ်စွာ ရှောင်ခဲ့သည်ချည်းလေ။ မိုနီကာနှင့်တော့ chatting ထိုင်ဖြစ်ခဲ့ကြသည်။

အချိုနည်းနည်းကျွေးပြီး အလွမ်းခါးခါး ပေးတယ်ဆိုတာ ဘာလဲ ကိုကို။ ကိုကိုသာ ကေကေ့ပေါ်မှာ တကယ်ချစ်ခဲ့တယ်ဆိုရင် ကေကေ ဆက်သွယ်ခဲ့တာတွေကို လက်ခံသင့်တာပေါ့။ ကေကေကလည်း ပြောခွင့်ရှိရင် ပြောချင်ပါတယ် ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေကလည်း ကြော့ကွင်းထဲမှာ ဟန်ဆောင်အမိခံတတ်ကြပြီး တကယ်တမ်း ကြော့ကွင်းထောင်သူ အနားရောက်လာတဲ့အခါ လွတ်အောင်ရုန်းပြီး ထွက်ပြေးတတ်တဲ့ လူစားမျိုးတွေပါ။

"ဒီအိမ်ပဲ အစ်ကိုလေး"

နှစ်ထပ်အိမ်လေးတစ်လုံးရှေ့မှာ မိုးကို ကားရပ်လိုက်သည်။

"မင်း ဆင်းပြီး လရိပ်ပြာကို ခေါ်ခဲ့"

အိမ်ရှေ့မှာ လာရပ်သောကားကိုကြည့်ပြီး ကျော်ကြည်သာနှင့် ဇော်ကြည်သာ တူမချောကို ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

မနေ့ကတည်းက သူရော ဇော်ပါ လရိပ်ကို ရှုပ်ရှုပ်ယှက်ယှက် လုပ်ရကောင်းလားလို့ ဝိုင်းဆူခဲ့ကြသည်လေ။

"ဒါ နောက်ဆုံးပဲ လရိပ်ပြာ၊ ဒီကိစ္စပြီးရင် အဲဒီကောင်လေးနဲ့ ကင်းကင်းရှင်းရှင်းနေပါ၊ လူဆိုတာ ကိုယ့်နေရာကိုယ်နေတာ အကောင်းဆုံးပဲ"





လရိပ် ဘာစကားမှ မရှည်ဘဲ ခေါင်းညိတ်ပြလိုက်သည်။ ဟုတ်တယ် ... လူဆိုတာ ကိုယ့်နေရာ ကိုယ်နေတာ အကောင်းဆုံးပဲ။

လေးလေးတို့ မပြောလည်း ရဲဂျာနဲ့ သူမတို့ကြားထဲက ဆက်ဆံရေးက မိုနီကာ့နေတဲ့နေရာ လိုက်ပြပြီးရင် ပြီးပြီပဲ မဟုတ်လား။

ရုတ်တရက် ရင်ထဲ ·ငိုချင်စိတ်တွေ ဝင်လာသည်။ ဘာလို့များ လရိပ် အခြေအနေချင်းမတူတဲ့ လူတစ်ယောက်ကို အချစ်ကြီး ချစ်မိသွားတာလဲ။ ဒါပေမဲ့ လရိပ် ကျေနပ်ပါတယ်လေ။ သူနဲ့ဆုံတွေ့၊ ပြောဆိုခဲ့တဲ့ အဖြစ်အပျက်လေးတွေ လရိပ်ရင်ထဲမှာ ထာဝရသိမ်းဆည်းထားမှာပါ။ လရိပ် သူ့ကိုလွမ်းရင် သူ့သီချင်းခွေလေးတွေ နားထောင်လို့ ရနေတာပဲ။ ဒါ သူ့အသံကို ကြားနေရတာပေါ့။ MTV တွေ live show အခွေတွေထွက်ရင်လည်း လရိပ် TV screen ပေါ်မှာ သူ့ရုပ်လေးကို မြင်တွေ့နေရဦးမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မိုးကို ဖွင့်ပေးသော ကားတံခါးမှ အထဲကို ဝင်ထိုင်လိုက်သည်။ ကားက ငြိမ့်ခနဲ မောင်းထွက်သွားသည်။ လရိပ်က သူမထက်အရင် ကားပေါ်ရောက်နေသော ဇာဂါဝန်အဖြူလေးဝတ်ထားပြီး ဘီးကုတ်ကျောက်တန်းအဖြူလေး တပ်ထားကာ ဆံပင်လိမ်လိမ်လေးတွေနှင့် ဖြူဖွေးနုပြီး ပန်းလေးတစ်ပွင့်လို လှပသော ကောင်မလေးကို ငေးခနဲ ကြည့်မိသည်။ သူမ ဘယ်သူလဲ။ မော်ဒယ်လ်တစ်ယောက်များလား။

"ညည်းက လရိပ်ပြာ ဆိုတာလား"

ရဲဂျာအမေ ဖြစ်ဟန်တူသော အမျိုးသမီးရဲ့အမေးကို လရိပ် လှည့်၍ ခေါင်းညိတ်ပြလိုက်သည်။ ရဲဂျာက အမေဖြစ်သူကို ဘာမှထပ်မပြောရန် ခေါင်းခါပြလိုက်တာမို့ ဒေါ်မေရီထားဆီမှ ဘာသံမှထပ်မထွက်လာပါ။

လရိပ်ကတော့ တရိပ်ရိပ်ပြေးနေသော ကားလေးထဲတွင် တိတ်တဆိတ် လိုက်ပါလာသည်။ ဒီနေ့ ရဲဂျာကို တွေ့ရတာ နောက်ဆုံးနေ့ ဖြစ်မည်ထင်သည်။





ကားလေးက လရိပ်ပြာ၏ လမ်းညွှန်မှုဖြင့် မိုနီကာတို့အိမ်ရှေ့သို့ တည့်တည့်မတ်မတ် ဆိုက်ရောက်လာသည်။ ခြံထဲရှိ ဘူးစင်အောက်တွင် ရပ်နေသော ဝဏ္ဏက ခြံရှေ့မှ ကားရပ်သံကို ကြားလိုက်ရပြီး ခြံရှေ့သို့ လှမ်းအကြည့် လရိပ်ပြာနှင့်လူတစ်စုကို တွေ့လိုက်ရတာမို့ ခြေလှမ်းကျဲကျဲဖြင့် ခြံဝရောက်လာသည်။

လရိပ်ပြာနဲ့အတူ မိုနီကာရဲ့အစ်ကိုရော အမေကိုပါ တွေ့လိုက်တာမို့ ထောင်းခနဲ ဒေါသထွက်သွားသည်။

"ဟေ့ကောင် လရိပ်၊ မင်းကို ငါ အားကိုးယုံကြည်ခဲ့မိတာ အလကားပဲ၊ မင်း ဘာကြောင့် သူတို့ကို ဒီခေါ်လာခဲ့ရတာလဲ၊ မင်း ရည်ရွယ်ချက်က ဘာလဲ ဟေ့ကောင်"

လရိပ်သည်လည်း ဝဏ္ဏရဲ့ဒေါသစကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားကာ ...

"မဟုတ်ဘူး ဝဏ္ဏ၊ မင်း အထင်မှားနေပြီနော်၊ ငါ သူတို့ကို ခေါ်လာရတာက ..."



www.burmeseclassic.com

www.burmeseclassic.com



“တော်တော့ ... ငါ မကြားချင်ဘူး၊ ဒီမှာ ခင်ဗျားတို့ မိုနီကာ့ကို ခေါ်သွားချင်တယ်ဆိုရင် ကျွန်တော့်ကို သေအောင်သတ်ပြီးမှ ခေါ်သွားကြ၊ ကျွန်တော် ရှင်လျက်နဲ့တော့ မိုနီကာ့ကို မထည့်လိုက်နိုင်ဘူး”

ဝဏ္ဏက အရူးတစ်ယောက်လို အော်ဟစ်ပြောဆိုနေသည်။ အားလုံးကလည်း သူ့ဒေါသမှာ ကြက်သေ,သေနေကြသည်။

မိုနီကာ အိမ်ထဲမှ ကသောကမျော ထွက်လာသည်။ ကိုကို၊ မာမီနှင့် ကေကေ့ကိုပါ တွေ့လိုက်ရတာမို့ အရမ်းဝမ်းသာသွားပြီး ပြေးလာသည်။

“မာမီ”

အမေဖြစ်သူကို ဖက်တွယ်ထားပြီး ဒေါ်မေရီထားကလည်း လွမ်းဆွတ်ခဲ့ရသည့် သမီးလေး မိုနီကာကို တင်းတင်းကျပ်ကျပ် ပြန်ဖက်ထားလိုက်၏။

လရိပ်ပြာသည် ထိုမြင်ကွင်းကိုကြည့်ကာ ကြည်နူးသွားမိသည်။ ပြီးတော့ ခြံဝမှ လှည့်ထွက်လာခဲ့သည်။ ဝဏ္ဏရဲ့





အထင်မှားမှုတို့ မကြာခင် ပြေပျောက်မှာပါ။ အပြန်တော့ သူတို့ကားနဲ့လိုက်မပြန်လိုပါ။

ဒီခရီးတစ်လျှောက် သူမနားက ကေကေ ဆိုတဲ့ ကောင်မလေးနဲ့ ရဲဂျာအမေ ပြောစကားအရဆိုလျှင် သူ့အင်တာဗျူးထဲမှာ ဖော်ပြထားသလို သူ့ရဲ့အတိတ်က နိုင်ငံခြားကို ထွက်သွားသည့် ကောင်မလေးမှာ ထိုကောင်မလေးဆိုတာ ကျိန်းသေနေသည်ပဲ။

တင်းတားသည့်ကြားမှ လရိပ် မျက်ရည်တွေ တလိမ့်လိမ့် ကျနေသည်။ ခင်ဗျားကြောင့် လရိပ် မျက်ရည်ကျနေတယ် ရဲဂျာ။ အတိတ်ဆိုတာ ပစ္စုပ္ပန်နဲ့ ဆက်စပ်မှုရှိပါတယ်။ ပြီးတော့ အနာဂတ်နဲ့ရောပေါ့။ ခင်ဗျားရဲ့အတိတ်ကို ပြန်အသက်သွင်းပြီး ပစ္စုပ္ပန်မှာ ပြန်ရှင်သန်အောင် ဖန်တီးပေးမယ့် ပန်းတစ်ပွင့်ရောက်လာခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



## အ ၁၅ ခန်း

"လေးလေးကျော်နဲ့ လေးလေးဇော်၊ အခုကစ,ပြီး လရိပ်ဆီကို ဘယ်ဖုန်းပဲလာလာ လရိပ်မရှိဘူးလို့ ပြောပေးပါ။ အိမ်ကို တစ်ယောက်ယောက်လာရင်လည်း လရိပ် မရှိဘူးပဲပြောပေးပါ။ ပြီးတော့ ဆယ်ရက်လောက် လရိပ် ထမင်းဟင်း မချက်ပါရစေနဲ့၊ အဲဒီအတွက် နောက်ရက်တွေ ပြန်အစားထိုးပေးပါ့မယ်"

ပြောပြီး ခေါင်းငိုက်စိုက်ချကာ အိမ်ပေါ်ထပ် တက်သွားသော ဇာတ်မဖြစ်သူကို ညီအစ်ကိုနှစ်ယောက် နားမလည်နိုင်ဟန် ကြည့်နေကြ၏။





"အဲဒါ ဘာအဓိပ္ပာယ်လဲ၊ မင်း သိလား ကျော်"

"တော်တော်ပိန်းတဲ့ ကျူရှင်ဆရာပဲ၊ ဘယ်လိုများ စာသင်နေလဲ မသိဘူး၊ သူ ပြောသွားတဲ့စကားကို အစ,အဆုံး ပြန်စဉ်းစားကြည့်စမ်း"

"အေးလေ ... စဉ်းစားတယ်လေ၊ စဉ်းစားလို့ မရလို့ပေါ့ကွ"

"ပြောရင်လည်း မကြိုက်ပြန်ဘူး၊ လွယ်လွယ်လေးပါ၊ လရိပ် တရားစခန်းသွားမှာမို့လို့ မှာတာပေါ့ကွ"

"ကျွတ် ... အဓိပ္ပာယ်မရှိလိုက်တာ၊ ဘယ်လိုဖြစ်နိုင်မှာလဲ၊ ကြည့်ရတာ ဘယ်သူ့ကို ထိုးလွှတ်လိုက်လဲ မသိဘူး၊ အဲဒါ အိမ်ကိုလိုက်လာပြီး ပြဿနာလာရှာမှာစိုးလို့ ပြောတာဖြစ်မှာ"

"မဟုတ်ဘူး ... ရုပ်ကြည့်ပါလား၊ လောကကြီးကို တော်တော်စိတ်ကုန်နေတဲ့ပုံ၊ တရားစခန်းဝင်မလို့ဖြစ်မယ်"

"မဟုတ်ဘူး ရန်ဖြစ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား အပြန်အလှန် ငြင်းခုန်နေကြချိန်တွင် ဖုန်းမြည်သံကြောင့် ကျော်ကြည်သာ ဖုန်းကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"လရိပ်ပြာနဲ့ ပြောချင်လို့ပါ"

ယောကျ်ားတစ်ယောက်၏အသံ၊ ဒီအသံကို သူ ရင်းနှီးနေသလိုပင်။

"ဘယ်သူလဲ ... ဘာကိစ္စလဲ"

"ကျွန်တော် ရဲဂျာပါ၊ လရိပ်ပြာ အိမ်ပြန်ရောက်နေလား သိချင်လို့"

"ဟော့ကောင် ... ဘယ်သူလဲ၊ လရိပ်က ဘယ်သူဖြစ်ဖြစ် မရှိဘူးလို့ ပြောခိုင်းထားတယ် မဟုတ်လား၊ လေရှည်မနေနဲ့ ... ပြောလိုက်"

ဖုန်းထဲမှ နောက်ထပ် ဦးလေးတစ်ယောက် လှမ်းအော်သံကြားတော့ ရဲဂျာ အလိုက်တသိနှင့် ဖုန်းချလိုက်သည်။





သူတို့အားလုံး မိုနီကာနှင့် အလွမ်းသယ်နေကြချိန်တွင် လရိပ်ပြာကို ခေတ္တမေ့သွားကြသည်။ သတိရလို့ ကြည့်လိုက်ချိန်တွင်မတော့ သူမ မရှိတော့။

သူ ထူပူသွားပြီး ကားဂိတ်ရှိရာ မိုးကိုနဲ့အတူ သွားရှာကြသော်လည်း လရိပ်ပြာကို မတွေ့ခဲ့ကြ။ သူမဦးလေးတွေ ပြောပုံအရဆို သူမ အိမ်ပြန်ရောက်နေတာ သေချာသွားတာမို့ သူ စိတ်အေးသွားသည်။

အခု သူ့ဒေါသတွေက မိုနီကာ့ယောကျ်ား သူ့ယောက်ဖပေါ်မှာ စုပြုံနေသည်။ ကိစ္စတစ်ခုကို သေသေချာချာ မသိဘဲ ထင်တာပြောတာလောက် မုန်းဖို့ကောင်းတာ မရှိ။ လရိပ်ပြာလောက် သူငယ်ချင်းတွေအပေါ်မှာ သစ္စာရှိပြီး ကူညီတတ်သူ ရှိပါဦးမလား။

"ကိုကို ... ဆက်လို့မရဘူးလားဟင်၊ ဘာပြောလဲ"

မိုနီကာက အစ်ကိုဖြစ်သူကို တတွတ်တွတ်လိုက်မေးနေသည်။ ဒီလိုတွေဖြစ်ပျက်ခဲ့တာ သူမ အပြစ်တွေလည်းပါပါသည်။ မောင် သိရင် ကန့်ကွက်မည်စိုး၍ မောင့်ကို အသိမပေး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ လရိပ်ပြာကို သူမ ဆက်သွယ်ခဲ့သည်။ မာမီတို့ လိုက်လာကတည်းက သူမအပေါ် ခွင့်လွှတ်လိုက်ပြီမှန်း လရိပ်ပြာ အောင်မြင်အောင် လုပ်ဆောင်ခဲ့ပြီမှန်း သိလိုက်သည်။

"တောက် ... နင့်ယောက်ျားကို ငါ ဆွဲထိုးပစ်ချင်တယ်၊ နင်လည်း ဘာထူးလဲ အတူတူပဲ၊ အကူအညီတွေကျ တစ်ခုပြီးတစ်ခုတောင်းပြီး ဒီလိုဆက်ဆံလိုက်တာ ကောင်းသလား"

"ဟုတ်ကဲ့ ... မကောင်းပါဘူး အစ်ကို၊ ကျွန်တော်တို့မှားပါတယ်"

ရဲဂျာက ထိုဇနီးမောင်နှံကို မျက်ထောင့်နီနှင့် တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားသည်။

"မာမီ ... ကိုကို ဘာဖြစ်နေတာလဲဟင်"

"ငါလည်း မသိဘူး၊ အရင်တုန်းကတော့ သူပဲ အဲဒီကောင်မလေးကို ငါတို့ကို တစ်ပတ်ရိုက်သွားလို့ဆိုပြီး နုပ်နုပ်စင်းချင်နေတာ၊ အခုတော့ ငါက နည်းနည်းပါးပါးလေးစကားပြောချင်တာတောင် ပြောခွင့်မပေးဘူး"





ဒေါ်မေရီထားကလည်း ဒေါသတွေထွက်ပြီး ရှူးရှူးရှဲရှဲဖြစ်နေသော၊ ဣန္ဒြေမဆောင်နိုင်တော့ဘဲ မျက်နှာပျက်ယွင်းနေသောသားဖြစ်သူ၏ အပြုအမူများကို တစ်စက်မှ နားမလည်ပါ။

"ဟိုကောင်လေး ... မင်းအိမ်နဲ့ အဆက်အသွယ်လုပ်ပြီး မင်္ဂလာဆောင်ဖို့ စီစဉ်စရာရှိတာ စီစဉ်ရအောင် အိမ်ကိုလာဖို့ပြောလိုက် ...

နေဦး ... ဒီလိုလုပ်ပေးတာ ငါ့သမီးကို ငါမခွဲနိုင်လို့နော်၊ ပြီးတော့ မွေးလာတော့မယ့် ငါ့မြေးလေးကိုလည်း အဆင့်အတန်းမရှိ လိုက်ပြေးပြီး မင်္ဂလာမဆောင်ဘဲရတဲ့ကလေးလို့ အပြောမခံနိုင်ဘူး၊ ပြီးတော့ မင်းလည်း မနက်ဖြန်ကစ,ပြီး ငါတို့ကုမ္ပဏီမှာ အလုပ်စ,ဝင်ရမယ်"

"ဟုတ်ကဲ့ မာမီ၊ ကျွန်တော့်ကို မာမီ စိတ်မပျက်စေရပါဘူး၊ အစွမ်းကုန် ကြိုးစားမှာပါ"

ဒေါ်မေရီထားက ထွက်သွားနှင့်လေပြီ။

"မောင် ... လရိပ်ကို ကိုယ်တိုင်သွားပြီး တောင်းပန်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မောင်လည်း ရုတ်တရက်ဆိုတော့ အထင်မှားမိတာပါ"

"လရိပ်က မိုနီတို့ကို တကယ်စိတ်နာနေမလား"

"လရိပ်ပြာက သွားတောင်းပန်ရင် ခွင့်လွှတ်ဦးမယ်၊ မိုနီ့အစ်ကို ရွှေယောက်ဖကြီးကတော့ တောင်းပန်တောင်ကျေအေးနိုင်ပုံ မရဘူး၊ ထူးဆန်းတယ်လို့ မထင်ဘူးလား အပြောခံရတာ သူ ကျနေတာပဲ"

"ဟုတ်တယ်၊ မိုနီလည်း အဲဒါကိုပဲ စဉ်းစားနေတာ၊ ကိုကိုက သူ့ကိုယ်သူ ဘာဖြစ်လို့ ဖြစ်နေမှန်း သိပုံမရဘူး"

"သူ ဘာဖြစ်နေတယ်လို့ မိုနီ ထင်လဲ"

"မောင်ထင်တဲ့ အတိုင်းပဲလေ"

နှစ်ယောက်သား တိုင်ပင်မထားဘဲ ပြိုင်တူရယ်လိုက်ကြသည်။ ဝဏ္ဏက မိုနီ့ပခုံးလေးကိုဖက်ပြီး သူတို့နှစ်ယောက်အတွက် အဆင်သင့်ပြင်ပေးထားသော အခန်းထဲသို့ ဝင်သွားသည်။ အခန်းတံခါးကို လော့ခ်ချလိုက်ပြီး နှစ်ယောက်အိပ်မွေ့ရာအိအိကြီးပေါ်မှာ ထိုင်ချလိုက်ကြသည်။





"ဒီတစ်ခါ မိုနီတို့အလှည့်ပဲ၊ သူတို့နှစ်ယောက်အတွက် အစွမ်းကုန် ကြိုးစားပေးကြမယ်"

"အိုကေ ... အစ်ကိုရဲဂျာနဲ့ လရိပ်ပြာတို့အတွက် မောင်တို့စစ်ဆင်ရေး အောင်မြင်ပါစေ"

သူတို့နှစ်ယောက် လက်ဝါးချင်း ရိုက်လိုက်ကြသည်။ လရိပ်ပြာပါ ဒီမိသားစုထဲရောက်လာရင် ဘယ်လောက်ပျော်ဖို့ကောင်းလိုက်မလဲ။

❦ ❦ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၉၉၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ကေကေသည် သူမ၊ ကိုကိုနှင့် မိုနီကာ သုံးယောက်တွဲ အမှတ်တရ ရိုက်ထားသော ပုံလေးကို အယ်လ်ဘမ်ထဲမှထုတ်ယူလိုက်သည်။ ချောမောလွန်းသော ကိုကို့မျက်နှာလေးကို လက်ကလေးနဲ့ အသာယာ တို့ထိမိသည်။

ကေကေ ကနေဒါပြောင်းကာနီး ကိုကိုနဲ့ နောက်ဆုံးတွေ့ခဲ့သည့်ရက်ကို ပြန်အမှတ်ရလို့နေသည်။

"ကေကေ ... တကယ်သွားတော့မှာပေါ့နော်"

မျက်ရည်ကြည် ရစ်သိုင်းနေသော ကိုကို့မျက်ဝန်းတွေကို သူမ လျစ်လျူရှုလိုက်သည်။





"ဟုတ်တယ် ကိုကို၊ ဟိုမှာ ကေကေတို့ အမျိုးတွေရှိတယ်လေ၊ မမတို့ကလည်း ဟိုမှာပဲနေဖို့ ကျောင်းတက်ဖို့ စိတ်ကူးထားကြတာ၊ ဟိုမှာ လူခံရှိတာဆိုတော့ အဆင်ပြေမှာပါ"

ဒန်းဖြူဖြူလေးပေါ်မှာ သူမနဲ့ ကိုကို ထိုင်နေကြသည်။ မိုနီကာကတော့ သူမကို စိတ်ကောက်ကာ အိပ်ခန်းထဲက အပြင်ကို ထွက်မလာပါ။

ထိုညက လ,ထိန်ထိန်သာနေသည်။ ကိုကို့မျက်ဝန်းထဲက ဘာသာစကားတချို့ကို ကေကေ နားလည်သယောင်ယောင်ရှိသော်လည်း ယောက်ျားတစ်ယောက် အတွက်ကြောင့် သူမတစ်ယောက်တည်း ဒီနိုင်ငံမှာ နေခဲ့မည် မဟုတ်ပါ။ မေမေနဲ့ ဖေဖေတို့ကလည်း ဟိုမှာ သူမ ကျောင်းဆက်တက်နိုင်ဖို့ စီစဉ်ထားပြီးသား၊ ကိုကိုနဲ့ မျက်လုံးချင်းမဆုံဖို့ ကေကေ တတ်နိုင်သမျှ ကြိုးစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေကေက တကယ်ပြတ်သားတယ်နော်"

"ပြတ်သားတယ်ဆိုတာ ဘာကို ပြောတာလဲ ကိုကို၊ မိဘတွေက ဟိုမှာပြောင်းနေဖို့ စီစဉ်တာကို ကေကေတို့က ငြင်းပယ်နိုင်ခွင့်မှ မရှိတာ"

"ကေကေ့အဒေါ်နဲ့ နေခဲ့လည်း ရတာပဲဟာ၊ အန်တီမင်းမင်းတို့မှာ သားသမီးလည်း ရှိတာမဟုတ်ဘူး၊ ကေကေ့ကိုလည်း သမီးအရင်းလို အရမ်းချစ်တယ်လေ"

"ဟင်း ဟင်း ဟင်း ဟင်း ... ဘယ်ဖြစ်မလဲ ကိုကိုရဲ့၊ မမတို့က ဟိုမှာ အဆင့်အတန်းမြင့်မြင့်နဲ့နေပြီး ကျောင်းတက်နေချိန်မှာ ကေကေက ဒီမှာနေပြီး ဘာလုပ်နေရမှာလဲ"

ကေကေက ဘာကြောင့် ကိုကို ကေကေ့ကို မြန်မာနိုင်ငံမှာ နေနိုင်းတာလဲဆိုသည့် အကြောင်းပြချက်ကို မမေးခဲ့သလို ကိုကိုလည်း ဘာကြောင့် ဒီလိုပြောတယ်ဆိုတာ တစ်ခွန်းမှ မဟခဲ့။





"ကေကေ မြန်မာနိုင်ငံကို အလည်အပတ်သဘောမျိုးနဲ့တော့ လာမှာပါ ကိုကိုရယ်"

ကေကေ ပြန်ကာနီး ကိုကို့ကို တီးတိုးဆိုလိုက်သည်။ ကိုကိုက ရယ်သည်။ သို့သော် ကိုကို့ရယ်သံမှာ လှောင်ရိပ်တွေ ပါနေသည်။

ကေကေတို့က ဘာပတ်သက်မှုမှ မရှိတာဘဲ ကိုကို၊ ကိုကို့ဆီက အဲဒီတုန်းက အချစ်ဆိုတာကို ကေကေ မလိုချင်ခဲ့ရိုးအမှန်ပါ။ ကိုကိုပြောခဲ့မှာလည်း ကြောက်ခဲ့ပါတယ်။

အခုတော့ ဒီလိုမဟုတ်တော့ဘူး ကိုကို။ ကေကေ မြန်မာနိုင်ငံကို ပြန်လာတာ ကိုကို့ကို လွမ်းလွန်းလို့ပါ။ ကိုကို့သီချင်းတွေကို ကေကေ အမြဲနားထောင်ဖြစ်ပါတယ်။ "တမ်းချင်းညည်းလို့ မင်းပြန်လာရင်"ဆိုတဲ့ ကိုကို့ရဲ့နာမည်ကြီးသီချင်းကို နားထောင်လို့အပြီးမှာ ကေကေဟာ မြန်မာနိုင်ငံကို ပြန်လာဖို့ ဆုံးဖြတ်ချက် ချနိုင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုကိုရယ် ... ကိုကို့နှလုံးသားက ကေကေ့အတွက် ကျောက်သားဖြစ်သွားခဲ့ပြီလား။ လရိပ်ပြာဆိုတဲ့ ကောင်မလေး ထွက်သွားတော့ ကိုကို အမောတကော လိုက်ရှာတာတွေ့တော့ ကေကေ ခံစားရပါတယ်။ ကိုကို အဲဒီကောင်မလေးကို သာမန်နဲ့မတူတဲ့ ခံစားချက်ရှိနေတာ ကေကေ သိလိုက်ရတယ်။ ဒါဆို ကေကေကရော ... ကေကေက ကိုကို့ရဲ့ဘယ်နေရာမှာလဲ ကိုကို။

ကေကေ မာတ်ပုံလေးကို အယ်လ်ဘမ်ထဲ ပြန်ထည့်လိုက်သည်။ ကိုကိုတို့ခြံထဲဘက်မှ ဂီတာသံသဲ့သဲ့ ကြားတာမို့ ကမန်းကတန်း ဝရန်တာမှာ သွားရပ်နေခဲ့သည်။ ဒီညက ဟိုးနောက်ဆုံးတွေ့ခဲ့တဲ့ညလို လ,ကထိန်ထိန်သာနေတယ်လေ။

ကိုကိုရယ် ... ကေကေ ဒီ့ထက်ပိုပြီး မခံစားချင်တော့ပါဘူး။ စောင့်မျှော်နေရတဲ့ အလုပ်မျိုးကို ကေကေ မုန်းတယ်။ ကေကေ ပွင့်ပွင့်လင်းလင်းပဲ ကိုကို့ရင်ခုန်သံကို မေးကြည့်ချင်





တယ်။ ကေကေက ကိုကို့အတွက် ဘာမှအရာမရောက်တော့ဘူး။ အရေးမပါတော့ဘူးဆိုရင် ကေကေ တကယ် စိတ်လျှော့လိုက်တော့မှာပါ။ ကေကေ သက်ပြင်းလေးလေးတွဲတွဲလေး ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

အပြင်မှာ မိုးတွေ တဝေါဝေါရွာနေသည်။ လေးလေးကျော်က သူ့စားပွဲမှာ စားထိုင်ရေးနေပြီး လရိပ်ပြာကတော့ ပျင်းပျင်းရှိသည်နှင့် လေးလေးကျော် ဘေးကခုံမှာ ဝင်ထိုင်ကာ သူရေးပြီးသော စာမူများကို ထိုင်ဖတ်နေသည်။ လေးလေး အခုရေးနေသည့် အခန်းဆက်ဝတ္ထုရှည်က တော်တော်ကောင်းသည်။

ကောင်လေးတစ်ယောက်ကို တစ်ဖက်သတ် ကြိုက်နေသော ကောင်မလေးတစ်ယောက်၏ အကြောင်းဖြစ်သည်။ အခု လရိပ်ပြာ ဖတ်နေသည့်အခန်းက ကောင်လေးနဲ့ သူ့ချစ်သူကောင်မလေး ပျော်ရွှင်ကြည်နူးနေချိန်တွင် ကောင်လေးကို တစ်





ဖက်သတ် ကြိုက်ချစ်နေသည့် ကောင်မလေးတစ်ယောက်၏ နာကျင်မှုကို ရေးထားသောအခန်း။

ဘာရယ်မဟုတ်၊ မျက်စိထဲတွင် ကေကေဆိုသော ကောင်မလေးနှင့် ရဲဂျာကို တွဲ၍မြင်မိသည်။ အသည်းကွဲနေသည့် ကောင်မလေးနေရာက လရိပ်ပြာပေါ့။ လရိပ်ပြာသည် စာဖတ်ရင်းက နင့်နင့်နဲနဲ ခံစားရကာ မျက်ရည်ပေါက်ပေါက် ကျလာသည်။

"ဟဲ့ ... ဟဲ့ ... ဘယ်လိုဖြစ်တာလဲ လရိပ်၊ ငါ့တစ်သက်နဲ့တစ်ကိုယ် ငါ့စာမူဖတ်ပြီး မင်း မျက်ရည်ကျတာမျိုး တစ်ခါမှကို မမြင်ဖူးဘူး"

"ငိုမှာပေါ့ ... လေးလေးကျော်က ငိုအောင်ရေးတာကိုး"

ရှက်ရှက်နှင့် ထပြေးသွားသော လရိပ်ရဲ့ကျောပြင်ကိုကြည့်ကာ ကျော်ကြည်သာက ခေါင်းတညိတ်ညိတ်နှင့်။

"အလကား ... ငါ မသိဘူးများ မှတ်နေလား၊ ငါ့ဝတ္ထုကို အယောင်ပြပြီး သူ့ခံစားချက်နဲ့ တိုက်ဆိုင်သွားလို့ ငိုနေတာကို"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြည်သာ တစ်ယောက်တည်း တီးတိုးရေရွတ်နေသည်။ ရဲဂျာနဲ့ ပတ်သက်ပြီး လရိပ်ပြာ တစ်ခုခုခံစားနေရမှန်း သူရော ဇော်ပါ ရိပ်မိကြသည်။

ဒီ ရဲဂျာနှင့် သင်းက ဘာဆိုင်လို့တုန်း၊ ဟိုက လူကုံထံအသိုင်းအဝိုင်း၊ သင်းက အခြေခံလူတန်းစားသာသာ၊ ဟိုကောင်လို နာမည်ကြီး အဆိုတော်ကရော သင်းကိုကြိုက်မတဲ့လား။ လရိပ်ပြာကို သနားမိသော်လည်း ဒီကိစ္စတွေက သင်းဆတ်ဆော့၍ဖြစ်သည့် အကျိုးဆက်တွေမို့ သင်းခံရမည်ပေါ့။ ဘာပဲဖြစ်ဖြစ် လရိပ်တစ်ယောက် အိမ်မြဲနေသည့် အတွက်တော့ သူတို့ညီအစ်ကိုနှစ်ယောက်စလုံး ကျေနပ်နေကြသည်။

ခြံရှေ့က လူခေါ်သံကြောင့် ကျော်ကြည်သာ ရေးလက်စစာမူကို ခဏထားပြီး အိမ်ရှေ့ထွက်လာသည်။ မိုးလည်းနည်းနည်းစဲ,စပြုပြီ။ ခြံဝမှာ ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ထီးလေးတစ်ချောင်းဆောင်းပြီး ရပ်နေကြသည်။ သူတို့နောက်နားမှာတော့ ပါဂျဲရိုကား တစ်စီးရပ်ထား၏။





"လေးဇလေးကျော် ... လေးလေးကျော်"

သူ့ကိုတွေ့တော့ ကောင်လေးက အော်ခေါ်တာမို့ ဖိနပ်ချွတ်တွင် ချိတ်ထားသော ဝါးခမောက်ကိုဆောင်း၍ ခြံထဲဆင်းလာခဲ့သည်။

"လေးလေးကျော် ... ကျွန်တော် ဝဏ္ဏပါ၊ လရိပ်ပြာရှိလားမသိဘူး"

"ဒီနေ့ ဘယ်နှရက်နေ့လဲကွ"

ဝဏ္ဏနဲ့ မိုနီကာသည် ကျော်ကြည်သာ၏ အဆက်အစပ်မရှိသော မေးခွန်းကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြရင်း ...

"ဒီနေ့ သုံးဆယ့်တစ်ရက်နေ့ပါ လေးလေးကျော်"

"အေး ... ဒါဆို သုံးဆယ့်တစ်ထဲက နှစ်ဆယ်ကိုနုတ်၊ ဆယ့်တစ်ရတယ်ဆိုတော့ ... ဆိုတော့ ..."

"လေးလေးကျော် ... ဘာတွေ တွက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ဘူး၊ ရပြီ ... ဝင်လို့ရပြီ ... လာ လာ"

ကျော်ကြည်သာက ခြံသံပန်းတံခါး ဖွင့်ပေးလိုက်ကာ ...

"လရိပ်ရေ ... ဟေ့ လရိပ်၊ ဒီမှာ မင်းသူငယ်ချင်းတွေ ရောက်နေတယ်ဟေ့"

"လရိပ် ရှိရော ရှိရဲ့လား လေးလေးကျော်ရဲ့၊ အသံလည်း မကြားပါလား"

"ရှိပါတယ်ကွာ ... အခုလေးတင် ငါ့အနားမှာ စာလာဖတ်နေသေးတယ်"

လရိပ်ပြာ အိပ်ရာထက်တွင် လှဲနေရင်းက နှုတ်ခမ်းကို ဖိကိုက်ထားကာ လေးလေးကို စိတ်တိုနေသည်။ ဘယ်သူလာလာ မရှိဘူးလို့ ပြောခိုင်းထားသည် မဟုတ်ပါလား။ တကြော်ကြော် အော်ခေါ်တာတောင် ဆင်းမလာသော တူမကို စိတ်မရှည်တာနှင့် လရိပ်အခန်းထဲ ကျော်ကြည်သာ ဝင်လာသည်။





"လေးလေး ... ဘာလုပ်တာလဲ၊ လရိပ် ဘယ်သူနဲ့မှမတွေ့ချင်လို့ မရှိဘူးလို့ ပြောခိုင်းထားတယ် မဟုတ်လား"

"ဟုတ်တယ်လေ ... ဒါပေမဲ့ ဒိတ်ကျော်သွားပြီလေ"

"ဘာဒိတ်လဲ ... ဘာတွေ လာပြောနေတာလဲ"

"ဟာ ... ငါ ဘာမှမပြောဘူး၊ မင်းပဲပြောတာ၊ မင်းပဲပြောတယ်လေ၊ ဆယ်ရက်လောက် ထမင်းဟင်းမချက်ပါရစေနဲ့၊ ဘယ်သူလာလာ၊ ဘယ်သူဖုန်းဆက်ဆက် မရှိဘူးလို့ ပြောပေးပါဆို၊ ငါ့များ အဘိုးကြီး မှတ်နေလား၊ ကျပ်မပြည့်တဲ့ကောင်လို့များ ထင်နေလား၊ အခု ဆယ်ရက်ကျော်သွားပြီ၊ အောက်က မင်းသူငယ်ချင်းတွေ သွားတွေ့လိုက်တော့၊ ကတိအတိုင်းပဲ မနက်ဖြန်ကစ,ပြီး အချက်အပြုတ်တာဝန် မင်း ပြန်ယူရမယ်"

လရိပ်ပြာသည် ပါးစပ်ကပွစိပွစိပြောရင်း ကိုယ်ပေါ်မှာ ခြုံထားသော ဂွမ်းကတ်စောင်ကို ဆွဲခွာပြီး အိမ်အောက်ထပ်သို့ မျက်နှာမသာမယာနှင့် ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လရိပ်ပြာ"

မိုနီကာက လရိပ်ဆီသို့ အပြေးသွားကာ လက်ကို လာချိတ်သည်။

"မင်း ဘာလာလုပ်တာလဲ ဝဏ္ဏ"

"ငါ မင်းကို လာတောင်းပန်တာပါကွာ၊ ငါ အနူးအညွတ် တောင်းပန်ပါတယ်ကွာ၊ မင်းရဲ့စေတနာကို စော်ကားမိတဲ့ အတွက်လည်း နောင်တရလို့ မဆုံးပါဘူး"

"ဟုတ်ပါတယ် လရိပ်ရယ်၊ မိုနီလည်း သူ့ကို အဲဒီ အကြောင်းပြောမပြထားမိလို့ပါ၊ မောင့်ကို ခွင့်လွှတ်ပေး လိုက်ပါနော်"

"လင်မယားနှစ်ယောက်သား အတိုင်အဖောက်ကို ညီနေ ကြတာပဲနော်"

"ခွင့်လွှတ်ပါ လရိပ်ရယ်"

ဝဏ္ဏက လက်နှစ်ဖက်ကိုယှက်ပြီး ညောင်နာနာ အသံဖြင့်ဆိုသည်။





"ကဲ … တော်ပါ၊ ကျက်သရေမရှိတဲ့လေသံနဲ့ မပြောစမ်း ပါနဲ့၊ ဒီကိုလာတာ တောင်းပန်ဖို့ကိစ္စ တစ်ခုတည်းအတွက် လား"

ဝဏ္ဏနဲ့ မိုနီကာ မျက်နှာမှာ အပြုံးတွေ စွက်သွား သည်။ လရိပ်ပြာက စိတ်ပြေလွယ်တာ၊ အကြာကြီး စိတ်မကောက် တတ်တာ သူတို့အသိ မဟုတ်ပါလား။

"ဒီမှာလေ … ငါတို့ မင်္ဂလာဆောင်ဖိတ်စာ"

"ဟာ … ဒါဆို မိုနီတို့ဘက်က ဝဏ္ဏကို တကယ်လက်ခံ လိုက်ပြီပေါ့၊ တော်သေးတာပေါ့၊ ငါစိုးရိမ်နေတာ မိုနီ့ကို အ်ချုပ်သပ်ပြန်ခေါ်ပြီး ဝဏ္ဏနဲ့ခွဲမှာစိုးလို့"

ဝဏ္ဏနဲ့ မိုနီကာက သူတို့နှစ်ယောက်ပေါ် အလွန် ကောင်းသော လရိပ်ပြာကို ချစ်ကြည်စွာ ငေးနေကြ၏။ နှစ်ဦး စလုံး၏စိတ်ထဲ၌လည်း လရိပ်ပြာအတွက် တစ်ခုခု လိုအပ်လာပြီ ဆို အစွမ်းကုန် ဖြည့်ဆည်းပေးဖို့ သန္နိဋ္ဌာန်ချလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က လရိပ် ထွက်သွားတာကို သိသိချင်း ကိုကို ကားဂိတ်ကို သွားရှာသေးတယ်"

"ဟုတ်တယ် လရိပ်၊ ငါ့ကို အစ်ကိုရဲဂျာက ထိုးမယ် ကြိတ်မယ်တောင် လုပ်တာ၊ မယုံရင် မိုနို့ကို မေးကြည့်ပါလား"

"ဟုတ်တယ် ... ကိုဇိုက လရိပ်ကို ဒီလိုဆက်ဆံရပါ့မလားဆိုပြီး ဒေါသတွေ ထွက်နေတာ"

လရိပ်က သူ့အကြောင်းကို မကြားချင်တော့၍ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"မင်းတို့မင်္ဂလာဆောင်က ဘယ်နေ့လဲ"

"ဒီအပတ်တနင်္ဂနွေလေ၊ လရိပ် လာရမယ်နော်၊ လရိပ်က အရေးကြီးဆုံးအခန်းက ပါဝင်ခဲ့တာပဲ၊ လရိပ် လာမှဖြစ်မှာ"

"ဆောရီးပဲဟာ၊ ဘယ်လိုမှ သဘောမထားပါနဲ့၊ အဲဒီနေ့ ငါ မအားဘူး"

သူငယ်ချင်းတို့ကို အားနာသော်လည်း သူနဲ့ထပ်ပြီး ရင်မဆိုင်ချင်ပါ။ သူနဲ့ပတ်သက်ပြီး တစ်ယောက်တည်း ကျိတ်ခံစားရသော ဝေဒနာတို့ အနည်မထိုင်မချင်း သူနဲ့မဆုံချင်ပါ။





အထူးသဖြင့် သူ့ကို ကေကေနဲ့တွဲပြီး မမြင်ချင်ပါ။ တိတိကျကျ ပြောရမယ်ဆိုလျှင် သူနဲ့ပတ်သက်၍ လရိပ်အသည်းက နှလွှန်းအားကြီးသည်မို့ ထပ်ပြီးအပွန်းအပဲ့ မခံချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

မိုနီကာ့ မင်္ဂလာဆောင်အတွက် ထရိုတ်ဒါးမှာ booking လုပ်ပြီးပြီ။ သူ့အပေါင်းအသင်း အဆိုတော်တွေကိုလည်း ကြိုတင်ပြီး ညီမမင်္ဂလာဆောင်မှာ ဖျော်ဖြေပေးဖို့ request လုပ်ထားပြီးပြီ။ နောက်ဆုံး အဝတ်အစားကအစ ဒီဇိုင်နာ မမသိမ့်ဆီမှာ အပ်ထားပြီး၍ အစစအရာရာ အားလုံး အဆင်သင့်ဖြစ်နေပြီ။

မိုနီကာတို့ လင်မယားနဲ့အတူ အခု အပြင်ထွက်ပြီး လိုအပ်သည့်ပစ္စည်းပစ္စယတွေ ဝယ်သည့်နေရာတွင် အမြဲပါနေသူက ကေကေပင်။ ကေကေ့အပေါ်တွင် သူ တိမ်းညွတ်ဖူးသည်ကို





ဝန်ခံပါသည်။ အရမ်းလှပြီး သွက်လက်ချက်ချာသော ကေကေသည် သူ့ရဲ့အိပ်မက်လေးတစ်ခု ဖြစ်ခဲ့ဖူးသည်။ ကေကေ့မျက်ဝန်းထဲတွင်လည်း သူ့အပေါ် စိတ်ဝင်စားသော အံရိပ်အယောင်လေးများ ရှိခဲ့ဖူးသည်။

သူကပဲ မာနကြီး၍လား။ ကေကေကပဲ သူ့အပြောကို စောင့်ခဲ့လို့လားမသိ။ သူတို့နှစ်ယောက် မပွင့်လင်းခဲ့ကြပါ။ သူနဲ့ အဝေးဆုံးနေရာကို အပြီးထွက်သွားသော ကေကေ့ကို သူ မတားနိုင်ခဲ့။ သူမကို မတမ်းတချင်တော့သလို လွမ်းလည်းမလွမ်းချင်တော့ပါ။ ထို့ကြောင့် ကေကေ ကနေဒါမှာ ရှိနေစဉ်တုန်းက ဆက်သွယ်လာသည့် အဆက်အသွယ် မှန်သမျှကို သူ လက်မခံခဲ့ခြင်းပင်။

အခု ကေကေ မြန်မာနိုင်ငံကို အလည်အပတ်ရောက်လာသည်။ နှစ်ပတ်ကျော် သုံးပတ်နီးပါးလောက် နေမည်ဟု သူမ ပြောသည်။ သူမ မျက်ဝန်းထဲမှာ သူ့ကို မျှော်လင့်နေသော အရိပ်အငွေ့တွေက ယုက်သမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သူ့မှာ သူမကိုပေးစရာ အချစ်တွေမရှိတော့ပါ။ ထူးဆန်းစွာပင် ပျောက်ဆုံးသွားတာလား၊ ဒါမှမဟုတ် ဟိုအရင်ကတည်းက နက်ရှိုင်းစွာ ချစ်ခြင်းတို့ မတည်ရှိခဲ့တာလားတော့ မသိပါ။

"ကိုကို့ကို မေးစရာရှိလို့"

"ဘာလဲ မိုနီကာ၊ သန်ဘက်ခါ မင်္ဂလာပွဲအတွက် အားလုံးအဆင်သင့်ဖြစ်နေပါပြီ၊ ဘာမှမလိုတော့ပါဘူး"

မိုနီကာက ကိုကိုထိုင်နေသော ဒန်းလေးပေါ်လာထိုင်သည်။ ကိုကို ဘာတွေစဉ်းစားနေလဲ သူမ အရမ်းသိချင်နေမိသည်။

"မဟုတ်ဘူး ကိုကို၊ မိုနီ သိချင်တာ ကေကေနဲ့ ပတ်သက်လို့ပါ၊ ကိုကို ကေကေ့အပေါ်မှာ ဘယ်လိုသဘောထားလဲဟင်"

မိုနီကာ့စကားကြောင့် သူ ပြုံးလိုက်သည်။ ဒီစကားကို မာမီလည်း မေးခဲ့ဖူးသည်။





"နင်တို့ ဘယ်လိုဖြစ်နေကြတာလဲ မိုနီကာ၊ တစ်ယောက်ပြီးတစ်ယောက် ဒါပဲ လာလာမေးနေတယ်"

"ဘာလို့မေးလဲဆိုတာ ကိုကို သိပါတယ်၊ ကေကေက ကိုကို့ကို တွေ့ချင်လွန်းလို့ ဒီကိုလာခဲ့တာ၊ တကယ်လို့များ ကိုကိုက သူ့ကို ပရိုပို့စ်လုပ်ရင် သူ ငြင်းမှာမဟုတ်ဘူး၊ ကိုကို ဆန္ဒရှိမယ်ဆိုရင် သူ ဒီမှာပဲ ပြန်ခြေချနိုင်တယ်"

"နင် ကေကေ့ဆီကနေ ရှေ့နေခ ဘယ်လောက်ရလဲ မိုနီကာ၊ နင်က အိမ်ထောင်ကျနေပြီဆိုတော့ ဘဝမှာ အချစ်ဆိုတဲ့အရာဟာ ဘယ်အတိုင်းအတာအထိပဲ အရေးပါတယ်ဆိုတာ နင် သိမှာပါ၊ ငါကတော့ အချစ်ဆိုတာကို မယုံဘူး၊ လူတစ်ယောက်ကို စွဲမြဲစွာ ချစ်ဖို့ဆိုတာ သိပ်ပြီးတော့ မလွယ်သလိုပဲ"

"ကိုကို ဆိုလိုတာက ကေကေ့ကို ကိုကို စွဲမြဲစွာမချစ်ခဲ့ဘူးပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"လေတွေ အရမ်းတိုက်နေတယ် မိုနီကာ၊ ကိုယ်ကလည်း မပေါ့မပါးကြီးနဲ့ မင်္ဂလာဆောင်နေ့မှာ နေကောင်းနေဖို့လို တယ်၊ နွေးနွေးထွေးထွေးလေး နေပါ၊ အိမ်ထဲဝင်တော့ နော်"

"ဩော် ... ပြောရဦးမယ်၊ ညီမလေး လရိပ်ပြာကို ပြီးခဲ့တဲ့ နှစ်ရက်လောက်က သွားဖိတ်တယ်၊ သူ မလာနိုင်ဘူး၊ မအားဘူးလို့ ပြောတယ် ကိုကို"

မိုနီကာက သူ့အစ်ကိုကို တစေ့တစောင်း အကဲခတ် နေ၏။

"ဘာပြောတယ် ... အစီပွာယ်မရှိလိုက်တာ၊ နင် သေချာ မဖိတ်ဘူးလား၊ တွေ့လား ... သူ နင်တို့နှစ်ယောက်ကို စိတ်နာသွားပြီ၊ သွား ... ရအောင်ဖိတ်ခဲ့"

အသံကျယ်ကျယ်နှင့် လက်သီးလက်မောင်းတန်း နေသော အစ်ကိုဖြစ်သူကို မိုနီကာ မျက်လုံးအကြောင်သားနှင့် ကြည့်နေသည်။





"သူ မအားဘူး ဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ ကိုကိုရယ်"

"နေဦး မိုနီကာ၊ သူ မအားဘူးဆိုတော့ သူ ဘာလုပ်နေ လို့လဲ၊ သူ အခု အိမ်မှာပဲ မဟုတ်လား"

"အဲဒါ ညီမလေး မသိဘူး ကိုကို"

"အေးပေါ့၊ နင်တို့က ဘုရားပြီးတော့ ငြိမ်းဖျက်ပြီပေါ့"

မိုနီကာ ဘာမှပြန်မပြောဘဲ ထ,ထွက်ခဲ့သည်။ သေချာပါသည်။ ကိုကို့စိတ်ထဲတွင် လရိပ် ရှိနေသည်။ လရိပ်က ရော ဘာထူးလဲ။ ကိုကိုနဲ့ပတ်သက်ပြီး တစ်ခုခု ခံစားနေရလို့သာ ကိုကို့အကြောင်းပြောတိုင်း သိသာစွာ စကားလမ်းကြောင်းပြောင်း ခဲ့တာပေါ့။ နောက်ဆုံး ကောက်ချက်ချရမည်ဆိုလျှင် သူတို့နှစ် ယောက်စလုံး မရိုးသားကြပါ။

ရဲဂျာ တစ်ယောက် နေမထိထိုင်မသာ ဘာမှန်းမသိ သော ဝေဒနာတစ်ရပ်က သူ့ရင်ထဲကို တိုးဝင်နေ၏။ ရုတ်တရက် မကျေနပ်စိတ်တွေ သူ့ရင်ထဲ နေရာဝင်ယူကြပြန်သည်။ မင်းက ဘာဖြစ်လို့ ဒီမင်္ဂလာဆောင်ကို မလာချင်ရတာလဲ လရိပ်ပြာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မခံစားနိုင်တော့သည့် အဆုံးတွင် လရိပ် ပြာ၏ဦးလေး လေးလေးကျော်ရဲ့ဖုန်းနံပါတ်ကို သူ့လက်က နှိပ်လိုက်မိသည်။

"ဟယ်လို ... ဘယ်သူပါလဲ"

"ဝဏ္ဏပါ လေးလေး"

ဒီလိုမှ မညာရင် လရိပ် အသံကို သူ ကြားရမှာ မဟုတ်ဘူးလေ။

"အေး ... ဝဏ္ဏ၊ ဘာကိစ္စလဲ ... ဒီအချိန်ကြီးကျမှ"

"လရိပ် ... ကိုယ်ပါ ရဲဂျာ"

"ဟင်"

ရဲဂျာ အသံကြောင့် လရိပ် တွန့်ခနဲ ဖြစ်သွားသည်။ အခု ညကိုးနာရီထိုးပြီ။ သူ ဘာကြောင့် ဒီအချိန်ကြီး ထ,ပြီးဖုန်းဆက်ရတာလဲ။

"ဖုန်းမချလိုက်နဲ့နော်၊ လရိပ် ဘာလို့ မိုနီကာတို့မင်္ဂလာဆောင်ကို မလာနိုင်တာလဲဟင်"





"ဟို ... လရိပ် မအားလို့ပါ"

"လရိပ် လာဖို့ အခက်အခဲ ဖြစ်လို့လားဟင်၊ ဒါဆို ကိုယ့်ဘော်ဒီဂတ်တွေကို လာကြိုနိုင်းမယ်လေ"

"ဟင့်အင်း ... မလိုပါဘူး၊ ရပါတယ် ... လရိပ် တကယ်မအားလို့ပါ"

"မအားရတဲ့ အကြောင်းလေး မပြောနိုင်ဘူးလားဟင်"

လရိပ် သူကို အဖြေပေးဖို့ အပြေးအလွှား စဉ်းစားနေသည်။ စပ်စုသည့် မျက်လုံးများဖြင့် လှမ်းလှမ်းကြည့်နေကြသော လေးလေးကျော်နှင့် လေးလေးဇော်တို့ကိုလည်း မျက်ဝန်းထောင့်စွန်းမှ မြင်နေရသည်။ ဆက်ပြောလျှင် သူတို့ ရိပ်မိသွားနိုင်သည်မို့ ခပ်တည်တည်နှင့် ဖုန်းချလိုက်သည်။

"ဘယ်သူလဲ လရိပ်"

ကျော်ကြည်သာက သိရက်နှင့် ထပ်မေးလိုက်သည်။

"ဝဏ္ဏပါ"

ခပ်တိုတို ပြန်ဖြေပြီး လရိပ် သူမအခန်းရှိရာ အပေါ်ထပ် တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဖုန်းနံပါတ်ကို ငါ သိနေတာပဲ၊ လာလိမ်ချင်သေးတယ်"

ဇော်ကြည်သာက ဗီဒီယိုခွေ ကြည့်နေရာက ညီဖြစ်သူဘက် မျက်နှာလှည့်လိုက်ကာ ...

"အဲဒါဆိုလည်း ပြန်ဆက်ကြည့်လိုက်ပြီး နည်းနည်းလောက်ကောလိုက်ပါလား၊ ဒါမှ ဒီကောင် နောက်မဆက်ရဲတော့မှာ၊ အဓိပ္ပာယ်မရှိ ငါတို့တူမကို ခံစားရအောင် လုပ်နေတာတော့ မကောင်းဘူး"

"ဟုတ်တယ် ဇော် ... မင်းပြောတာ မှန်တယ်၊ ဒီကောင့်ကို နောက်ဘယ်တော့မှ လရိပ်ကို မဆက်သွယ်အောင်လုပ်ရမယ်"

ညီအစ်ကိုနှစ်ယောက်သား ခြံထဲဆင်းလာကြသည်။ သူတို့ ရဲဂျာကိုကောတာ လရိပ်ကို မကြားစေချင်ပါ။ ဖုန်းမြည်သံကြောင့် ရဲဂျာ ဖုန်းကိုင်လိုက်သည်။ လရိပ် ဖုန်းပြန်ခေါ်တာများလားတွေးပြီး လှိုက်ခနဲ ပျော်သွားသည်။





"ဟေ့ကောင် ဒီရဲဂျာ ... အဲ မဟုတ်ပါဘူး ရဲဂျာ၊ မင်းဖုန်းနံပါတ်ကြီးကို ငါ အလွတ်ရတယ်ကွ၊ ဒီမှာ ... မင်း ဘာလို့ ငါတို့လရိပ်ကို လာလာဆက်သွယ်နေရတာလဲ၊ သူ့ခမျာ မင်းကြောင့် ခံစားနေရရှာတယ်၊ အသည်းအသန်မင်းကို မေ့နိုင်အောင် ကြိုးစားနေတဲ့အချိန်မှာ ငါ့တူမကိုအီစီကလီ လာလုပ်ပြီး ဝေဒနာတွေ ပေးတာတော့ မကောင်းဘူးပေါ့ကွာ"

"ခင်ဗျာ ... ဘယ်လို၊ သူ ကျွန်တော့်ကြောင့် ခံစားနေရတယ်၊ ဟုတ်လား ... လေးလေး"

"အေး"

ကျော်ကြည်သာသည် ပြောကောင်းကောင်းနှင့် ပြောလိုက်မိသော သူ့စကား လွန်သွားပြီမှန်း လွန်သွားမှ သိလိုက်ရသည်။

"ပြောပါ လေးလေး၊ သူ ဘာကြောင့် ကျွန်တော့်ကို မေ့နိုင်ဖို့ အသည်းအသန် ကြိုးစားနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်က ဖုန်းချသွားပြီ။ ရဲဂျာ ရင်ထဲမှာတော့ တွေးစရာတွေ အပြည့်။ သူ လရိပ်ကို စိတ်ဝင်စားနေမိသလို လရိပ်လည်း သူ့ကို စိတ်ဝင်စားနေတာလား။ သူ့ရင်ထဲ လှိုက်ဖို မောသွားသည်။ ပြီးတော့ မချိုမချဉ်လေး ပြုံးလိုက်မိသည်။

"ဟော့ကောင်... ကျော်၊ မင်း ဘာလုပ်လိုက်တာလဲ၊ မင်း... မင်း ... ဘာကြောင့် လရိပ်အကြောင်းတွေ ပါးစပ် စည်းကမ်းမရှိ လျှောက်ပြောရတာလဲ၊ မင်းကို ဘယ်သူက ရိုက်စစ်လို့လဲ၊ စာရေးဆရာ ... ဟုတ်လား၊ မင်းမှာ ပြောစရာစာသား ဒီလောက်ရှားပါးနေရသလားကွ၊ ငါ မင်းကို အဲဒီကောင်ကို နှလန်မထူနိုင်အောင် ဟောက်ခိုင်းတာကွ ငတုံးရ"

ဇော်ကြည်သာ ဒေါသတွေ တော်တော်ထွက်နေသည်။ ဒီကောင့်လုပ်ပုံကိုလည်း ကြည့်ဦး။

"အခုလောက်ဆို ဟိုကောင် ငါတို့တူမကို အထင်သေးသွားလောက်ပြီကွ၊ တောက် ... ငါ မင်းကို ထိုးမိတော့မယ်နော် ကျော်"





ကျော်ကြည်သာက သူ့အပြစ်နှင့်သူမို့ ဇော်ကြည်သာကို ခွန်းတုံ့မပြန်ခဲ့ပါ။ ခြံထဲမှာ ညီအစ်ကိုနှစ်ယောက် စကားများနေချိန်တွင် လရိပ်ပြာကတော့ အိပ်ရာထက်တွင် မင်္ဂလာဆောင်ကိုလာစေချင်သော ရဲဂျာ၏စကားသံတို့ကိုသာ ထပ်ခါထပ်ခါကြားယောင်၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

မာမီမျိုး ပြင်ပေးထားသော လရိပ်ပြာ၏ မျက်နှာလေးသည် ပြစ်မျိုးမှဲ့မထင် ဖူးထွက်ပြီး ချောမောနေ၏။

"ရော ... ဒီ ကြည်ပြာရောင်ဝမ်းဆက်လေးဝတ်"

နွေးနဒီ ထုတ်ပေးသော ဝမ်းဆက်လေးတစ်စုံကို လရိပ်ပြာ လှမ်းယူကာ အဝတ်စားလဲရန် အခန်းထဲ ဝင်သွားသည်။

"တွေ့တယ် မဟုတ်လား၊ မာမီ ပြောတာ မမှန်ဘူးလား။ ဒီကောင်မလေး မင်းသမီး လုပ်လို့ရတယ်"



နွေးနဒီက ထောက်ခံဟန်ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ လရိပ်ပြာကို သူမ ညီမလေးတစ်ယောက်လို ချစ်သည်။ သွားကာနီး လာကာနီးဆို ဝတ်စရာမရှိတိုင်း သူမဆီပြေးပြေးလာသော လရိပ်ပြာကို အဝတ်အစားတွေလည်း ဆင်ပေးနေကျလေ။ ဒီနေ့က ဘာပဲပြောပြော လရိပ်ပြာအတွက် အရေးကြီးတဲ့နေ့လို့ သူမ ထင်သည်။ ဒီနေ့ လရိပ်ကို အရမ်းလှပြီး ပေါ်လွင်ထင်ရှားနေစေချင်သည်။

"နွေးလို မော်ဒယ်လ်မျိုးတော့ ရှားပါရဲ့"

"ဟင် ... ဘာဖြစ်လို့လဲ မာမီ"

"ဘာဖြစ်ရမှာလဲ၊ ဟိုကောင်မလေးကို ပေးဝတ်တဲ့ဝတ်စုံက ကျောက်မြောင်းက သော်လေးဆီမှာအပ်ပြီး ရထားတာမှ မကြာသေးဘူး မဟုတ်လား၊ မာမီ သိတာပေါ့၊ နွေးနဲ့ သူနဲ့ အချိုးအဆက်တူတော့ ဝတ်လို့အဆင်ပြေမှာပါ"

"ရှူး ... တိုးတိုးပြောပါ မာမီရယ်၊ တော်ကြာ လရိပ်က အားနာပြီး မဝတ်တော့မှာအခက်"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဟုတ်ပါတယ်၊ ဒီနေ့ သွားရမယ့်မင်္ဂလာဆောင်က သူ့အဆက် ရဲဂျာနဲ့ ပတ်သက်နေတာဆိုတော့ ဘာပဲဖြစ်ဖြစ် လူရှိန်အောင်တော့ ဝတ်စားမှ ဖြစ်မှာပေါ့"

"ဟယ် ... တော်ပါတော့ မာမီရယ်၊ မာမီ ပြောသလိုတော့ သူတို့နှစ်ယောက်က မဟုတ်သေးပါဘူး"

"ဩော် ... မာမီ ပေါက်ပြီ ... ပေါက်ပြီ၊ အခု မဟုတ်သေး ပေမယ့် နောင်ဟုတ်လာမယ်ဆိုတဲ့ သဘောမှာရှိတယ်၊ ဟုတ်တယ်မလား"

နွေးနဒီ ပြုံးရုံပဲ ပြုံးနေလိုက်သည်။ ကိုရဲဂျာက သူမကို ဖုန်းဆက်ပြီး အကူအညီ လှမ်းတောင်းသည်။ ညီမမင်္ဂလာဆောင်လည်းဖိတ်ရင်း လရိပ်ပြာကိုပါ အပါခေါ်လာပေးဖို့လေ။ ဒါကြောင့် သူမကိုယ်တိုင် သူ့ဦးလေးတွေဆီမှာ သွားစရာတစ်ခုရှိ၍ လရိပ်ပြာကို ခဏလောက် အဖော်လိုက်ပေးဖို့ သွားခွင့်တောင်းခဲ့တာလေ။





နာမည်ကြီးအဆိုတော်ရဲဂျာ၏ ညီမမင်္ဂလာဆောင်မို့ မင်္ဂလာဆောင်က စည်ကားလို့နေသည်။ အနုပညာအသိုင်းအဝိုင်းတွေရော၊ လူကုံထံအသိုင်းအဝိုင်းတွေရော လာကြသည်မို့ မင်္ဂလာဆောင်က တော်တော်လေးကို ကြီးကျယ်ခမ်းနားနေသည်။

မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံတို့က မိုနီကာနှင့် ဝဏ္ဏတို့ဘက်မှ အချောအလှလေးတွေဖြစ်ပြီး၊ ကေကေကတော့ မင်္ဂလာပန်းကြဲပေးသည်။ သတို့သမီးဝတ်သည့် အဝတ်အစားအရောင်အတိုင်း ရွှေဝါရောင်ဝမ်းဆက်လေး ဝတ်ထားသော ကေကေလည်း သိပ်ကိုလှပနေ၏။

ရဲဂျာကတော့ မင်္ဂလာလက်ဖွဲ့ လက်ခံသည့်နေရာမှာ ရပ်လို့လာသမျှ ဧည့်သည်ကို ဖော်ရွေစွာ နှုတ်ဆက်နေပြီး မျက်လုံးတွေကတော့ တစ်ယောက်သော သူကို ရှာဖွေနေ၏။ မကြာမီ မတ်ခ်တူးအဖြူရောင်ကားလေးတစ်စီး ဆိုက်လာပြီး ဆင်းလာသူက နွေးနဒီ၊ မာမီမျိုးနှင့် လရိပ်ပြာတို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဂျာ မျက်လုံးတွေက လရိပ်ပြာဆီက တစ်ဖဝါးမှ မခွာချင်ဖြစ်နေသည်။ သူမက သိပ်ကိုလှလွန်းနေသည် မဟုတ်လား။ မြန်မာဝတ်စုံလေး ဝတ်ထားသဖြင့် သူမရဲ့လှပကြော့ရှင်းသော ကိုယ်လုံးလေးကလည်း အထင်းသား။

နွေးနဒီက မာမီမျိုးကို လက်တို့ပြီး ခန်းမထဲဦး အောင်ဝင်သွားသည်။ ရဲဂျာကတော့ လရိပ်အနားမှာ ...

"မင်္ဂလာဆောင်ကိုလာတာ ဝမ်းသာပါတယ် လရိပ်ပြာ"

လရိပ်မျက်နှာလေး ရဲသွားသည်။ သူမကို ငုံ့မိုးကြည့်လာတဲ့ သူ့မျက်ဝန်းတွေက နွေးထွေးနေပြီး သူ့အပြုံးတွေက ချိုလွန်းနေကာ သိမ်မွေ့လွန်းသော သူ့အသံက လရိပ်ရင်ကို တုန်ယင်စေပါသည်။

"ကိုယ် မင်းကိုမတွေ့ရတော့ဘူးလို့ ထင်နေတာ"

သူတို့နှစ်ယောက် အပြုံးချင်း ဖလှယ်လိုက်ကြသည်။ ခန်းမထဲက စားပွဲဝိုင်းတွေမှာ ထိုင်နေသော ပရိသတ်တွေက တစ်ယောက်နဲ့တစ်ယောက် မေးငေါ့ပြီး ခန်းမထဲ ဝင်လာသော ရဲဂျာနဲ့ လရိပ်ပြာကို လှမ်းကြည့်နေကြ၏။





သတို့သမီး မိုနီကာနှင့် သတို့သား ဝဏ္ဏတို့က လရိပ်ပြာရှိရာ စားပွဲနား ရောက်လာပြီး လရိပ်ပြာနဲ့အတူ ဓာတ်ပုံတွေ တွဲရိုက်ကြသည်။

"ဟိန်းထက်၊ နိုင်သူနဲ့ ဟိုကောင် ထွန်းတောက်တို့ ဟိုဘက်ဝိုင်းမှာဟ"

ဝဏ္ဏက လရိပ်ကို သတင်းပေးလိုက်သည်။ ညစ်ခံပွဲမှာ အားလုံးပျော်ရွှင်နေကြသည်။ မပျော်နိုင်သူက တစ်ယောက်တည်းသာ။ ကိုကို့ကို ကြည့်လိုက်သည့်အချိန်တိုင်း လရိပ်ပြာဆိုသော ကောင်မလေးရှိရာဝိုင်းသို့သာ ရောက်ရောက်နေသည် လေ။

"ညီမလေးက အရမ်းချောတာပဲနော်၊ ရဲဂျာနဲ့ ဘာတော်လဲ ဟင်"

ရှပ်ရှင်သရုပ်ဆောင် မမမော်က ကေကေ့လက်ကို ဆွဲပြီး မေးတာမို့ ကေကေက ပြန်ပြုံးပြရင်း "သူငယ်ချင်းတွေပါ" ဟု တိုးတိုးလေး ပြန်ဖြေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ထားသည့် ဧည့်ပရိသတ်ထဲတွင် reporter တွေလည်း ပါလာတာမို့ ကိုကိုနှင့် လရိပ်ပြာတို့၏ပုံများကို အခု လောက်ဆို တော်တော်များများ ရိုက်လို့ပြီးနေလောက်ပြီ။ ဗီဒီယို ခွေ ထွက်လာလျှင်လည်း ဘယ်လိုမှ ဟန်ဆောင်မထိန်းချုပ်ထားဘဲ စိတ်ထဲရှိတဲ့အတိုင်း လွှတ်ပေးထားသော ကိုကို့ရဲ့လုပ်ရပ်များကို မြင်တွေ့ရဦးမည်လေ။

ကိုကို တကယ် အဲဒီကောင်မလေးကို ချစ်တာလား။ ဒါမှမဟုတ် ကေကေ့ကို ကိုကို အရွဲ့တိုက်နေတာလား။ ကေကေ အော်ဟစ်ပြီး ငိုချင်မိသည်။

ဆက်ကြည့်နေဖို့ အင်အား မရှိတော့သည့်အဆုံး ကေကေ မင်္ဂလာခန်းမထဲက ထ,ထွက်လာခဲ့သည်။ ကေကေ ပြန်ရုံပဲ ရှိတော့တာပေါ့။

ကားထဲရောက်တော့ ကေကေ မထိန်းနိုင်ဘဲ မျက်ရည်ကျသည်။ အဝေးတစ်နေရာက သူ့ကို သတိရလွမ်းဆွတ်၍ ရောက်လာသော ကေကေ့ကို ကိုကို အမှတ်မှရပါလေစ။ ခန်းမ





ထဲက ကိုကို့သီချင်းသံ ပျံ့လွင့်လာသည်။ သီချင်းအမည်က "တမ်းချင်းညည်းလို့ မင်းပြန်လာရင်"တဲ့။ ကေကေက နောက်က ထပ်ဆက်ပေးလိုက်မည်။

"မင်းနှလုံးသားကို ငါ မီးမြိုက်ပစ်လိုက်မယ်"လို့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၀

ကျော်ကြည်သာ လက်ထဲမှ ဂျာနယ်တစ်စောင်ကို စားပွဲပေါ် ပစ်တင်လိုက်သည်။ ကျားထိုးသည့်အထဲ အာရုံရောက်နေကြသော လရိပ်နှင့် ဇော်က သူ့ကို ပြိုင်တူမော့ကြည့်ကြသည်။

"ဟော့ကောင် ကျော် ... ဘာဖြစ်လာတာလဲ၊ ဘယ်သူနဲ့ စကားများပြန်ပြီလဲ"

"ဘယ်သူနဲ့မှ စကားများလာတာ မဟုတ်ဘူး၊ ဒီဂျာနယ်လေး ဖတ်ကြည့်ပါဦး၊ တူမအလိမ္မာလေး ဘာတွေလုပ်ထားလဲ သိရအောင်လို့"





လရိပ်က ဂျာနယ်ကို အရင်ဦးအောင်ယူပြီး လှန်လှောကြည့်တော့ ဂျာနယ်ထဲမှာ ဝဏ္ဏတို့ရဲ့မင်္ဂလာဆောင်မြင်ကွင်းနဲ့အတူ သူမနဲ့ရဲ့ဂျာတို့၏ စကားပြောရယ်မောဟန်များကို ရှုထောင့်အမျိုးမျိုးဖြင့် သုံးလေးပုံမျှ တွေ့လိုက်ရသည်။

"ပြောစမ်း လရိပ်၊ အဲဒီနေ့က မင်း နွေးနွေးနဲ့ လိုက်သွားတာ ဟိုကောင် မင်းသူငယ်ချင်း ဝဏ္ဏရဲ့မင်္ဂလာဆောင်သွားတာ မဟုတ်လား"

လရိပ် ခေါင်းငုံ့ထားသည်။ ဒီသတင်း အနေနဲ့ အမြန် ပါလာမည်ဆိုတာ သိသလို ပါလာခဲ့လျှင်လည်း အဆူခံရမည်ဆိုတာ သိပြီးဖြစ်သည်။

"အေး ... ဒီနေ့ကစ,ပြီး မင်း လုံးဝအပြင်မထွက်ရတော့ဘူး၊ အင်တာနက်ဆိုင် ထိုင်တာကိုလည်း လုံးဝခွင့်မပြုတော့ဘူး။ နောက်ဆုံး မင်း လက်ဖက်ရည်ဆိုင် ထိုင်ချင်တယ် ဆိုရင်တောင် ငါပါမှ ထိုင်ရမယ်။ ငါ့ဖုန်းကို လာဆက်ဖို့ စိတ်တောင်မကူးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် လရိပ်၊ လေးလေးဖော်တို့ ဒီလိုလုပ်ရတာ လရိပ်ကို ကောင်းစေချင်လို့ပါ၊ အဲဒီ အဆိုတော်တို့မင်းသား တို့ကို ချစ်မိတဲ့ မိန်းကလေးတွေက သူများတွေထက်ပိုပြီး ခံစားရတယ်၊ သူတို့ဘေးမှာက အမြဲချောမောလှပတဲ့ မိန်းကလေးတွေက အပြည့်မဟုတ်လား"

"ဘာတွေ လာပြောနေကြတာလဲ၊ လရိပ် လေးလေးတို့ကို ဝဏ္ဏရဲ့မင်္ဂလာဆောင်ကို သွားခဲ့တဲ့ကိစ္စ ပြောမပြခဲ့တာပဲရှိ တယ်၊ ရဲဂျာနဲ့ လရိပ်နဲ့က ဘာမှမဟုတ်ပါဘူး"

"ဘာမှမဟုတ်ဘူး ... ဟုတ်လား၊ ဒီဓာတ်ပုံတွေက ဘာလို့ ဒီလောက်တောင် အသက်ဝင်နေရတာလဲ၊ မင်းကိုယ်မင်း မင်းသမီးများ မှတ်နေလို့လား"

"တော်ပြီ ... တော်ပြီ၊ ကျော်လည်း မပြောနဲ့တော့၊ လရိပ် လည်း ပါးစပ်ပိတ်၊ အခုကတည်းက ငါ့သဘောထားကို ပြောလိုက်မယ်၊ ငါ မင်းနဲ့ ရဲဂျာကို လုံးဝသဘောမတူဘူး လရိပ်၊ မင်းပြောသလို ဘာမှမဟုတ်ဘူးလို့ ငါ ယုံကြည်





လိုက်မယ်၊ ဒါပေမဲ့ တာဝန်နဲ့ဝတ္တရားအရတော့ မင်းကို ရဲဂျာနဲ့ ဆက်သွယ်လို့ရမယ့် နည်းလမ်းမှန်သမျှကို ပိတ်ဆို့ ထားရလိမ့်မယ်၊ အချိန်ကာလတစ်ခုအထိပေါ့"

"ဟုတ်တယ် ... ဒါပဲ၊ ငါ ပြောချင်တာလည်း ဒါပဲ"

လရိပ်ကတော့ ခြေကိုဆောင့်ပြီး ထ,ထွက်သွားသည်။

"ဖော့ကောင် စာရေးဆရာ၊ မင်းကအိမ်မှာ အမြဲလိုလိုရှိ နေတာမို့ မင်းတူမကို သေချာစောင့်ကြည့်ထား"

"အေးပါကွာ ... စိတ်ချစမ်းပါ၊ ငါ့လက်ထဲ သင်းက ဘယ်လိုမှ ထွက်သွားလို့ မရပါဘူး"

"နွေးနွေး လာရင်ဖြစ်ဖြစ်၊ သူ့သူငယ်ချင်း ကောင်လေး တွေ ကောင်မလေးတွေ လာတာပဲဖြစ်ဖြစ် မင်း သူတို့ အနားမှာနေပြီး သူတို့ ဘာပြောတယ်ဆိုတာ ဂရုစိုက်နား ထောင်၊ ဒီကောင့်ကို အပြင်မထွက်စေနဲ့"

"အေးပါ ဖော်ရာ၊ ငါသိပါတယ်၊ ဒါနဲ့ ဈေးကျတော့ဘယ် သူသွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောသလို ငါ အခု ပြန်ပြောလိုက်ဦးမယ်၊ မင်း တော်တော်ပိန်းတာပဲ စာရေးဆရာ၊ ဈေးကို ငါတို့ တစ်ယောက်တစ်လှည့်စီ ဝယ်ပေးပြီး သင်းကို ချက်ခိုင်းရမှာပေါ့၊ မကောင်းဘူးလား"

"ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ လရိပ်က ငါတို့ကို စိတ်ဆိုးသွားတာဆိုတော့ တော်ကြာ ဆန္ဒပြပြီး မချက်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဘယ့်နှယ်မှ မလုပ်ဘူး၊ သူ မချက်လည်း နေပါလေ့စေ၊ ငါတို့ပဲ တစ်ယောက်တစ်လှည့် ချက်ကြတာပေါ့၊ အဓိက, ကတော့ ဒီကောင် အပြင်မထွက်ဖို့ပဲ"

ဒီကောင်မလေးကို ဒီလောက် နှိပ်ကွပ်ထားမှ တော်ရာကျမည်လေ။

တစ်သက်လုံးက ယောကျ်ားလေးလို ထားခဲ့သမျှ အချိန်တန်တော့လည်း အလှအပတွေ ပြင်တတ်လာပြီး ဆန့်ကျင်ဘက်ယောကျ်ားလေးကို စိတ်ဝင်စားတတ်လာပြီလေ။





အရင်တုန်းက ယောကျ်ားလေးတွေနဲ့ပေါင်း၍ စိတ်မချဖြစ်မိသလို အခု မိန်းကလေးနဲ့ပေါင်းပြီး အလှပြင်ပြန်တော့လည်း ရတက်မအေးနိုင်ပါ။ သူတို့၏ တစ်ဦးတည်းသော တူမလေးကို သူတို့နှင့် သေတပန်သက်တဆုံး ပျော်ရွှင်ချမ်းမြေ့စွာ နေစေချင်သည်။ ဒါကို အတ္တလို့ နာမည်တပ်မည်ဆိုလျှင်လည်း သူတို့လည်စင်းခံရုံသာ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၁

"ကျွတ် ... ဘာလဲကွာ ... ဘာလဲကွာ"

ရဲဂျာသည် laptop ကိုပိတ်ရင်း မကျေမနပ် ရေရွတ်နေသည်။ လရိပ်နဲ့ အဆက်အသွယ်မရတာ ဒီနေ့နဲ့ဆို ငါးရက်ရှိသွားပြီ။ မေးလ်ပို့ထားတာလည်း ဆယ်စောင်မက ရှိနေပြီ။ သူမဆီက ဘာအဆက်အသွယ်မှ မရခဲ့။

"မိုးကို ... မိုးချို"

"ဟုတ်ကဲ့ ... အစ်ကိုလေး၊ ဘာလိုချင်လို့လဲ မသိဘူး"

"ငါ မသိလို့ မေးပါဦးမယ်၊ မင်းတို့နှစ်ယောက် ဘာကြောင့် ငါ့အခန်းအပြင်မှာ တစ်ချိန်လုံး ရှိနေကြတာလဲ၊ ပြီးတော့





ဟိုကောင် မိုးကို၊ မနေ့က ငါ့ဘော်ဒါတွေနဲ့ သီချင်းတိုက်ဖို့ တိုင်ပင်နေတာကို ဘာလို့အနားကနေ ထွက်မသွားဘဲ ပေတေရပ်နေတာလဲ၊ လူတွေရှေ့မှာ ငါမပြောချင်လို့ ကြည့်နေတာ အကောင်းမထင်ကြနဲ့"

"ကျွန်တော်တို့လည်း မလုပ်ချင်ပါဘူး အစ်ကိုလေး၊ ဒါပေမဲ့ မာမီက အစ်ကိုလေးကို စောင့်ကြည့်နေဖို့ ကျွန်တော်တို့ကို အမိန့်ပေးထားလို့ပါ"

"ဘာပြောတယ် ... မာမီက ငါ့ကို စောင့်ကြည့်ခိုင်းရအောင် ငါက ဘာဖြစ်နေလို့လဲ"

"မသိဘူး အစ်ကိုလေး၊ ဒါပေမဲ့ လရိပ်ပြာနဲ့တော့ ပတ်သက်နေပုံရတယ်၊ ကျွန်တော်တို့ နှစ်ယောက်ကို လရိပ်ပြာနဲ့ပတ်သက်ပြီး အစ်ကိုလေးဘက်က ထူးခြားတဲ့ လှုပ်ရှားမှုရှိရင် သတင်းပို့ဖို့ ပြောထားတယ် အစ်ကိုလေး"

အခုမှ ဒီကောင်နှစ်ကောင် အခုတလော သူ့အနားမှ တစ်ဖဝါးမှမခွာသည့် အကြောင်းအရင်းကို သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ဂျာနယ်ပေါင်းများစွာက ဖော်ပြလာသော သူနဲ့လရိပ်တို့၏ ပုံတွေကို မြင်တွေ့သွား၍ အချိန်မီတားဆီးဖို့ ကြိုးစားနေတာဖြစ်မည်။

ရဲဂျာ အိပ်ရာပေါ်မှ သွက်လက်စွာ ထ,လိုက်သည်။ မာမီနဲ့သွားတွေ့မှကို ဖြစ်တော့မည်။

"အစ်ကိုလေး ဘယ်သွားမလို့လဲ"

နောက်နားမှ မိုးကိုနဲ့ မိုးချို ကပ်လိုက်လာသည်။ တော်တော်ကို အမိန့်နာခံတတ်တဲ့ကောင်တွေ။

"မာမီ"

"လော့ခ်မချထားဘူး ... တွန်းဝင်ခဲ့"

"မာမီ ... ဘာတွေ လုပ်နေတာလဲ"

မာမီက စီးပွားရေးဂျာနယ်တစ်စောင် ဖတ်နေရာမှ စာကြည့်မျက်မှန်ကိုချွတ်လိုက်ကာ ...

"မင်း ဘာတွေလုပ်နေတာလဲ ရဲဂျာ"

"သား ဘာတွေလုပ်နေလို့လဲ မာမီ"





"မင်္ဂလာဆောင်နေ့က မင်း ဘာတွေလုပ်ခဲ့လဲ၊ အဲဒီနေ့က ငါ မင်းကို ဒေါသထွက်လွန်းလို့ အသားတွေတောင်တုန်တယ်၊ မင်းမို့လို့ ဒီလောက် လူတွေအများကြီး စောင့်ကြည့်နေတာ သိသိနဲ့ ဟိုကောင်မလေးနားက တစ်လက်မမှ မခွာတာ ဘာသဘောလဲ"

မာမီက သူ့ကို အကဲခတ်ဟန် တစ်ချက်ကြည့်ကာ စကားဆက်ပြန်သည်။

"ပြီးတော့ ကေကေ ... ကေကေ ဘယ်လောက်သနားစရာကောင်းလဲ၊ သူ့ခမျာ မင်းကို မျှော်လင့်လို့ အဝေးကြီးက နေတောင် လာခဲ့ရစာ"

ရဲဂျာ ငြိမ်သွားသည်။ ဟုတ်လည်း ဟုတ်သည်။ အဲဒီနေ့က သူ့မျက်လုံးထဲမှာ မြင်တာ လရိပ်တစ်ယောက်တည်း။

"မင်း မသိရင် ငါပြောလိုက်မယ်၊ မင်း လရိပ်ဆိုတဲ့ ကောင်မလေးကို ချစ်နေပြီ"

"ဗျာ ... ဟုတ်လား မာမီ၊ သား အခုဖြစ်နေတာတွေအားလုံးက သူ့ကို ချစ်မိသွားလို့ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေရီထား နှင်သွားသည်။ သွားပြီ ... ပြောမိတာတော့ မှားပြီ။

"သားလည်း ထင်တော့ ထင်ပါတယ်၊ သားဘဝမှာ ဘယ်မိန်းကလေးပေါ်မှာမှ ဒီလို ခံစားချက် မရှိဖူးပါဘူးလို့ပေါ့"

"ပါးစပ်ပိတ်စမ်း၊ နားထောင်ကောင်းလို့ နားထောင်နေတယ်များ မှတ်နေလား၊ မိုနီကာတုန်းက ငါ အရှုံးပေးလိုက်ရပေမယ့် မင်းကိုတော့ မရှုံးစေရဘူး၊ ဆော်ဒီဂတ်နှစ်ယောက်နဲ့မရရင် နောက်ထပ်နှစ်ယောက် ထပ်ငှားမယ်၊ ကိစ္စမရှိဘူး၊ တင်ထွေးနဲ့ တင်အေး ညီအစ်ကိုနှစ်ယောက်ကို ပြန်ခေါ်လို့ရတယ်"

ရဲဂျာ ဘာစကားမှ ပြန်မပြောမိ။ မျက်ဝန်းထဲမှာ လရိပ်နဲ့ပတ်သက်ခဲ့သည့် အဖြစ်အပျက်လေးတွေကို ပြက်ပြက်ထင်ထင် မြင်ယောင်နေကာ ရင်ထဲမှာ ရှိန်းမြမြနှင့် ဘယ်လိုလေး ခံစားနေရမှန်းကို မသိပါ။





ဒေါ်မေရီထားက ပြုံးတုံ့တုံ့ မျက်နှာပေးနှင့် ရပ်နေသော သားဖြစ်သူကို တအံ့တသြ မော့ကြည့်နေသည်။ သူမက သူ့ကို အပြင်းအထန်ဆုံး ရာဇသံတွေ ပေးနေသော်လည်း သူ့ကြည့်ရတာ အလွန်ငြိမ့်ညောင်းသာယာသော သီချင်းတစ်ပုဒ်ကို အရသာခံပြီး နားထောင်နေသည့်ဟန်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၂

မိုနီကာတို့လင်မယား အန်တီမင်းမင်းနှင့် သူ ကေကေ့ကို လေယာဉ်ကွင်း လိုက်ပို့ကြသည်။ ကေကေ့ကို အားနာမိပြီး သူ့စိတ်တွေ မကြည်ပါ။ ကေကေ့ဆန္ဒကို သူ မဖြည့်ဆည်းပေးနိုင်ခဲ့ဘူးလေ။ သူ့ရင်ထဲမှာ လရိပ်ကိုချစ်သော အချစ်တို့နှင့်သာ ပြည့်ကျပ်နေလို့ပေါ့။

"သွားတော့မယ် မိုနီကာနဲ့ ကိုဝဏ္ဏ"

"တီလေး ... ကေကေ သွားပြီ၊ ဟိုကနေလှမ်းပြီး တီလေးမှာထားတဲ့ပစ္စည်းတွေ ပို့ပေးလိုက်မယ်နော်"

အန်တီမင်းမင်းက တူမချောကို ပွေ့ဖက်ထားသည်။





ကေကေ့မျက်ဝန်းတွေက သူ့ဆီရောက်လာသည်။ သူမက သူ့ကို ပြုံးပြသော်လည်း သူမအပြုံးတွေက မပီပြင်ပါ။

"ကိုကို ... နှုတ်ဆက်ခဲ့ပါတယ်နော်၊ ကေကေ သိချင်တဲ့အဖြေကို သိလိုက်ရတဲ့အတွက် ကေကေ ကျေနပ်ပါတယ်၊ ကိုကို့ကို ကေကေ တစ်ခုလောက် တောင်းဆိုပါရစေ"

"ပြောပါ ကေကေ၊ ကိုကို ဘာလုပ်ပေးရမလဲ"

"ကိုကို ကျေးဇူးပြုပြီး 'တမ်းချင်းညည်းလို့ မင်းပြန်လာရင်' ဆိုတဲ့ သီချင်းကို ထပ်မဆိုပါနဲ့"

သူ ကေကေ့ ခံစားချက်ကို နားလည်သွားမိသည်။

"ကိုကို ကတိပေးပါတယ်၊ ထပ်မဆိုတော့ပါဘူး၊ အဲဒီသီချင်းက ဟောင်းလည်းဟောင်းသွားပြီလေ"

"တကယ့်ခံစားချက်အစစ်နဲ့ ရေးထားတာ မဟုတ်တဲ့အတွက် လူတိုင်း ထာဝရတသ,သ ဖြစ်မယ့်သီချင်းလည်း မဟုတ်လောက်ပါဘူး"

ကေကေက သူ့စကားကို မကျေနပ်၍ ထပ်ဖြည့်စွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြာခင်မှာတော့ တကယ့်နှလုံးသားစစ်စစ်နဲ့ ရေးဖွဲ့ထားတဲ့ သီချင်းအသစ်တွေ ထွက်လာမှာပါ"

"ယုံပါတယ် ကိုကို၊ အဲဒီသီချင်းတွေက အရမ်းကောင်းနေမယ်ဆိုတာ နားမထောင်ရသေးပဲနဲ့ ခံစားလို့ ရပါတယ်"

"ကျေးဇူးတင်ပါတယ် ကေကေ"

ကေကေက ဝေ့ဝဲလာသော မျက်ရည်တို့ကို အသာသိမ်းပြီး သူတို့ကို ကျောခိုင်းကာ သူမရဲ့ suit case လေးကို တွန်းပြီး ထွက်သွားသည်။

အိမ်အပြန်လမ်းမှာ တစ်ကားလုံး အတွေးကိုယ်စီနှင့် တိတ်ဆိတ်နေကြသည်။ ကားရှေ့ခန်းမှာ မိုးကိုနှင့် မိုးချို။ ကားနောက်ခန်းမှာ မိုနီကာတို့လင်မယားနဲ့သူ။ မိုးကိုက ကားကို ဂရုတစိုက်မောင်းနေပြီး မိုးချိုကတော့ နောက်ကြည့်မှန်မှ သူတို့သုံးယောက်ကို လှမ်းလှမ်းအကဲခတ်နေ၏။ အံ့နတ်တီမင်းမင်းက သူမကားနဲ့သူမ ပြန်သွားပြီး တူမချောနဲ့ပတ်သက်ပြီး သူ့ကို သိပ်ကြည့်ပုံမရပေ။





သူ မိုနီကာတို့လင်မယားနှင့် လရိပ်နဲ့ပတ်သက်ပြီး စကားပြောချင်သည်။ ခက်တာက လရိပ်ပြာရဲ့သူငယ်ချင်းများဖြစ်ကြသော သူတို့နှစ်ယောက်ကိုလည်း မိုးကိုတို့ညီအစ်ကိုနှစ်ယောက်က အလွတ်မပေးဘဲ မျက်လုံးဒေါက်ထောက်ကြည့်နေကြသည်လေ။ သူ မိုးကိုတို့ ညီအစ်ကိုနှစ်ယောက်ကို မကြောက်ရေးချမကြောက်ပါ။ သို့သော် လရိပ်နဲ့ သူ ဘာမှမပတ်သက်ရသေးဘဲ ပြဿနာလုံးဝအတက်မခံနိုင်၍ ငြိမ်နေရခြင်းပင်။

မိုနီကာက သူမဖုန်းမှ message ဝင်သံကြား၍ ဖွင့်ကြည့်တော့ ကိုကို့ဖုန်းနံပါတ်ကိုတွေ့တော့ အံ့အားသင့်မိသည်။ ကိုကိုနဲ့ မိုနီကြားထဲမှာ မောင် ထိုင်နေ၍ ကိုကိုဖုန်းနဲ့ message ရိုက်နေတာတော့တွေ့ပြီး သူမဆီပို့မယ်လို့ မထင်မိ။

သူနှင့်မောင် ထိုစာကို ဖတ်လိုက်ကြသည်။ စာက အင်္ဂလိပ်လိုရေးထားကာဖြစ်သည်။ သူမနဲ့ ကိုကို့ကို ငယ်ငယ်လေးတည်းက အိမ်မှာ အင်္ဂလိပ်စာ ဆရာ၊ ဆရာမတွေနှင့် ကြပ်ကြပ်မတ်မတ် သင်ပေးထားတာမို့ သူရော ကိုကိုပါ အင်္ဂလိပ်စာကို ကောင်းကောင်းတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"Monica ...

I want to see La Yike. Can you help me ?. Will you keep in touch with her ? I'd like you to inquire what is going on her home as we are out of contact.

"ဘာတွေ ရေးထားတာလဲ"

မိုနီကာက ဝဏ္ဏမေးခွန်းကို မဖြေအား၊ ခပ်သွက်သွက်လေး ဖုန်း screen ကို တို့ထိပြီး message ရေးနေသည်။ ကိုကို့အကျပ်အတည်းကို နားလည်သည်လေ။

"I promise I will help you'. Don't owrry. We are always on your side"

ရဲဂျာက သူ့ဆီပြန်ပို့ပေးသော မိုနီကာ့ရဲ့မက်ဆေ့ချ်ကိုကြည့်ပြီး တပြုံးပြုံးနှင့်။ မိုးချိုကတော့ ထိုမောင်နှမ တစ်ခုခုလုပ်နေမှန်း ရိပ်စားမိ၏။ မာမီ့ကို ပြန်သတင်းပို့ရအောင်လည်း ဘာမှန်း သေသေချာချာ မသိ၍ စိတ်တိုသွားသည်။

မိုနီကာကတော့ မာမီ့စကားတွေ ပြန်ကြားယောင်နေသည်။





"နင် အိမ်မြှောင်မဖြစ်စေနဲ့ မိုနီကာ၊ အိမ်မြှောင်တွေကသိတဲ့အတိုင်းပဲ အမြီးပြတ်သွားပြီဆိုရင် အခြားအိမ်မြှောင်တွေ အမြီးရှိနေတာကို မမြင်ချင်လို့ လိုက်လိုက်ဖြတ်နေတာ၊ ငါ ဘာကိုဆိုလိုလဲဆိုတာ ညည်း သဘောပေါက်တယ်နော်"

မိုနီကာ မာမီ့ စကားကို သဘောကျ၍ အသံထွက်အောင် ရယ်မိသည်။ မတတ်နိုင်ဘူး မာမီ။ မိုနီကာက မဖြတ်ချင်ပေမယ့် မိုနီကာ အမြီးပြတ်နေတာလေးကို ကိုကိုကိုယ်တိုင်သဘောကျလို့ လာအဖြတ်ခံတာတော့ မတတ်နိုင်ဘူးပေါ့။

အိမ်ပြန်ရောက်တော့ မက်ဆေ့ချ်ရေးထားတာတွေ မပြောပြရကောင်းလားလို့ စိတ်ဆိုးနေတဲ့ မောင့်ကို အမိပွာယ်ပြန်ပြရသည်။

"ကိုကိုက ပြောတယ် မောင်ရဲ့။ သူ လရိပ်နဲ့တွေ့ချင်တယ်။ မိုနီ့ကို လရိပ်နဲ့ အဆက်အသွယ် လုပ်ပါလားတဲ့။ ပြီးတော့ သူတို့နှစ်ယောက် အဆက်အသွယ် ပြတ်သွားတဲ့အတွက် လရိပ်အိမ်မှာ ဘာတွေဖြစ်နေလဲ စုံစမ်းပေးပါတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မိုနီကလည်း ကူညီပေးမယ်လို့ ကတိပေးပါတယ်၊ မစိုးရိမ်ပါနဲ့။ မိုနီတို့က ကိုကို့ဘက်မှာ အမြဲရှိနေပါတယ် လို့ ပြန်ပို့ပေးလိုက်တယ်"

"အင်း ... ယောက်ဖလည်း သနားစရာပါ၊ မိုနီလည်း ကိုယ်ဝန်ကြီးနဲ့ဆိုတော့ အေးအေးဆေးဆေးနေပါ၊ ဒီကိစ္စကို မောင့်တာဝန်ထားလိုက်"

"လရိပ်လည်း အိမ်မှာ ပြဿနာတက်နေပုံရတယ်၊ လွယ်တော့ လွယ်မှာမဟုတ်ဘူး၊ မာမီသိရင် မိုးမီးလောင်မှာ၊ မောင် သေသေချာချာ ဂရုစိုက်ပါ"





## အခန်း ၂၃

ဒီနေ့ တနင်္ဂနွေနေ့ ဖြစ်တာမို့ အလုပ်,လုပ်နေသော နိုင်သူနှင့် ဟိန်းထက်တို့ရဲ့ နားရက်ပါ ဖြစ်တာကြောင့် အုပ်စု တောင့်အောင် ဝဏ္ဏက သွားခေါ်ကာ လရိပ်ပြာအိမ်ဘက် ချီတက်ခဲ့ကြသည်။

ခြံရှေ့ရောက်တော့ ဝဏ္ဏက ကားပေါ်ကဆင်းလို့ ထုံးစံအတိုင်း လရိပ်ကို အော်ခေါ်သည်။ အိမ်ထဲက တစ်စုံတစ်ရာ လှုပ်ရှားမှု မရှိတာကြောင့် သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ အိမ်တံခါးမကြီးကလည်း ဖွင့်လျက်သား၊ ပြတင်းပေါက်တွေလည်း ဖွင့်ထားတာမို့ အိမ်ထဲမှာတော့ လူရှိမည်မှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးကျော် ... အိမ်ရှေ့မှာ အော်ခေါ်နေတာ မကြားဘူးလား"

လရိပ်သည် အပြင်မထွက်ရတာကြာပြီး အိမ်ထဲမှာလည်း ဘာမှလုပ်စရာမရှိသဖြင့် ပျင်းလွန်းလို့ လဲသေတော့မည့် စတိုင်လ်အပြည့်ဖြင့် ဆက်တီခုံပေါ်တွင် ကိုယ်ကိုလျှော့ထိုင်နေရာမှ ခြံရှေ့က ဝဏ္ဏခေါ်သံကြောင့် ဝမ်းသာသွားပြီး ခေါင်းထောင်သွားပြီးမှ သူမရဲ့ဘော်ဒီဂတ်လုပ်နေသော လေးလေးကျော်ကြောင့် ကိုယ်ရှိန်ပြန်သတ်လိုက်ရသည်။

"ကြားသားပဲ ... မောရင် ပြန်သွားမပေါ့၊ ငါ ဒီနေ့ မှသား မပြောချင်ဘူး"

"တော်တော် လိမ္မာနေတာပဲ၊ သူရာလေးပါ ထိန်းလိုက်ပါလား"

ဟုတ်သည်။ တော်တော်ကို လွန်လွန်းသည်။ ဒီဘဝမှာ လူပျိုကြီးတွေ ဖြစ်နေတာတောင် သဘောမပေါက်သေး။ သူများရဲ့တက်သစ်စ အချစ်ဖူးညွန့်လေးတွေကို ရက်ရက်စက်စက်





ချိုးပစ်ချင်ကြသည်။ ရဲဂျာလည်း အလကားပဲ၊ မျှော်လင့်ချက်တွေပေးပြီး မေ့ထားပစ်သည်။

"လေးလေးကျော် ... လရိပ် ... လေးလေးကျော် ... လရိပ်"

သုံးကောင်သား ဖင်ထောင်ပြီး အော်ကြလို့လား မသိ အသံတွေက တစ်ရပ်ကွက်လုံးကို လွှမ်းသွား၏။

"တောက်ကွာ ... စာရေးရတာ အာရုံပျက်လိုက်တာ"

ကျော်ကြည်သာ နားမခံနိုင်တော့သည့်အဆုံး ခြံတံခါးဝနားသို့သွားကာ ...

"ဟေ့ကောင်တွေ ... ဘာလို့ သူများအိမ်ရှေ့ အော်ကြီးဟစ်ကျယ် လာလုပ်နေတာလဲ"

"လေးလေးကျော် ... လရိပ်ရှိလား"

"အေး ... ရှိတယ်၊ ဘာလုပ်မလို့လဲ၊ လာရတဲ့အကြောင်းအရင်းကိုပြော၊ နိုင်လုံမှ တံခါးဖွင့်ပေးမယ်"

နိုင်သူက ကြီးကျယ်နေသော လေးလေးကျော်ကို အမြင်ကတ်ဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးကျော်ကလည်းဗျာ၊ ကျွန်တော်တို့က လရိပ်ရဲ့ သူငယ်ချင်းအရင်းအချာကြီးတွေပဲဟာ၊ မတွေ့ရတာကြာလို့ သတိရလို့ လာတာပေါ့ဗျ"

"အေး ... ဟုတ်တယ်၊ ငါတို့ကလည်း အဲဒီသူငယ်ချင်း အရင်းအချာကြီးတွေကိုပဲ ကြောက်တာ၊ အထူးသဖြင့် ဟိုဝဏ္ဏဆိုတဲ့ကောင်"

"ဘာဆိုင်လို့လဲဗျာ၊ လေးလေးကျော်ကလည်း"

ထိုအခိုက် လရိပ်ပြာ အိမ်ထဲမှ ပြေးထွက်လာပြီး သူငယ်ချင်းတွေကို လက်လှမ်းပြကာ ခပ်တည်တည်နှင့် ခြံတံခါးဝ ရောက်လာပြီး တံခါးဖွင့်ဖို့ လက်လှမ်းလိုက်သည်။

"အေး ... ဖွင့်ပေးချင်ရင် ဖွင့်ပေးလိုက်၊ ဒါပေမဲ့ ငါ့အနား မှာပဲ စကားပြောရမယ်၊ ဘယ်မှ မသွားရဘူး"

"ဘယ်မှလဲ မသွားပါဘူး၊ လေးလေးတို့အိမ်မှာပဲ ရှိသမျှ စားသောက်ပြီးမှ ပြန်မှာ"

"လရိပ်သူငယ်ချင်းတွေလို့ မပြောရဘူး၊ ဝေါ်ကြီးကျတဲ့ ကောင်တွေ"





ကျော်ကြည်သာသည် တူမလေးကို သနားတာနှင့် တစ်ထစ်လျှော့ပြီး သူမသူငယ်ချင်းတွေကို အိမ်ထဲအဝင်ခံလိုက်ရသည်။

လေးလေးကျော်က သူရေးလက်စ စာမူဖိုင်ကို ပိတ်လိုက်ပြီး တကယ်ပဲ လရိပ်တို့သူငယ်ချင်းအုပ်စုနား ငုတ်တုတ်လာထိုင်နေသည်။

"ဒါနဲ့ လေးလေးကျော်၊ လူသတ်ကားတို့ သရဲကားတို့ ကြည့်လား"

ဝဏ္ဏက မဆီမဆိုင် မေးခွန်းကို ကောက်ကာငင်ကာ မေးလိုက်၏။

"သရဲကားတော့ ဒီကောင် လရိပ် ကြည့်ရင် လိုက်ကြည့်တတ်တယ်၊ ဒါပေမဲ့ လူသတ်ကားတော့ ဝါမုန်းတယ်၊ မကြိုက်ဘူး၊ အလကား အကြောင်းမရှိ အကြောင်းရှာ နည်းမျိုးစုံနဲ့သတ်တာဖြတ်တာတွေကို လုံးဝကို အားမပေးဘူး။ ဒါနဲ့ မင်းက ဘာဖြစ်လို့ မေးရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆိုရင်တော့ လေးလေး ဒီကားကြည့်လို့ရမှာ မဟုတ်ဘူး၊ ဒီကားက နောက်ဆုံးထွက်တဲ့ လူသတ်ကားတွေ စုစည်းမှု တအားကောင်းလို့ လရိပ် ကြည့်ရအောင် ယူလာတာ"

"ဟင်း ... မင်းသူငယ်ချင်းကို ကြည့်မလားလို့ အရင်မေးကြည့်ပါဦး၊ ဒီကောင်က လူသတ်ကား ကြည့်ချင်မှာ မဟုတ်ဘူး၊ အချစ်ဇာတ်လမ်းတွေပဲ ကြည့်ချင်နေမှာ"

"လေးလေးနော် ... ဘာတွေ လျှောက်ပြောနေတာလဲ"

လရိပ်က မျက်နှာရဲရဲနှင့် ဝင်ဟန့်ကာ ဝဏ္ဏလက်ထဲက အခွေကို လှမ်းယူလိုက်သည်။

"ပေး ... ဒီကား ငါကြည့်မယ်"

ဝဏ္ဏက အဓိပ္ပာယ်ပါသော မျက်ဝန်းများဖြင့် သူမကိုကြည့်လိုက်တာမို့ ဒီအခွေထဲက ထူးခြားမှုရှိပြီမှန်း လရိပ် ဒက်ခနဲ သိလိုက်သည်။

"လေးလေး ... ဒီကားကို လာမကြည့်နဲ့နော်၊ ကိုယ့်စကားနဲ့ကိုယ်ပဲ"





"အံမယ်လေး ... မင်းဘာသာ မင်းကြည့်စမ်းပါ"

ဝဏ္ဏတို့ သူငယ်ချင်းသုံးယောက်က လရိပ်ပြတည်ခင်းညှေ့ခံသော ကော်ဖီနှင့် မုန့်မျိုးစုံကို ပြောင်စင်အောင် စားသောက်ပြီးမှ ပြန်သွားကြသည်။ ကျောင်းတုန်းက ရယ်စရာ၊ မောစရာတွေကို ပြန်ပြောင်းပြောရင်း တဝါးဝါး တဟားဟား ရယ်နေကြသည်မို့ သူပါဝိုင်း၍ ရယ်မောမိသည်။ ဘာမသက်ာ စရာမှ ရှာမတွေ့။ တကယ်ပဲ သူတို့ လရိပ်ကို သတိရ၍ လာလည်ကြဟန်တူသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

လရိပ်သည် ဝဏ္ဏ လာပေးသွားသော အခွေကို ကြည့်ချင်လိုက်တာမှ တစ်ပိုင်းကို သေနေသည်။ ဘာပါမှန်းမသိ၍ လေးလေးကျော်နဲ့ လေးလေးဇော်တို့ရှေ့မှာ ဘယ်လိုမှ ကြည့်လို့အဆင်မပြေဘူးဆိုတာ စိတ်ထဲက သိနေသည်။ ခက်တာက အိမ်မှာ လေးလေးကျော်ဖြစ်ဖြစ်၊ လေးလေးဇော်ဖြစ်ဖြစ် အမြဲရှိနေသည် မဟုတ်လား။

"ဟော့ကောင် ဇော် ... မနက်ဖြန် မင်း ကျူရှင်ချိန်လေး ပြောပါဦး"

"မနက်ဖြန် တစ်နေ့ခင်းလုံး ငါ ကျူရှင်ရှိတယ်လေ၊ ဘာဖြစ်လို့လဲ"





"ဘာဖြစ်ရမလဲ၊ မနက်ဖြန် ငါ့အပေါင်းအသင်းတွေနဲ့ ချိန်းထားလို့၊ အဲဒါ ဘယ်လိုလုပ်မလဲ၊ စာမူလည်း သွားပို့ရဦးမယ်၊ လရိပ် တစ်ယောက်တည်း ထားခဲ့လို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ၊ ဒီကောင် ဘာလုပ်နိုင်မှာမို့လို့လဲ၊ အိမ်စောင့်ထားလိုက်၊ အပြင်ကနေ သော့ခတ်သွားကြတာပေါ့၊ အင်း ... နေဦး၊ ဒီလိုလုပ်လို့လည်း မဖြစ်သေးဘူး၊ တော်ကြာ အရေးဟယ် အကြောင်းဟယ်ဆို ငါ့တူမလေး ဒိတ်မိနေဦးမယ်"

လရိပ်သည် အိမ်ပေါ်ထပ်မှ လေးလေးတို့ စကားတွေကို တစွန်းတစ ကြားလိုက်ရသဖြင့် ဝမ်းသာလုံးဆို့ကာ ဖြိုးဖြိုးနှင့် အောက်ထပ်သို့ ဆင်းလာရင်း ...

"လေးလေးတို့ ဘာတွေ ပြောနေကြတာလဲ"

"မနက်ဖြန် ငါတို့နှစ်ယောက်စလုံး အိမ်မှာရှိမှာ မဟုတ်ဘူး၊ အစောဆုံး ညနေ(၄)နာရီမှ ပြန်ရောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... သွားစရာရှိတာပဲ သွားကြပေါ့၊ စိတ်ချပါ၊ လရိပ် ဒီအိမ်က တစ်ဖဝါးမှကို မခွာဘူး၊ တကယ်ပါ၊ စိတ်ဖြောင့်ဖြောင့်နဲ့သာ သွားကြ၊ ညနေစာလည်း ချက်ထားပေးပါ့မယ်"

ကျော်ကြည်သာနှင့် ဇော်ကြည်သာသည် အလွန်သဘောကောင်းနေသော တူမဖြစ်သူကို မယုံသင်္ကာဟန်ဖြင့် ပြိုင်တူကြည့်လိုက်ကြသည်။

"ဘာကြည့်တာလဲ ... လေးလေးတို့ကလည်း"

"အေးလေ ... ဒီတစ်ခါတော့ မင်းကို ယုံကြည်လိုက်ပါ့မယ်၊ ယုံကြည်မှုကို အလွဲသုံးစား လုပ်ရင်တော့ မင်း နာပြီနော်"

"ဟုတ်ကဲ့ပါ"





အိပ်ခန်းလေး၊ အပြာရောင်ခန်းဆီး၊ လိုက်ကာ၊ ခေါင်းအုံးစွပ်၊ ဖက်လုံးစွပ်တွေ၊ အပြာရောင်လွှမ်းမိုးထားသောသူ့အိပ်ခန်းလေးကို လရိပ် TV ဖန်သားပြင်ပေါ်မှာ မြင်လိုက်ရသည်။

"ဟိုင်း ... လရိပ်ပြာ၊ ကိုယ်က အနုပညာသမားပေမယ့် သီချင်းတွေထဲမှာ အချစ်အကြောင်းတွေ ဆိုတတ်ပေမယ့် တကယ်တော့ တစ်သက်နဲ့တစ်ကိုယ် ဘယ်မိန်းကလေးကိုမှ လက်တွေ့ဘဝမှာ ချစ်တဲ့အကြောင်း မပြောဖူးပါဘူး"

စပို့ရှပ်အဖြူလေးနှင့် sky blue ဂျင်းဘောင်းဘီဝတ်ထားသော အရမ်းကို သန့်ပြန့်ချောမောနေသော သူ့ရုပ်သွင်နှင့် သူ့စကားတွေက လရိပ် နှလုံးသားကို ပူနွေးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းတယ်နော်၊ ကိုယ့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို ဒီလိုအခက်အခဲတွေကြားထဲက ဒီလိုထူးထူးဆန်းဆန်း ပရိုပို့စ်လုပ်ရမယ်လို့ တစ်ခါမှ အိပ်မက်တောင် မမက်ခဲ့ဘူး။ လရိပ် နေကောင်းရဲ့လားဟင်၊ အဆက်အသွယ်မရတော့ ကိုယ် စိတ်ပူတယ်၊ မတွေ့ရတော့ လွမ်းတယ်"

လရိပ်နား လာပြီးပြောနေသလို ခံစားလိုက်ရပြီး လရိပ် ခေါင်းလေးငုံ့ကျသွားသည်။

"please လရိပ် ... သေချာလေး နားထောင်ပေးပါ၊ ကိုယ် လရိပ်ကို အရမ်းချစ်တယ်၊ လရိပ်ဟာ ကိုယ့်ဘဝရဲ့လမင်းလေးပါ၊ ဘယ်လိုအခက်အခဲမျိုးပဲတွေ့တွေ့၊ ကိုယ်တို့တူညီတဲ့ နှလုံးသားတွေနဲ့အတူ ဖြတ်ကျော်ရအောင်နော်"

ဗီဒီယိုခွေလေးက ဒီမှာတင် ပြီးဆုံးသွားသည်။ လရိပ်ကတော့ ထိုအခွေလေးကို အဖန်တလဲလဲ ဖွင့်ကြည့်နေမိသည်။ လရိပ်နဲ့ မသက်ဆိုင်ဘူးလို့ သဘောထားခဲ့သော အချစ်သည် အခုတော့ လရိပ် နှလုံးသား အလယ်ဗဟိုတည့်တည့်မှာ





အမိန့်ရပြီး အခြေချနေတော့သည်။ လရိပ် ရဲဂျာကို ချစ်သည်။ မြတ်မြတ်နိုးနိုး ချစ်မိပြီး ဘယ်လိုအခက်အခဲမျိုးရှိရှိ အတူကျော်ဖြတ်ဖို့ ဆန္ဒလည်းရှိသည်။

သူ့အခွေလေးကို လရိပ် အခန်းထဲက စာကြည့်စားပွဲ အံဆွဲထဲမှာ ထည့်သိမ်းထားလိုက်သည်။ ပြီးတော့ ချစ်ရတဲ့သူ့ကို ဘယ်လိုခေါ်ရင်ကောင်းမလဲ စဉ်းစားခန်း ဝင်နေမိသည်။

"ရဲ" ... ဟင့်အင်း မကောင်းသေးဘူး၊ ရဲဂျာက သူမထက် သုံးနှစ်ကြီးတာပဲ။ "ကိုကို" ... ဒါလည်း မကောင်းသေးပါ။ "ကိုဂျာ"... ဟင့်အင်း၊ ဒါကြီးက ပိုဆိုးလို့နေသည်။ "ကို"... ဟုတ်သည်။ ဒီလိုလေး ခေါ်လျှင် ကောင်းမည်။ လရိပ်ပြာသည် တစ်ယောက်တည်း ရှက်ရယ် ရယ်နေမိသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



# အ ၂၅ ခန်း

ဤသို့ဖြင့် ဝဏ္ဏတို့သူငယ်ချင်းသုံးယောက် လရိပ်ပြာဆီသို့ နှစ်ပတ်တစ်ခါလောက် ရောက်လာကာ လူသတ်ကားအခွေတွေ တစ်ခွေပြီးတစ်ခွေ ပေးတတ်သလို၊ လရိပ်ပြာကလည်း စာရွက်ပြာပြာနဲ့ ရေးထားသော လူသတ်ကားပေါ်တွင် ခံစားရသော ခံစားချက်များကိုရေးပြီး ပြန်ပေးတတ်၏။

ဒီနေ့တော့ ထူးထူးခြားခြား ဝဏ္ဏနှင့် မိုနီကာတို့ စုံတွဲရောက်လာသည်။ မျက်နှာတွေကလည်း သိပ်မကောင်းလှတာမို့ လရိပ် ရင်တွေထိတ်သွားသည်။ ဘေးနားမှာ ထုံးစံအတိုင်း လေးလေးကျော်က ရှိနေသဖြင့် ဖွင့်မေးဖို့ကလည်းအခက်။





"မိုနီကာ ... နင့်ဗိုက်က တော်တော်ကြီးလာပြီပဲ"

"အေးဟာ ... အခု ငါ့ကိုယ်ဝန်က ငါးလကျော်ခြောက်လထဲမှာလေ၊ ဒါလည်း ဝဋ်ကြွေးတစ်မျိုးပဲဟ၊ ကိုယ်ကိုယ်တိုင် ကိုယ်ဝန်ဆောင်ရမှ မိဘကျေးဇူးကို ပိုသိလာတယ်"

လေးလေးကျော်က နေရာက သုတ်ခနဲ ထ,သွားတာမို့ လေးလေး ဘယ်သွားတာလဲ သေချာချင်၍ လရိပ် လှမ်းမေးလိုက်သည်။

"လေးလေး ... ဘယ်လဲ"

"အပေါ်မှာစာသွားရေးမလို့၊ အေးအေးဆေးဆေး စကားပြောပြီးမှ ပြန်ကြနော်"

အပေါ်ထပ်တက်သွားတဲ့ လေးလေး မြင်ကွင်းထဲက ပျောက်သွားတာနှင့် လရိပ် မေးခွန်းတွေ တသီတတန်း ထွက်လာသည်။

"ပြော ... မိုနီကာ၊ "ကို"ဘာဖြစ်လို့လဲဟင်၊ နင်တို့ ငါ့ကိုပြောစရာရှိလို့ လာတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် လရိပ်၊ အိမ်မှာ ကျိုင်တက်နေပြီ၊ မောင်နင့်ဆီကိုလာလာပြီး ကိုကိုနဲ့ ဆက်သွယ်ပေးနေတာကို မိုးကိုနဲ့မိုးချို ရိပ်မိသွားပြီး မာမီ့ကို ပြန်တိုင်ရာက ပြဿနာစ,တာပဲ"

"ဟုတ်တယ် ... လရိပ်၊ မာမီက ငါ့ကို အခုအိမ်ပေါ်က ဆင်းခိုင်းနေတယ်၊ အစ်ကိုရဲ့ဂျာဆို လှုပ်လို့တောင်မရဘူး"

"အဆိုးဆုံးကတော့ မာမီက ကိုကို့ကို မိုနီ့တုန်းကလိုပဲ အတင်းအကျပ် သူ့သူငယ်ချင်းရဲ့သမီးနဲ့ လက်ထပ်ပေးဖို့ စီစဉ်နေတယ်လေ"

"ဟာ ... ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ 'ကို'က ကလေးတစ်ယောက်မှ မဟုတ်ဘဲ၊ အဲဒီလုပ်ရပ်တွေက ဒိတ်အောက်နေပါပြီဟာ"

"ဒိတ်အောက်ပေမယ့် အခုထက်ထိတော့ အကျိုးသက်ရောက်မှုအရှိဆုံး လုပ်ရပ်ပဲ မဟုတ်လား၊ မိုနီ့တုန်းက ခံထားခဲ့ရလို့လားတော့ မသိဘူး၊ အခု မာမီက မိုနီ့ဘော်ဒီဂတ်နှစ်ယောက်ကို ပြန်ခန့်ထားတယ်။ ကိုကို့ဖုန်းလည်း





သိမ်းထားပြီး အဆက်အသွယ်လုပ်လာတဲ့ လူမှန်သမျှကိုကို စင်ကာပူသွားတယ်လို့ သတင်းလွှင့်နေတယ်။ ဒီနေ့ ဗိုက်ပြဖို့ရှိတယ်ဆိုပြီး မိုနီတို့လင်မယား လစ်ထွက်လာခဲ့တာ"

"ငါ ဘာလုပ်ရမလဲ မိုနီကာ။ ငါ 'ကို'ကို လုံးဝမခွဲနိုင်ဘူး"

"ငါတို့လည်း မစဉ်းစားတတ်တော့ဘူး လရိပ်၊ မာမီ့ကိုလည်း နားလည်တယ်၊ ကိုကိုနဲ့ နင့်ကိုလည်း သနားတယ်"

လရိပ် ဦးနှောက်ကို အလုပ်ပေးနေသည်။ ဘဝမှာတစ်ခါဖူးမျှသာ ချစ်ခဲ့သော အချစ်ကို လွယ်လင့်တကူနဲ့တော့ ထွက်ခွာခွင့် မပြုနိုင်ပါ။

"လိုလိုမယ်မယ် အဲဒီတစ်ယောက်ရဲ့ဖုန်းနံပါတ်နဲ့ လိပ်စာ ငါ ရထားချင်တယ်"

မိုနီကာက သူမ၏လက်ကိုင်ပိုက်ဆံအိတ်ထဲ မွှေနှောက်ကာ visiting card တစ်ခုကို လရိပ်လက်ထဲ ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက fashion shop တွေ အများကြီးပိုင်တယ်။ မိဘတွေကလည်း ချမ်းသာ၊ တစ်ဦးတည်းသောသမီးဆိုတော့ တော်တော်ဆိုးတယ် ပြောတယ်၊ ကိုကို့ကိုတော့ ကြိုက်လိုက်တာမှ တစ်ပိုင်းသေနေတာပဲ၊ မာမီက စေ့စပ်ဖို့အရင် ကမ်းလှမ်းတာတောင် နောက်လည်း လက်ထပ်ရမယ့်အတူတူ တစ်ခါတည်း လက်ထပ်မယ်လို့ အကြောင်းပြန်တာကိုပဲကြည့်"

"ငါ တစ်ခုခုတော့ လုပ်ရမယ် မိုနီကာ၊ သတင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဟာ၊ နင်တို့လည်း ပြန်ကြတော့လေ၊ တော်ကြာ ထပ်သိသွားမှ တကယ်ဆင်းနေကြရဦးမယ်"

မိုနီကာတို့ ပြန်သွားကြတော့ လရိပ် ရင်ထဲ သောကတစ်ပုံတစ်ပင် ကျန်ခဲ့သည်။ ပူလောင်မှု၊ ခါးသီးမှု၊ နာကျင်မှု၊ တစ်ခါမှ မခံစားခဲ့ရဖူးသော ဝေဒနာမျိုးစုံ နှလုံးသားထဲ စုပြုံရောက်လာကြတော့သည်။





"လရှိပ်"

"ဟင် ... ရှင် လေးလေး"

လေးလေးကျော်က လရိပ်ဘေးနား ဝင်ထိုင်သည်။ ညိုမှိုင်းနေသော လရိပ် မျက်နှာနှင့် ဝေ့သီနေသော မျက်ရည်စ,တွေကို လေးလေးက စိတ်မကောင်းဟန် တစ်ချက်ကြည့်ကာ ...

"လေးလေးကျော် ... အကုန်ကြားပြီးပါပြီ လရိပ်"

"ရှင်"

"လရိပ် အိပ်နေတုန်း လရိပ်အံဆွဲထဲက အခွေတွေကိုလည်း လေးလေး ယူကြည့်ပြီးပါပြီ၊ သူ မင်းကို တကယ်ချစ်တာလို့ လေးလေး ခံစားရလို့ ဘာမှမပြောခဲ့တာ"

"ကျေးဇူးတင်ပါတယ် လေးလေးကျော်၊ ဒါပေမဲ့ ..."

"ဒီကိစ္စအတွက် မင်း ဘာမှမပူနဲ့ လရိပ်၊ ဒီလောက်ကတော့ ငါ ဖြေရှင်းပေးနိုင်တယ်၊ ငါ့ကို ရဲဂျာနဲ့လက်ထပ်မယ့် ကောင်မလေးရဲ့ဖုန်းနံပါတ်ပေး"

"ဟင် ... လေးလေး ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပေးဆို ... ပေးစမ်းပါကွာ"

လရိပ်က မယုံမရဲနှင့် လက်ထဲက visiting card လေး လှမ်းပေးလိုက်သည်။

"ဟယ်လို ... မစီစီလင်းနဲ့ ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... ပြောနေပါတယ်၊ ဘယ်သူလဲ မသိဘူးနော်"

"မစီစီလင်း အကျိုးကို လိုလားသူတစ်ယောက် ဆိုပါတော့၊ မစီစီလင်းနဲ့ အဆိုတော်ရဲဂျာ လက်ထပ်တော့မယ်လို့ ကြားပါတယ်"

"ဟင် ... ရှင် ဘယ်လိုသိလဲ၊ ဒီကိစ္စကို နှစ်ဖက်မိသားစု ပဲ သိကြတာ၊ media တွေကို လုံးဝကို အသိမပေးရသေး ဘူး"

"ဟုတ်ပါတယ် ... ဒါဆို ကျွန်တော်ပြောတဲ့ သတင်းကို မစီစီလင်း ယုံနိုင်မယ် ထင်ပါတယ်၊ ကျွန်တော်က သူများ မသိတဲ့ သတင်းမှန်သမျှကို အကုန်သိတယ်လေ"

"ကျွန်မ စိတ်ဝင်စားသွားပြီ၊ ရှင် ကျွန်မကိုပြောမယ့်သတင်း က ဘာလဲ"





"အခု ရဲဂျာ ဘယ်မှာလဲ၊ ခင်ဗျား သိလား"

"သူ စင်ကာပူက သူ့အဖေဆီ သွားနေတယ်၊ ဟိုမှာ music နဲ့ပတ်သက်တဲ့ သင်တန်းတစ်ခုတက်ဖို့ စုံစမ်းနေ တယ်"

"ခင်ဗျား သေချာလို့လား၊ ကျွန်တော်ကတော့ သူ့အိမ်ထဲ မှာ အပိတ်ခံထားရတယ်လို့ သိထားတယ်"

"အပိတ်ခံထားရတယ် ... ဟုတ်ရဲ့လား၊ မဖြစ်နိုင်တာ၊ အန်တီ မေရီထား ကိုယ်တိုင် ကျွန်မကို ပြောပြတာ၊ သူပြန်လာ ရင် ကျွန်မတို့ လက်ထပ်ကြမှာ"

"ကျွန်တော်ပြောတာ မယုံရင် မစီစီလင်း စုံစမ်းကြည့်လိုက် လေ၊ သူ မစီစီလင်းကို လုံးဝမယူနိုင်ပါဘူး လုပ်နေလို့ အိမ်မှာ ဘော်ဒီဂတ်လေးယောက်နဲ့ နေ့ညမပြတ် စောင့် ကြည့်ခံနေရတယ်"

"ဘာကြောင့်လဲ ... သူ့မှာ ရည်းစားရှိနေလို့လား၊ ဂျာနယ် ထဲမှာ သူနဲ့တွဲပြီး ပါလာတဲ့ ကောင်မလေးကြောင့်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုရင်တော့ သဘာဝမို့လို့ ထားလိုက်ပါတော့၊ အခုဟာက ..."

"အခုဟာက ဘာဖြစ်လို့လဲ၊ မြန်မြန်ပြောစမ်းပါရှင်"

"သူ ဒီအရွယ်အထိ ရည်းစားမထားဖူးဘူး၊ တက်သစ်စ အဆိုတော် ကောင်လေးတွေကိုလည်း မေတ္တာအပြည့်နဲ့ လက်တွဲခေါ်ယူတယ်၊ ဘာကြောင့်လို့ ထင်လဲ"

"ဟင် ... ဒါ ... ရှင်ဆိုလိုတာက ..."

စီစီလင်းက ကျေးဇူးတင်စကားတောင် မဆိုဘဲ ဖုန်းချသွားသည်။ speaker ဖွင့်ထားတာမို့ သူတို့နှစ်ယောက်ရဲ့ အပြန်အလှန်စကားတွေကို လရိပ် အစ,အဆုံး ကြားနေရသည်။ တော်တော်တတ်နိုင်သည့် စာရေးဆရာပင်။

"တွေ့တယ် မဟုတ်လား၊ ရည်းစားရှိတယ်၊ ချစ်သူရှိတယ် ဆိုရင်သာ ကြည်ကြည်ဖြူဖြူနဲ့ ခွင့်လွှတ်နိုင်ကြပေမယ့် ဒီလိုမျိုးကြီးတော့ ဘယ်သူမှ သည်းခံနိုင်မှာ မဟုတ်ဘူး၊ အခုလောက်ဆို သူ ပျားတုပ်နေပြီ"





"လေးလေး တကယ်တော်တယ်၊ ဒီလိုမျိုး ဘယ်လိုတွေးမိသွားတာလဲ"

"ဟင်း ဟင်း ... ငါက စာရေးဆရာပဲ"

"ဒါပေမဲ့ လေးလေးပြောတာနဲ့ သူက အခြောက်ကြီးလို အထင်ခံရပြီ"

"ဘာပဲဖြစ်ဖြစ် မင်း သူနဲ့မလွဲချင်ဘူး မဟုတ်လား"

"ကျေးဇူးကမ္ဘာပဲ လေးလေးကျော်ရာ"

လရိပ် လိုက်လိုက်လှဲလှဲ ပြောလိုက်၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



စီစီလင်း ဖုန်းချပြီးပြီးချင်း မကျေမနပ်ဖြစ်ကာ အန်တီမေရီထားဆီ ဖုန်းခေါ်လိုက်သည်။

"ဟယ်လို ... သမီး စီစီလင်း၊ ပြော သမီး၊ ဘာကိစ္စလဲ"

"အန်တီ့ကို မေးစရာတစ်ခု ရှိလို့ပါ၊ အခု ကိုရဲဂျာ ဘယ်မှာလဲ"

"စင်ကာပူမှာလေ သမီးရဲ့၊ သူ ပြန်ရောက်ရောက်ချင်း သမီးကို အန်တီ အကြောင်းကြားမှာပါ"

"အန်တီ ညာတယ်၊ သူ အခု အိမ်မှာပဲ ရှိနေတယ်ဆိုတာ ကျွန်မ သိပြီးပြီ"

"ဟင် ... သမီး၊ ဒါကလေ ... အင်း ... ဘယ်လိုပြောရမလဲ"





ဒေါ်မေရီထား စီစီလင်းကို ဘယ်လိုရှင်းပြရမလဲ စဉ်းစားနေသည်။ ထိုစဉ်းစားနေခြင်းက စီစီလင်း၏ သံသယကို ပို၍ကြီးထွားစေသည်။

"အန်တီ ဘာတွေကြံစည်နေလဲဆိုတာ ကျွန်မ သိချင်တယ်"

ထိုကောင်မလေး၏ ခပ်ရင့်ရင့် စကားကြောင့် ဒေါ်မေရီထား ခံပြင်းသွားသည်။

"ဒါ အန်တီတို့ အိမ်တွင်းရေးကိစ္စမို့ ပြောမပြနိုင်ပါဘူး"

"ဒါပေမဲ့ ဘာဖြစ်လို့ဆိုတာ ကျွန်မ သိပြီးပြီ"

ဒေါ်မေရီထား စိတ်လျှော့လိုက်သည်။ IT ခေတ်ဆိုတာ အခုမှ သူမ ယုံတော့သည်။ သတင်းပျံ့တာ မြန်လွန်းလှသည်။

ဒေါ်မေရီထားက အရဲစွန့်ကာ ...

"ဒီတော့ သမီး ဘယ်လိုဆုံးဖြတ်မလဲ"

ဟု သွေးတိုးစမ်း မေးခွန်းမေးလိုက်သည်။ ရည်းစားရှိတာလောက်တော့ သူမ ခွင့်လွှတ်တန်ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေးနေစရာ လိုသေးလို့လား အန်တီ၊ ဘယ်မိန်းမမှ လက်မခံနိုင်တဲ့ ကိစ္စတစ်ခုပဲ၊ ဆောရီးပဲ အန်တီ၊ အန်တီတို့ ကမ်းလှမ်းမှုကို ကျွန်မ ငြင်းပယ်ပါတယ်"

ဒေါ်မေရီထား ရင်ထဲအောင့်သွားသည်။ ရည်းစားရှိခဲ့တာလေးက လက်မခံနိုင်စရာ ကိစ္စတစ်ခုတဲ့လား။

"ကောင်းပြီလေ… မိဘတွေထက် ညည်းသဘောက အခရာမို့ ဒီပွဲပျက်ပြီလို့ မှတ်လိုက်မယ်"

သားဂျာကို လိုချင်တုန်းကလည်း သူပဲ။ စေ့စပ်ဖို့ ကမ်းလှမ်းတာတောင် လက်ထပ်ပေးဖို့ မိဘတွေကို သင်းပဲအပူကပ်ခဲ့သည်။ အခုမှ ဘာထ,ဖြစ်သည်မသိ။ ဒီလိုအပြောင်းအလဲမြန်တဲ့ မိန်းမမျိုးကို ချွေးမ,မတော်လိုက်ရသည့်အတွက် ကံကြမ္မာကို ကျေးဇူးတင်ရမည်။

စီစီလင်း ဒေါသထွက်လွန်း၍ မျက်ရည်တွေတွေကျနေသည်။ သူမကို သတင်းပေးသည့်လူကို ရင်ထဲကျိတ်ပြီး ကျေးဇူးတင်မိသည်။ ဘယ်လောက် ရက်စရာကောင်းလိုက်လဲ။





ရက်လွန်းလို့ ဒီကိစ္စကို မိဘတွေကို အသိမပေးဘဲ တခြားအကြောင်းပြချက် ပေးနိုင်ဖို့ စဉ်းစားနေမိသည်။

အန်တီမေရီထားက လူကြီးမပီသ။ သူ့သားအခြောက်မှန်းသိသိနှင့် သူမလက်ထဲ ထိုးထည့်ပေးရင်း သူမကို ဒုက္ခပေးဖို့ ကြိုးစားခဲ့သည်လေ။

စားပွဲပေါ်က ဂျာနယ်မျက်နှာဖုံးက အဆိုတော်နေမိုးနှင့် ရဲဂျာ ကျောချင်းကပ်ပြီး ရိုက်ထားပုံကိုအတွေ့ စီစီလင်း ကျောတွန့်သွားသည်။ ရဲဂျာကို ဘယ်လိုကြည့်ကြည့် သူမမျက်ဝန်းထဲမှာတော့ အခြောက်ကြီးပင်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၂၆

"ဟော့ကောင် မိုးချို၊ ရှေ့ကဖယ်လို့ ငါ ပြောနေတယ်နော်"

အိမ်တံခါးဝမှာ ပိတ်ရပ်နေသော မိုးချိုကို သူဒေါသတကြီး အော်လိုက်သည်။

"အိမ်အပေါ်ထပ်တည်းက ဖယ်လာရင်း၊ ဖယ်လာရင်းနဲ့ ဒီအိမ်ရှေ့ တံခါးဝ,တောင် ရောက်လာပြီလေ အစ်ကိုလေး၊ ဒီ့ထက်ဖယ်ပေးရရင် ခြံအပြင်ပဲ ရောက်တော့မယ်"

"တိတ်စမ်း ... အောင်မယ် ... မင်းတို့ကရော ငါ့ကိုဘာလုပ်ချင်လို့ အနားရောက်လာတာလဲ"





ရုတ်တရက် အပြေးရောက်လာကြသော တင်ထွေးနဲ့ တင်အေးကိုကြည့်ပြီး သူ ငေါက်လိုက်သည်။

"အစ်ကိုလေး ... မာမီ့စကားကို ကျွန်တော်တို့ မလွန်ဆန်နိုင်လို့ပါ အစ်ကိုလေး၊ ကျွန်တော်တို့ကို သနားပါ၊ ကျွန်တော်တို့ကို အခက်တွေ့အောင် မလုပ်ပါနဲ့၊ အိမ်ထဲကို ကျေးဇူးပြုပြီး ပြန်ဝင်ပေးပါ"

ထိုအခိုက် ခြံရှေ့သို့ ပါဂျဲရိုးကားတစ်စီး ထိုးရပ်လာပြီး မိုးချိုဖွင့်ပေးသော ခြံတံခါးမှ ခြံထဲဘီးလိမ့်ဝင်လာသည်။ မိုးကိုက ကားပေါ်မှ အရင်ဆင်းလာပြီး ကားတံခါးဖွင့်ပေးလိုက်တော့ ဒေါ်မေရီထားက မျက်မှောင်ကြုတ်ပြီး ဆင်းလာသည်။ မြင်ကွင်းက ကြည့်လို့မလှဘူးလေ။

"ဒါ ဘာဖြစ်နေကြတာလဲ"

"မာမီ ... သား လုံးဝသည်းမခံနိုင်တော့ဘူး။ သား မာမီပေးစားတဲ့မိန်းမကို လုံးဝမယူနိုင်ဘူး၊ သားချစ်သူကိုပဲ သားယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲဂျာက ဒေါ်မေရီထားကို တည့်တည့်စိုက်ကြည့်ရင်း ယတိပြတ်ပြောကာ ပွင့်နေသော ခြံတံခါးဆီ တစ်ဟုန်တိုးပြေးသွားတော့သည်။

"အစ်ကိုလေး ... အစ်ကိုလေး"

မိုးကို၊ မိုးချို၊ တင်အေး၊ တင်ထွေးတို့က ရဲဂျာနောက် ကသောကမျော ပြေးလိုက်ကြသည်။

"ရပ်လိုက်စမ်း"

ဒေါ်မေရီထား အမိန့်သံကြောင့် လေးယောက်သား ရောက်တဲ့နေရာမှာ ရပ်လိုက်ကြသည်။ ဒေါ်မေရီထား စကားကို နားမထောင်သူတစ်ဦးသာ ခြံအပြင်ဘက် ရောက်သွားလေသည်။

ဒေါ်မေရီထားသည် မြင်ကွင်းထဲမှ သားပျောက်သွားသည်နှင့် သက်ပြင်းလေးလေးပင်ပင်ချကာ ဘော်ဒီဂတ်လေးဦးကို လှမ်းခေါ်လိုက်သည်။

"ဒီကို လာကြစမ်း"





ကျောပိုးအိတ်တစ်လုံး လွယ်ထားပြီး လျှာထိုးဦးထုပ်ခပ်ငိုက်ငိုက် ဆောင်းထားသော ကောင်လေးတစ်ယောက်သည် လရိပ်ပြာတို့အိမ်ရှေ့အရောက် ခြေစုံရပ်လိုက်သည်။

ခြံထဲမှာ ပန်းပင်ရေလောင်းနေသော ဖော်ကြည်သာက ခြံရှေ့တွင်ရပ်နေသော သူငယ်ကို လှမ်းကြည့်လိုက်ပြီး အုတ်ကန်ဘေးမှာ ရေပုံးပြန်ထားကာ ခြံဝဆီ လျှောက်လာသည်။

ထိုသူငယ်ကို ဖော်ကြည်သာ ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ကာ ...

"မောင်ရင် ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"လရိပ်ပြာနဲ့ တွေ့ချင်လို့ပါ"

"မင်းက ဘယ်သူလဲ၊ ဘာကိစ္စနဲ့ လရိပ်ကို တွေ့ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရဲဂျာပါ လေးလေး"

ကောင်လေးဆီက အဖြေကြောင့် ဇော်ကြည်သာ မျက်လုံးပြူးသွားကာ အိမ်ထဲသို့ ဒရောသောပါး ပြေးဝင်သွားသည်။

"ဟော့ကောင် ... ကျော်၊ လာစမ်း ... လာစမ်း ... အိမ်ရှေ့မှာ ရဲဂျာဆိုတဲ့ကောင် ရောက်နေတယ်၊ ဘယ်လိုလုပ်ကြမလဲ"

တအံ့တသြနှင့် သူတို့ညီအစ်ကိုနှစ်ယောက် ခြံတံခါးဝနား ပြန်ရောက်လာသည်။ ခြံရှေ့မှာ ရဲဂျာက မလှုပ်မယှက်ရပ်နေဆဲ ...

"ဟော့ကောင် ... rapper ကောင်၊ မင်းက ဘာကိစ္စဒီလာရတာလဲ"

"ကျွန်တော် အိမ်ပေါ်က ဆင်းလာခဲ့တာ"

"ဟော"

"လေးလေးတို့ ကျွန်တော့်ကို လက်ခံပေးပါ၊ ကျွန်တော် လရိပ်ပြာကို တကယ်ချစ်တာပါ၊ အိမ်ပေါ်က အပြီးဆင်းခဲ့တာမို့ သွားစရာနေရာလည်း မရှိပါဘူး"





"ဟော့ကောင် ... လျှောက်ပြောမနေနဲ့၊ ဟိုတယ်တွေ မိုတယ်တွေများ ရန်ကုန်မှာပုံလို့"

"ဟုတ်ကဲ့ ... ဒါပေမဲ့ အဲဒီနေရာတွေမှာ ကျွန်တော့်ချစ်သူမရှိဘူးလေ"

"ဟော့ကောင် ... ကျော်၊ ဒီကောင်က ငါတို့တူမကို ကျွန်တော့်ချစ်သူ ဘာညာနဲ့ အသားယူလှချည်လား၊ လရိပ်အိမ်ထဲကအိမ်ပြင် မထွက်ဘဲ ဘာလို့ သူ့ချစ်သူ ဖြစ်သွားရတာလဲ"

မျက်နှာပျက်နေသော ညီဖြစ်သူကိုကြည့်ပြီး ဇော်ကြည်သာ ပေါက်သွားသည်။

"ဩော် ... ဟော် ... ကျော် ... မင်းက လရိပ်နဲ့ဒီကောင် ကြိုက်နေကြတယ်ဆိုတာ ငါ့ကို အသိပေးခဲ့တာကိုး၊ ကောင်းပြီလေ၊ ကဲ ... ရဲဂျာ၊ မင်း သတ္တိကတော့ မခေဘူးပဲ၊ မင်းစိတ်ထဲမှာ ဒီခြံထဲကို လွယ်လင့်တကူ ဝင်နိုင်မယ်များထင်နေလားဟင်၊ ပြောစမ်း ... ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ရဲဂျာ ဘာစကားမှ ပြန်မဖြေ။ ဝင်ခွင့်မပေးလည်း ဒီအတိုင်း ရပ်နေရုံပေါ့။

"အေး ... မင်းကို အခွင့်အရေးတစ်ခုတော့ ပေးလိုက်မယ်၊ မင်း ငါမေးတဲ့ မေးခွန်းသုံးခု ဖြေနိုင်ရင်တော့ ဝင်ခွင့်ပြုမယ်"

"ဟုတ်ကဲ့ ... မေးပါ၊ ကျွန်တော် ဖြေနိုင်မှာပါ"

"မဖြေနိုင်ရင် အခုချက်ချင်း လှည့်ပြန်ရမယ်၊ ဘယ့်လိုလဲ"

"ဟင့်အင်း ... မပြန်ပါဘူး၊ ဘာလို့ပြန်ရမှာလဲ၊ ဘာမေးမယ်မှန်းမှ မသိတဲ့ဟာကို"

"ဟာ ... ဒီကောင် ဘယ်လိုကောင်လဲကွ"

"ကဲ ... ဇော်၊ မေးစရာရှိတာ မြန်မြန်မေး၊ တော်ကြာလရိပ် နီးလာလို့ ဘာမှမမေးလိုက်ရဘဲ ခြံတံခါးဖွင့်ပေးလိုက်ရဦးမယ်"

"ကဲ ... မေးခွန်းတစ်စ, မေးပြီနော်၊ အိမ်ထောင်တစ်ခု ထူထောင်ဖို့ အဓိကအရေးကြီးဆုံး လိုအပ်ချက်က ဘာလဲ"





ရဲဂျာက ဇော်ကြည်သာ့ မေးခွန်းကို အတန်ငယ် စဉ်းစားပြီး ...

"ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်တို့ ရှိနေကြဖို့ပါ"

"အလို ... တယ်ဟုတ်ပါလား၊ နံပါတ်နှစ်မေးခွန်းမေးပြီနော်၊ အချစ်နဲ့အချစ်ပေါင်းရင် ဘာရလဲ"

"ကျွန်တော် ဒီမေးခွန်းကို ဘယ်လိုပုံစံနဲ့ဖြေရမလဲ၊ သင်္ချာလိုလား"

"ကြိုက်သလိုဖြေလို့ ရတယ်၊ ဒါပေမဲ့ ငါလိုချင်တဲ့အဖြေနဲ့ နီးစပ်မှုရှိရမယ်"

"အချစ်နဲ့ အချစ်ပေါင်းရင် ကမ္ဘာလောကကြီးတစ်ခု ရပါတယ်၊ ဘာကြောင့်လဲဆိုတော့ အာဒမ်နဲ့ဧဝဟာ အချစ်နှစ်ခုပေါင်းလိုက်တဲ့အတွက် အခု ကျွန်တော်တို့မွေးဖွားနေထိုင်ကြတဲ့ ကမ္ဘာလောကကြီးတစ်ခု ဖြစ်သွားရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမဆိုးပါဘူး၊ အေး ... နောက်ဆုံးမေးခွန်းကို ဖြေကြည့်ပါဦး၊ အခုနေ မင်းအိမ်ကလူတွေ လိုက်လာပြီး မင်းကို အတင်းအကျပ် ပြန်ခေါ်ပြီ ဆိုပါတော့၊ မင်း ဘာလုပ်မလဲ"

"ဒါက လွယ်လွယ်လေးပါ၊ ကျွန်တော့်ကို လေးလေးတို့ အိမ်မှာ ဖွက်ထားပေးပြီး ဒီကိုမလာပါဘူးလို့ လေးလေးတို့ လိမ်ပေးရင် ရှင်းသွားမှာပါ"

"ဘာ ... ဘာ ... ဒီကောင် ... ကြည့်စမ်း ကျော်၊ ဒီကောင် ပြောသွားတာ ကြည့်စမ်း၊ ငါတို့ကိုတောင် လိမ်ခိုင်းလိုက်သေးတယ်၊ ဟေ့ကောင် ... ဘယ်သူက မင်းကို ငါ့တူမနဲ့ သဘောတူတယ်လို့ ပြောဖူးလို့လဲ"

"သဘောမတူလဲ တူတဲ့အထိ ကြိုးစားမယ်ဗျာ၊ အခုတော့ တံခါးလေးဖွင့်ပေးပါလား၊ နေလည်း တော်တော်ပူလာပြီ၊ လေးလေးမေးတဲ့ မေးခွန်းသုံးခုလည်း ကျွန်တော် ဖြေနိုင်တာပဲဟာကို"

"ဟေ့ကောင် ... ကျော်၊ ဘယ်လိုလဲ ဖွင့်ပေးလိုက်ရမလား"





"နေဦး ... ဇော်၊ ငါ ပြောဦးမယ်၊ ဒီမှာ ဒီရဲဂျာ၊ အဲရဲဂျာ၊ မင်း ခြံထဲဝင်ပြီးမှ နောင်တ,ရနေမှာစိုးလို့ အခုကတည်းက အသိပေးထားမယ်၊ ငါ့တူမက မနက်ဆို ဆယ်နာရီမှထ,တယ်၊ ထမင်းဟင်းချက်ဖို့ သေအောင်ပြောရတယ်၊ အင်္ကျီလျှော်ရင်လည်း ဆပ်ပြာမစင်ဘူး၊ အစားလည်း အရမ်းကြီးတယ်၊ အင်း ... ဘာရှိသေးလဲ"

"ဘာဖြစ်လဲဗျာ၊ အိမ်ဖော်ငှားထားမှာပေါ့၊ အစားစားတာကတော့ အပြစ်မှ မဟုတ်ဘဲ"

"ဖွင့်ပေးလိုက်ပါတော့ ကျော်ရာ"

နေကပူလာပြီး ရဲဂျာ၏ ဖွေးနေသော အသားတွေက အနည်းငယ်ရဲနေကာ တစ်ကိုယ်လုံး ချွေးတစိုစိုနှင့်မို့ ဇော်ကြည်သာ သနားစိတ်လေး ဝင်သွားသည်။

နောက်ဆုံးတော့ ရဲဂျာသည် ချစ်သူလေး၏ အိမ်ဂေဟာအတွင်း ရောက်ရှိသွားတော့သည်။ အိပ်ရာမှ ထ,လာသော လရိပ်က လေးလေးတို့နှင့်အတူ ထိုင်နေသော ရဲဂျာကိုတွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်,မက်နေသည် ထင်မိပြီး မျက်လုံးကို ပွတ်သပ်၏။ လက်ဖမိုးကို ဆိတ်ကြည့်၏။ ဒါ တကယ့်အစစ်မှန်း သေချာသွားတော့ အပျော်လွန်ပြီး နေရာမှ မရွေ့မိ။ အပျော်မျက်ဝန်း အပြုံးမျက်နှာနှင့် "ကို့"ကို အကြာကြီး ရပ်ကြည့်နေမိသည်။





## ၂၇

"ရော့"

ဗုန်းခနဲမြည်သံနှင့်အတူ အဝတ်စားအိတ်တစ်လုံး လရိပ်ရှေ့ ကျလာသည်။

"မင်းတို့နှစ်ယောက် ဒိုးတော့၊ ဒါ ငါတို့ညီအစ်ကို နှစ်ယောက် မင်းတို့အတွက် အကောင်းဆုံး စဉ်းစားထားတာပဲ"

ပျက်ယွင်းနေသော မျက်နှာနှစ်ခုကို လရိပ် ငေးကြည့်မိသည်။ သူမရော ကို,ပါ လေးလေးတို့ရဲ့ ဆုံးဖြတ်ချက်ကို ရင်တုန်စွာနဲ့ စောင့်နေခဲ့သည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"မင်းချစ်သူ ဒီအိမ်ပေါ် ဆင်းလာတာကို လက်ခံထားဖို့ မသင့်တော်ဘူးလေ၊ မင်းတို့နှစ်ယောက်ကို ခွဲလည်းမခွဲချင်ဘူး၊ ဒီတော့ မင်းတို့နှစ်ယောက် အဆင်ပြေတဲ့ တစ်နေရာရာမှာ ခဏရှောင်နေလိုက်ကြရင် ကောင်းမယ်"

"လေးလေးဇော် ... လေးလေးကျော် ... လရိပ်ကို ခွင့်လွှတ်ပါ"

"မင်း ဒီလိုပုံစံနဲ့ ယောကျ်ားယူမှာ ငါ တကယ် စိတ်မကောင်းဘူး လရိပ်၊ ငါတို့က မင်းကို တန်ဖိုးထားခဲ့ကြတာ"

"ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ် လေးလေးဇော်၊ ကျွန်တော်လည်း မတတ်သာလို့ပါ"

"အမြန်သွားကြတော့၊ အိတ်အဖုံးမှာ လရိပ် မှတ်ပုံတင် ထည့်ပေးထားတယ်၊ ပြီးတော့ လိုလိုမယ်မယ် သုံးဖို့ပိုက်ဆံလည်း ထည့်ပေးထားတယ်၊ သွားတော့ လရိပ်၊ မင်း ဒီမှာ ဆက်ထိုင်နေရင်၊ ငါတို့ ရဲဂျာမျက်နှာကို လက်သီးနဲ့ထိုးပြီး မင်းမပါဘဲ ပြန်လွှတ်လိုက်ရလိမ့်မယ်"





လေးလေးဇော်၏ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးကိုကြည့်ပြီး ရဲဂျာ ထိုင်ရမလို၊ ထရမလို ဖြစ်လာသည်။ သူထိုးနက်ကန်ကျောက်မှာက ပြဿနာမရှိ။ လရိပ် စိတ်ပြောင်းသွားမှာ စိုးရိမ်ရသည်။

"သွားမယ် လရိပ်၊ သွားကြရအောင်၊ လေးလေးတို့ပြောတာမှန်တယ်၊ ထ,တော့"

လရိပ် မျက်ရည်တွေကျလျက် ရဲဂျာ နောက်သို့ လေးလေးတို့ကို လှည့်ကြည့် လှည့်ကြည့်နှင့် လိုက်သွားသည်။

ခြံအပြင်ဘက်ရောက်ပြီးမှ လရိပ် ရဲဂျာ လက်ထဲက ရုန်းထွက်ရင်း အိမ်ထဲသို့ ဝင်ပြေးသွားသည်။ ပြိုတော့မယ့်မိုးလို အုံ့မှိုင်းသော မျက်နှာများဖြင့် ဆက်တီခုံပေါ်တွင် ငုတ်တုတ်ထိုင်နေကြသော ဦးလေးနှစ်ယောက်ရှေ့ ဒူးထောက်ထိုင်ချကာ လက်စုံမိုး၍ ရှိခိုးတော့သည်။

"လရိပ် ... ပြောမှားဆိုမှား ရှိခဲ့တာတွေအတွက် ခွင့်လွှတ်ပါ၊ လေးလေးတို့ကို လရိပ် ဘယ်တော့မှ ခွဲမသွားပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လရိပ် လေးလေးတို့နဲ့ပဲ ထာဝရနေမှာပါ၊ လရိပ် ... လရိပ် ... ပြန်လာမှာပါ”

ရဲဂျာကလည်း လရိပ်ဘေးနား ထိုင်ချလိုက်ကာ ...

“ကျွန်တော် လရိပ်ကို တကယ်ချစ်တာပါ၊ ကျွန်တော့်ကြောင့် လရိပ် ဘယ်တော့မှ စိတ်မညစ်စေရပါဘူး၊ မတတ်သာတဲ့ အခြေအနေမို့ ကျွန်တော်တို့ ခဏထွက်သွားရပေမယ့် လရိပ်ဆန္ဒအတိုင်း ကျွန်တော်တို့ လေးလေးတို့နဲ့ အတူနေကြမှာပါ”

ကျော်ကြည်သာနဲ့ ဖော်ကြည်သာတို့၏ မျက်ဝန်းမှာ မျက်ရည်တွေ၊ နှုတ်ခမ်းမှာတော့ ကျေနပ်မှုအပြုံးတွေ ဝေနေသည်။ တူမချောတို့ စုံတွဲကို ဆုတွေတစ်လှေကြီး ပေးနေကြသည်။ ချစ်ရသော တူမလေး လရိပ်ပြာတို့စုံတွဲ ပြန်အလာကို လက်ချိုးရေပြီး စောင့်မျှော်နေကြမည်သာ။

**အသင်**

၂၀-၁-၂၀၁၂

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com